


# ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ

## မြန်မာနိုင်ငံအတွက် လက်စွဲစာအုပ်

ims
INTERNATIONAL MEDIA SUPPORT

Published by International Media Support in September 2014

# ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ

မြန်မာနိုင်ငံအတွက် လက်စွဲစာအုပ်

**International Media Support (IMS)**

Norregade 18, 2nd Fl.

1165 Copenhagen K

Denmark

Email: ims@i-m-s.dk

**Myanmar Peace Centre**

No. 11 Shwe Li St.

Kamayut Township

Yangon, Myanmar

Email: info@myanmarpeace.org

**Mizzima Media Co. Ltd.**

Pearl Condominium, Block C, Rm. 407

Kabar Aye Pagoda Rd.

Yangon, Myanmar

Email: mizzima@mizzima.com




"Who is the judge? Sometimes journalists may feel they need to publish news that is legitimate in the interests of conflict sensitive journalism but is not, in the government's viewpoint, 'conducive to the creation of an atmosphere confidential to national harmony, amity and peace.' Journalists sometimes need to tell stories that are 'uncomfortable' or the government interprets not to be 'in the best interest of the public.' However, the general message that journalists need to act responsibly and use their power wisely is good for conflict sensitive journalism."

*Peter Mwaura*
*Former Director, School of Journalism, University of Nairobi*

## မာတိကာ


အမှာစာ.................................................................................................... ၆

နိဒါန်း........................................................................................................ ၈

အပိုင်း ၁-ပဋိပက္ခကို

နားလည်သဘောပေါက်ခြင်း.............................................................. ၁၄

ပဋိပက္ခအမျိုးအစားများ..........................................................၁၅

အကြမ်းဖက်မှုကို

နားလည်သဘောပေါက်ခြင်း.............................................................. ၁၇

အပိုင်း (၂)

စာနယ်ဇင်းပညာနှင့်ပဋိပက္ခ.................................................................. ၂၃

မီဒီယာများ၏စွမ်းအား.......................................................... ၂၃

စာနယ်ဇင်းသမားများ၏ ပဋိပက္ခအပေါ်တွင်

ဩဇာသက်ရောက်မှုကို နားလည်ခြင်း...................................... ၂၈

ပဋိပက္ခများကို မည်ကဲ့သို့ဖြေရှင်းမည်နည်း................................ ၂၉

စာနယ်ဇင်းသမားများပဋိပက္ခကိုသရုပ်ခွဲလေ့လာခြင်း.................... ၃၃

အပိုင်း (၃)

ကမ္ဘာတစ်ဝှမ်းကောင်းမွန်သော စာနယ်ဇင်းပညာ........................................ ၃၅

အောက်ပါတို့သည် ကောင်းမွန်သော စာနယ်ဇင်းပညာ မဟုတ်ပါ.... ၃၅

ကောင်းမွန်သော စာနယ်ဇင်းပညာတွင် အောက်ပါတို့ပါဝင်သည်.... ၃၆

အပိုင်း (၄)

ထိရှလွယ်ပဋိပက္ခဆိုင်ရာစာနယ်ဇင်းပညာ................................................ ၄၁

ဗလာအချက်အလက်မျှသာမဟုတ်.......................................... ၄၁

ထိရှလွယ်ပဋိပက္ခဆိုင်ရာစာနယ်ဇင်းပညာအတွက်

ပါရမည့်အရာများ..............................................................................၄၃

သမာရိုးကျသတင်းတင်ဆက်မှုနှင့် ထိရှလွယ်

ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာကွာခြားမှု................................ ၄၇

အပိုင်း(၅)

သတင်းခန်းယဉ်ကျေးမှုဓလေ့များ.......................................................... ၅၇

အသက်မွေးဝမ်းကျောင်းအဆင့်လိုက်နာကျင့်သုံးမှုနှင့်
မျိုးချစ်စိတ်.......................................................................... ၅၇

အခြားတစ်ဖက်သို့ရောက်ရှိခြင်း................................................. ၅၉

အစွဲအလမ်းကင်းစေရန် တိုက်ဆိုင်စစ်ဆေးရန်
လိုအပ်ချက်များ..................................................................... ၆၅

သတင်းခန်းအတွင်းမတူကွဲပြားခြားနားမှု..................................... ၆၆

အပိုင်း (၆)

ထိရှလွယ်ပဋိပက္ခဆိုင်ရာစာနယ်ဇင်းအတတ်ပညာ...................... ၆၈

နောက်ဆက်တွဲများ ........................................................................... ၇၃

နောက်ဆက်တွဲ(၁)
ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာသင်တန်းများအပြီး
သင်တန်းသားများရေးသားထုတ်လုပ်သော
သတင်းဆောင်းပါးများ.......................................................... ၇၃

နောက်ဆက်တွဲ (၂)
ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာသင်တန်းအတွက်
အကြံပြုအစီအစဉ်များ.......................................................... ၈၀

နောက်ဆက်တွဲ(၃)
အခြေခံစာနယ်ဇင်းအတတ်ပညာ............................................... ၈၄

နောက်ဆက်တွဲ (၄)
စာနယ်ဇင်းကျင့်ဝတ်
စည်းမျဉ်းများကြေငြာချက်.................................................... ၈၈

## အမှာစာ

၂၀၁၂ ခုနှစ် အစပိုင်းတွင် သမ္မတဦးသိန်းစိန် ခေါင်းဆောင်သော အစိုးရသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အသစ်တစ်ရပ်ကိုစတင်ခဲ့ပြီး ဒီမိုကရေစီစနစ်သို့ ဦးတည်သော လုပ်ငန်းစဉ်တစ်ရပ်အနေနှင့် အဓိကလက်နက်ကိုင် အတိုက် အခံအဖွဲ့များအားလုံးနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးရေးများ၏ ရလဒ်အရ လက်နက်ကိုင်အဖွဲ့ အချို့နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူညီမှုများ ရရှိ လက်မှတ်ရေးထိုးနိုင်ခဲ့ ပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အတူ အစိုးရသည် လွတ်လပ်သောမီဒီယာကို တည်ထောင်ရန် လိုအပ်သော တရားရေးဆိုင်ရာနှင့် မူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲရေးများမှတဆင့် ရည်ရွယ် လျှောက်လှမ်းခဲ့သည်။ လွတ်လပ်သောမီဒီယာများအတွက် နေရာလွတ်များ ဖွင့်လှစ်ဖန်တီးပေးခြင်းသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ပိုမိုအားကောင်းရှင်သန်စေသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ နိုင်ငံရေးလုပ်ငန်းစဉ်များကို ပြည်သူတို့အား အသိပေးနားလည်စေရန် မီဒီယာတည်ထောင်ခြင်းနှင့် ထိရှလွယ်သောပဋိပက္ခ ဖြစ်စဉ်များကို ရေးသားတင်ဆက်နိုင်ရန် မီဒီယာစွမ်းရည် မြှင့်တင်ခြင်းတို့သည် အရေးကြီးလာခဲ့ပါသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်သော မီဒီယာ၏ အနေအထားမှာ နုနယ်လှပါသည်။ ၂၀၁၂ ခုနှစ် ဩဂုတ်လ ထိတိုင်အောင် ထုတ်ဝေမှုအားလုံးသည် ဆင်ဆာဖြတ် တောက်ခံနေရသေးသလို စာနယ်ဇင်းသမားများသည် အစိုးရက သတ်မှတ်ပေးသော မူဘောင်များအတွင်းမှသာ လုပ်ကိုင်ဆောင်ရွက်ခဲ့ရပါသည်။ ထို့ကြောင့်ပင် မြန်မာ့စာနယ်ဇင်းသမားများမှာ လွတ်လပ်သော မီဒီယာ ပတ်ဝန်းကျင် အဝန်းအဝိုင်းအတွင်း အလုပ်လုပ်သည့် အတွေ့အကြုံမရှိခဲ့သည်မှာ အံ့ဩစရာ မဟုတ်လှပါ။ လွတ်လပ်သော မီဒီယာမရှိခြင်းကြောင့် ၎င်းအခြေအနေ အားကောင်းရှင်သန်စေရန် လိုအပ်သောအရည်အချင်းများနှင့် အသိပညာပြည့်ဝသော စာနယ်ဇင်းသမား အနည်းငယ်သာ ရှိပါသည်။

International Media Support (IMS) သည် မြန်မာနိုင်ငံတွင် မီဒီယာတိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်သည်။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် ပြည့်စုံလုံလောက်သည့် မီဒီယာဖွံ့ဖြိုး တိုးတက်ရေး အစီအစဉ်တစ်ခုကို စတင်အကောင်အထည် ဖော်ခဲ့သည်။ ၎င်းအစီအစဉ်တွင် မီဒီယာနှင့် စာနယ်ဇင်းသမား

များ စွမ်းရည်မြှင့်အစီအစဉ်နှင့် မူဝါဒပြုပြင်ရေး အပါအဝင်ဖြစ်သော ကျယ်ပြန့်သည့် လုပ်ငန်းများပါဝင်ပါသည်။

၎င်းလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် IMS သည် မြန်မာငြိမ်းချမ်းရေးဗဟိုနှင့် လက်တွဲကာ ၂၀၁၂ ခု၊ နိုဝင်ဘာလနှင့် ၂၀၁၃ ခုနှစ် ဇွန်လ အကြား Conflict Sensitive Journalism ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်း ပညာအလုပ်ရုံသင်တန်း ဆွေးနွေးပွဲ အကြိမ်၂၀ကို ရန်ကုန်မြို့နှင့် နိုင်ငံတဝှမ်း တိုင်းရင်းသားဒေသများ အပါအဝင် မီဒီယာ အားဖြင့် အဓိကကျသောနေရာများတွင် အကောင်အထည်ဖော်ခဲ့သည်။ ၎င်းသင်တန်းများ သည် ထိရှလွယ် ပဋိပက္ခဆိုင်ရာ သတင်းရေးသားတင်ဆက်ခြင်း သဘောတရားများကို တက်ရောက်သူ ၄၀၀ ကျော်အား ၃ ရက်ကြာ သင်တန်းများအတွင်း မိတ်ဆက်ပေးနိုင်ခဲ့ပါ သည်။ မဇ္ဈိမမီဒီယာက ၎င်းသင်တန်းများအတွက် ထောက်ပံ့ပို့ဆောင်ရေး ဆိုင်ရာများ စီစဉ်ဆောင်ရွက်ခဲ့ပြီး IMS က သင်တန်းဆရာများနှင့် လိုအပ်သောအရင်းအမြစ်များကို စီစဉ်ပံ့ပိုးပေး ပါသည်။

ယခု လက်စွဲစာအုပ်သည် စာနယ်ဇင်းသမားများအတွက် နေ့စဉ်လက်တွေ့အသုံးချ လမ်းညွှန်ကဲ့သို့ဖြစ်ရန် ရည်ရွယ် စီစဉ်ထားသည်။ ဤလက်စွဲစာအုပ်သည် IMS မှ အခြား နိုင်ငံများအတွက် ထုတ်ဝေထားသော လက်စွဲ စာအုပ်များနှင့် အလားတူဖြစ်ပြီး မတူညီ သောနိုင်ငံများမှ အတွေ့အကြုံများကို စဉ်ဆက်မပြတ် ပေါင်းစပ်ထည့်သွင်းနေမည့် စာစဉ် တစ်ခုလည်း ဖြစ်ပါသည်။ ပါဝင်သော အကြောင်းအရာများသည် စာရေးသူ Ross Howard ရေးသားပြီး IMS က ၂၀၀၃ ခုနှစ်တွင် ထုတ်ဝေခဲ့သော ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ (CSJ) ကို အခြေခံထားသည်။ ဤမြန်မာနိုင်ငံအတွက် လက်စွဲတွင် မူရင်းလက်စွဲစာအုပ်၏ ဖွဲ့စည်းထားသိုမှုများကို အသုံးပြုထားပြီး လိုအပ် သင့်တော်သလို ဒေသဆိုင်ရာ နမူနာများအသုံးချခြင်းဖြင့် ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာကို ဆွေးနွေးရန်ဖြစ်သည်။

## နိဒါန်း

မြန်မာနိုင်ငံသည် လူမျိုးယဉ်ကျေးမှုပေါင်းစုံရှိသော နိုင်ငံတစ်ခုဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်တွင် ခန့်မှန်းခြေ လူဦးရေမှာ သန်း (၆၀)ခန့် ရှိပြီး တိုင်းရင်းသား ၁၃၅မျိုးရှိပါသည်။[1] ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ကာ ဆိုရှယ်လစ် အုပ်ချုပ်ရေးနှင့် စစ်အုပ်ချုပ်ရေး အပါအဝင် အုပ်ချုပ်ပုံ ပုံစံအမျိုးမျိုးတို့ကို ဖြတ်သန်းခဲ့ရပြီး ပြည်တွင်းပဋိပက္ခများ ကြုံတွေ့ခဲ့ရပါသည်။[2] ၂၀၁၀ ခုနှစ်တွင် ပါလီမန်ရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး အဓိကအတိုက်အခံပါတီ National League For Democracy (NLD) ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိခဲ့ပါ။[3] ၂၀၁၂ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အတိုက်အခံပါတီများ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး NLD က ၄၄ နေရာအတွက် ယှဉ်ပြိုင်ခဲ့ရာတွင် ၄၃ နေရာအနိုင်ရရှိခဲ့ပါသည်။[4]

ရွေးကောက်ပွဲအပြီးတွင် နိုင်ငံ၏အဓိကပြဿနာဖြစ်သော ဒီမိုကရေစီလိုလားသူများနှင့် စစ်အုပ်ချုပ်သူများကြားရှိ ပဋိပက္ခသည် ဖြေရှင်းရန်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာသည်။ သို့သော် မြန်မာနိုင်ငံတစ်ဝှမ်းသမိုင်း တစ်လျှောက် မဖြေရှင်းနိုင်သေးသော ပြည်တွင်းပဋိပက္ခများ ကျန်ရှိနေပါသေးသည်။ ယင်းပဋိပက္ခများသည် အရင်းအမြစ်ခွဲဝေခြင်းဆိုင်ရာနှင့် အုပ်ချုပ်ရေးတွင် ပိုမိုပါဝင်ခွင့်ကို တောင်းဆိုခြင်းတို့ကြောင့် ပြည်နယ်များတွင် ဖြစ်ပွားနေခြင်းဖြစ်သည်။

ပြည်တွင်းပဋိပက္ခများသည် မတူညီသော လူမျိုးစုအုပ်စုများအကြားနှင့် လူမျိုးစုအုပ်စုများနှင့် ဗဟိုအစိုးရအကြား သီးခြားဖြစ်တည်မှုဆိုင်ရာ ရှန်းကန်လှုပ်ရှားမှုများနှင့် ဆက်စပ်နေပါသည်။ ပဋိပက္ခအများစုသည် သမိုင်းရေးရာ၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ တည်ဆောက်ဖွဲ့စည်းပုံဆိုင်ရာ၊ လူမှုရေးနှင့် နိုင်ငံရေးတို့၏ နာကျည်းနစ်နာမှုများတွင် နက်နက်နဲနဲအမြစ်

---

[1] ၁၉၈၃သန်းခေါင်စာရင်း၊ ယခုလက်စွဲထုတ်ဝေချိန်တွင်
နောက်ဆုံးသန်းခေါင်စာရင်း(၂၀၁၄)ရလာဒ်များ မထွက်ပေါ်သေးပါ။

[2] မြန်မာနိုင်ငံ(Burma)သည်၁၉၄၈ ခုနှစ်တွင်ဗြိတိန်ထံမှလွတ်လပ်ရေးရခဲ့သည်။
ယခုလက်စွဲတွင်တရားဝင် နိုင်ငံအမည်ကို Myanmar ဟုသာ သုံးစွဲမည်။

[3] ပြည်သူ့လွှတ်တော်(အောက်လွှတ်တော်)နှင့်အမျိုးသားလွှတ်တော်(အထက်လွှတ်တော်)နှစ်ရပ်က ဒုတိယသမ္မတသုံးဦးကို ရွေးချယ်ပေးသည်။ ၎င်းတို့ သုံးဦး အနက်မှ သမ္မတတစ်ဦးကို လွှတ်တော်အမတ်များက ရွေးချယ်ပေးသည်။

[4] ၎င်းကြားဖြတ်ရွေးကောက်ပွဲတွင် စုစုပေါင်း ၄၆ နေရာအတွက် ယှဉ်ပြိုင်သည်။

တွယ်လျက်ရှိသည်။ မြန်မာနိုင်ငံရှိ ပဋိပက္ခတွင်း ပါဝင်နေသောအုပ်စုများသည် စုစည်းထားသည့် တိုက်ခိုက်ရေးအင်အားစုများကို ထိန်းချုပ်ထားပြီး အတိတ်ကာလတွင် အစိုးရတပ်များနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ၏ ပဋိပက္ခများသည် လွတ်လပ်ရေးရရှိချိန်ကပင် စတင်ခဲ့သည်။ အရှည်ကြာဆုံးဖြစ်သော ကရင်လူမျိုးများနှင့် ဗဟိုအစိုးရတို့ကြား ပဋိပက္ခသည် ၁၉၄၉ ခုနှစ်ကတည်းက စတင်ခဲ့ပါသည်။ အခြားလူမျိုးစုများနှင့် အစိုးရတို့ကြား ဖြစ်ပွားနေသော ပဋိပက္ခများသည် ထိုကာလနောက်ပိုင်းတွင် စတင်ခဲ့ပြီး ၁၉၆၂ ခုနှစ် နောက်ပိုင်း တစ်ပါတီစနစ်ကို တည်ထောင်ပြီးနောက်ပိုင်း ပိုမိုနက်ရှိုင်းလာခဲ့ပါသည်။ ထိုအချိန်မှ စတင်ကာပင် တစ်ခါက အားကောင်းခဲ့သောမီဒီယာသည် တဖြေးဖြေးထိန်းချုပ်ခြင်းကို ခံခဲ့ရပြီး ဆင်ဆာဖြတ်တောက်ခြင်းသည် ပုံမှန်စံအဖြစ် သို့ရောက်ရှိလာပါသည်။ ယင်းကဲ့သို့ သတင်းမီဒီယာများကို ကန့်သတ်ချက်များကြောင့် အပြန်အလှန် ငြင်းခုန်ဆွေးနွေးမှုများ ဆိတ်သုဉ်းခဲ့ကာ ပဋိပက္ခများ ပိုမိုနက်ရှိုင်းလာခဲ့ပါသည်။

၁၉၈၀ပြည့်နှစ် နှောင်းပိုင်းနှင့် ၁၉၉၀ပြည့်နှစ် အစပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးဖြစ်စဉ်များကြောင့် စစ်အစိုးရနှင့် ပြည်သူလူထုကြား အကွဲအပြဲမှာ ပိုမိုနက်ရှိုင်းလာပါသည်။ အစိုးရသည် ထုတ်ဝေမှုများကို တင်းကျပ်စွာ ထိန်းချုပ်ထား ပါသည်၊ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေး အထွတ်အထိပ်ရောက်နေချိန်တွင် အင်တာနက်ကို အလုံးစုံပိတ်ဆို့ခဲ့ပါသည်၊ သို့သော် ၂၀၁၀ပြည့်နှစ်နောက်ပိုင်း နိုင်ငံရေးနှင့်မီဒီယာကဏ္ဍတို့ကို ၂၀၁၂ ခုနှစ်တွင် ဆင်ဆာကို အပြီးတိုင်ဖျက်သိမ်းခဲ့ပြီး ဖြေလျှော့ခြင်းများအပါအဝင် ပြုပြင်ပြောင်းလဲရေးများလည်း စတင်လာခဲ့ပါသည်။

ယခုလက်စွဲစာစောင်ကို ပြုစုနေချိန်တွင် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲ အများအပြားဖြစ်ပေါ်လာခဲ့ပါသည်။ ယင်းဆွေးနွေးပွဲများသည် လက်နက်ကိုင်တိုက်ပွဲများကို ရပ်တံ့အောင်နှင့် တိုက်ရိုက်သက်ရောက်ခြင်းခံခဲ့ရသူများ ဖြစ်သည့် လက်နက်ကိုင် တိုက်ခိုက်ရသူများ၊ စစ်ပြေးဒုက္ခသည်များ ကိစ္စများပေါ်တွင် အဓိကစူးစိုက်ခဲ့ပြီး အထူးသဖြင့် မီဒီယာများတွင်ပင် ပဋိပက္ခများဖြစ်ရခြင်း အကြောင်းရင်းများကို ဆွေးနွေးခြင်းအနည်းငယ်သာရှိခဲ့သည်။ ဤနေရာတွင် မီဒီယာသည် ပဋိပက္ခများအကြောင်းကို ရှင်းလင်းခြင်းနှင့်နိုင်ငံအတွင်း အမျိုးမျိုးသောပဋိပက္ခများဖြစ်ရခြင်း အဓိကအကြောင်းရင်းများကို အပြန်အလှန်

ငြင်းခုန်ဆွေးနွေးမှုများဖြစ်ပေါ်အောင် ကူညီဆောင်ရွက်ခြင်းတို့တွင် အခန်း ကဏ္ဍတစ်ခု အနေနှင့် ပါဝင်နိုင်ပါသည်။ ယခုရေးသားနေချိန်တွင် အစိုးရသည် the Kachin Independence Orgaziantion (KIO) နှင့် Ta'ang (Palaung) National Liberation Army (TNLA) နှစ်ဖွဲ့မှလွဲ၍ အပစ်အခတ် ရပ်စဲရေး စာချုပ်များ ချုပ်ဆိုနိုင်ခဲ့ပြီး ယင်းအဖွဲ့နှစ်ဖွဲ့နှင့်မူ တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေခဲ့သည်။[5]

သို့သော် မြန်မာနိုင်ငံတွင် ယခုအခါနိုင်ငံရေးအတွေးခေါ်များနှင့် ဖယ်ထုတ်ခြင်းခံထား ရသော နိုင်ငံရေးများနှင့် ဆက်စပ်နေသော ပဋိပက္ခအသစ်များ ပေါ်ထွက်လာပါသည်။ ၎င်းတို့အနက်မှ အများစုသည် ပြည်သူအများက အမြင် ဆန္ဒများကို ဖော်ထုတ်ပြသနိုင် သည့် အခြေအနေများကိုဖန်တီးပေးခဲ့သော ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးများကြောင့် စတင်ပေါ်ထွက်လာခြင်း ဖြစ်ပါသည်၊

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုစတင်အပြီး ပေါ်ထွက်လာသော ပဋိပက္ခအသစ်များအပါအဝင် မြန်မာနိုင်ငံရှိ ပဋိပက္ခအများစုသည် အကြမ်းဖက်ပဋိပက္ခများဖြစ်ကြသည်။ ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုများသည် အစိုးရက ဘင်ဂါလီဟု သတ်မှတ် ထားသော ရခိုင်ပြည်နယ်တွင် အများအပြားရှိနေသည့် ရိုဟင်ဂျာမူဆလင်များကို စိုးရိမ် စေခဲ့သည်။[6] ဗုဒ္ဓဘာသာ ရခိုင်များသော ရခိုင်ပြည်နယ်မှ စတင်ခဲ့သော အကြမ်းဖက်မှု သည် နိုင်ငံတဝှမ်းသို့ ပြန့်နှံ့သွားကာ ပိုမိုကျယ်ပြန့်သော မူဆလင်အသိုင်းအဝိုင်း ပါဝင် လာခဲ့ပြီး နှစ်ဖက်လူ့အဖွဲ့အစည်းကြား သေဆုံးမှုများ၊ နေအိမ်စွန့်ခွာထွက်ပြေးရမှုများ၊ ခွဲခြားဆက်ဆံခံရမှုများ ကျယ်ပြန့်စွာဖြစ်ပေါ်ခဲ့ပါသည်။ United Nations Office for the Coordination of Humanitarian Affairs (UNOCHA) က ထုတ်ပြန်ခဲ့သောစာရင်းအရ

[5] မြန်မာနိုင်ငံရှိ ပဋိပက္ခများ၏အသေးစိတ်များကို http://bnionline.net/images/2013/pdf/Deciphering-Myanmar's-Peace-Process-For-Web.pdf.တွင်သိရှိနိုင်သည်။

[6] ရိုဟင်ဂျာသည်မြန်မာနိုင်ငံရှိတရားဝင်လူမျိုး ၁၃၅ မျိုးတွင်မပါဝင်ပါ။

၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ရခိုင်ပြည်နယ်တစ်ခုတည်းတွင် နေအိမ်စွန့်ခွာထွက်ပြေးရ သူများမှာ ၁၁၀,၀၀၀ ခန့်ရှိပါသည်။[7]

ဂရိသမိုင်းပညာရှင် Thucydides က လူသား၏ လှုပ်ရှားဆောင်ရွက်စေ့ဆော်ချက်ကို ထိန်းချုပ်ကန့်သတ်သော အရေးကြီးအချက် သုံးချက်မှာ အကြောက်တရား၊ ဂုဏ်သိက္ခာ နှင့် ကိုယ်ကျိုးမျှော်ခြင်းတို့ ဖြစ်သည်ဟုဆိုပါသည်၊ [8] ၎င်းသည် မြန်မာနိုင်ငံအတွက် ထူးခြားစွာပင် အသုံးတည့်လှသော ပုံသေနည်းတစ်ခုမဟုတ်သော်လည်း ခေတ် အဆက် ဆက် လူနှင့်လူအဖွဲ့အစည်း၏ လုပ်ဆောင်ချက်များကို အကဲဖြတ်နားလည်စေရာတွင် အသုံးတည့်လှသော ယေဘုယျတိုင်းတာရေးကိရိယာတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ကွဲပြားနေသော ပဋိပက္ခများတွင် ၎င်းအချက် သုံးချက်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ အလှမယ်ပြိုင်ပွဲအနိုင်ရရှိသော သူတစ်ဦးအား လူမျိုးရေးအခြေခံနှင့် ပြီးခဲ့သော စစ်အစိုးရ ဝင်မိသားစုများနှင့် ပတ်သက်ခဲ့သည်ဟူသော အခြေအမြစ်မရှိ စွပ်စွဲချက်များဖြင့် တိုက် ခိုက်ခဲ့ခြင်း [9] ၊ ထိရောက်ကျေနပ်ဖွယ်မရှိသော ရန်ကုန်မြို့ခရီးသည်တင်ကားစနစ်ကို ပြောင်းလဲရန် စူးစိုက်အားထုတ်မှုမရှိခဲ့ခြင်း တို့အား ၎င်းအချက်သုံးချက်နှင့် ဆက်စပ် စဉ်းစားနိုင်ပါသည်။ မြန်မာနိုင်ငံရှိ မီဒီယာများမှာ ဤလူမှုဖြစ်စဉ်၏ ထုတ်ကုန် တစ်ခု ဖြစ်ပါသည်။ ဤသမိုင်းဖြစ်စဉ်များကြောင့်ပင် နိုင်ငံ၏ ရှုပ်ထွေးလှသော ပဋိပက္ခများကို ပြည့်စုံစွာ၊ တိကျစွာ၊ ဘက်မလိုက်ဘဲ ထုတ်ဖော်ရေးသားဖွင့်ချရန် အားနည်းချက်များ ရှိနေခဲ့ပါသည်။

ထို့အပြင် မြန်မာစာနယ်ဇင်းသမားများသည် စာနယ်ဇင်းပညာနှင့် ပဋိပက္ခအကြောင်း ရေးသားတင်ဆက်မှုတို့တွင် အတွေ့အကြုံနှင့် သင်တန်းတက်ရောက်ခဲ့ခြင်း အနည်းငယ် (သို့)လုံးဝ မရှိခြင်းတို့ ဖြစ်ခဲ့ပါသည်။ အတိတ်ကာလက မီဒီယာအသိုင်းအဝိုင်းသည် စာနယ်ဇင်းသမားများအား လူမျိုးစုရေး၊ ဘာသာရေး၊ လူမျိုးရေးအကြမ်းဖက်မှုများ

[7] BNI. Deciphering Myanmar’s Peace Process: A Reference Guide 2013. (http://bnionline.net/images/2013/pdf/Deciphering-Myanmar’s-Peace-Process-For-Web.pdf)

[8] Thomas G. Ryan. Identity Dilemmas: The Consequence of Identity in Protracted Conflict. *handle.dtic.mil/100.2/ADA553002*

[9] http://www.dvb.no/news/chinese-controversy-surrounds-miss-universe-myanmar-burma/33376

ပါဝင်သော ပဋိပက္ခအကြောင်း ရေးသားတင်ဆက်မှု စွမ်းရည်များကို တည်ဆောက်တိုးတက်စေရန် အခွင့်အရေးများ မပေးခဲ့ကြပါ။ လူထုအမြင်များအပေါ်လွှမ်းမိုးနိုင်ရန် အရည်အချင်းသည် မီဒီယာများအဖို့ အကန့်အသတ်ဖြင့်သာ ရှိနေသေးသည်။ IMS က ၂၀၁၂ ခုနှစ်တွင် ထုတ်ပြန်သော နိုင်ငံအတွင်း မီဒီယာအခင်းအကျင်းနှင့် ပတ်သက်သော အစီရင်ခံစာအရ မြန်မာနိုင်ငံရှိ မီဒီယာများသည် ၎င်းတို့ထုတ်ဝေခြင်းများအတွက် သတင်းဇာတ်လမ်းများရရှိရန် ဝေးလံ ခေါင်းပါးသောဒေသများသို့ စာနယ်ဇင်းသမားများကို စေလွှတ်ရန် မစွမ်းသာဘဲရှိနေကြောင်း ဆိုပါသည်။ ဝေးလံ ခေါင်းပါးသောဒေသတစ်ခုသို့ ကိုယ်တိုင်ရောက်ရှိနိုင်စေကာမူ သတင်းဇာတ်လမ်းကို ဖမ်းဆုပ်ကာ ပြည်သူလူထုထံသို့ တင်ဆက်ရေးသားနိုင်ခြင်းမရှိပါ။[10] အာဏာရှိသူတို့ စိတ်တိုင်းကျ ရေးသားရသော စာနယ်ဇင်းပညာနှင့် ဆန့်ကျင် ကွဲပြားကာ ထိရှလွယ်ပဋိပက္ခများကို ရေးသားတင်ဆက်ရသော ချည်းကပ်ပုံနှင့်နည်းစနစ်များ သည်အများပြည်သူ များကြား ငြင်းခုံဆွေးနွေးမှုများကို ရင့်သန်စေပြီး နိုင်ငံတွင်းပဋိပက္ခများကို ဖြေရှင်းနိုင်ရန် ကူညီနိုင်ပါသည်။ ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာသည် မြန်မာနိုင်ငံတွင်း ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ကြုံတွေ့ခဲ့ရသော လူမျိုးရေးဘာသာရေးပဋိပက္ခများ၏ ရိုက်ခတ်မှုများကိုလည်း လျော့ပါးစေပြီး နိုင်ငံ၏ငြိမ်းချမ်းသော ဒီမိုကရေစီသို့ အပြည့်အဝကူးပြောင်းရာတွင်လည်း အထောက်အကူပြုနိုင်ပါသည်။

အဆုံးစွန်အားဖြင့်ဆိုရသော် မြန်မာနိုင်ငံသည် လူမှုရေးလက္ခဏာ သတ်မှတ်ချက်များစွာရှိသော နိုင်ငံတစ်ခုဖြစ်ပြီး ပဋိပက္ခဖြစ်နိုင်သော ထိစပ်နယ်ပယ်များကိုပစ်ပယ်မရပါ။ လစ်လျူရှုထား၍လည်းမရပါ။ အဘယ်ကြောင့်ဆိုသော် ပဋိပက္ခများကို ဖြေရှင်းနိုင်ရန် စေ့စပ်ညှိနှိုင်း အပေးအယူများရှိရမည်ဖြစ်ပြီး ၎င်းညှိနှိုင်းမှုများသည်လည်း အများရှေ့၌ မျှတစွာ ဘက်မလိုက်ဘဲ ဆွေးနွေးငြင်းခုံခြင်းများဖြင့်သာ ရရှိနိုင်သောကြောင့်ဖြစ်ပါသည်။

နိုင်ငံအတွက် အကြမ်းဖက်ပဋိပက္ခများကို အပြုသဘောဆောင်သော ရလာဒ်များအဖြစ် ပြောင်းလဲအောင် ကူညီပေးသောအချက်အလက်ကို အခြေပြုကာ ဘက်မလိုက်သည့်

[10] International Media Support. January 2012. 'An assessment of media development challenges and opportunities: Change is in the Air'. Page 23

ငြင်းခုံ ဆွေးနွေးမှုများ၏ အခြေခံတစ်ရပ်ကို ထိရှလွယ် ပင်္ဂေပက္ခဆိုင်ရာ စာနယ်ဇင်းပညာ က ချမှတ်ပေးနိုင်မည်ဟု ကျွန်ုပ်တို့အနေဖြင့် ယုံကြည်ပါသည်။

# အပိုင်း ၁

## ပဋိပက္ခကို နားလည်သဘောပေါက်ခြင်း

အသက်မွေးအဆင့်ကျွမ်းကျင် သတင်းသမားများသည် ပဋိပက္ခဆိုသည်ကို နားလည်သဘောပေါက်ရန် လိုပါသည်။ သတိပြုမိသည်ဖြစ်စေ မပြုမိသည်ဖြစ်စေ ၎င်းတို့သည် ပဋိပက္ခနှင့် ရင်းနှီးကျွမ်းဝင်ပြီးသူများ ဖြစ်သည်။

သတင်းသမားများအတွက်မူ အပြောင်းအလဲသည် သတင်းဖြစ်သည်။ ထို့အပြင်အပြောင်းအလဲရှိသည့်အချိန်တွင် တစ်ခါတစ်ရံ သဘောမတူညီမှုများနှင့် ပဋိပက္ခများ ဖြစ်ပေါ်တတ်သည်။ အပြောင်းအလဲကို လိုလားသူများနှင့် မလိုလား သူများအကြား ပဋိပက္ခရှိနိုင်သလို ပိုမိုပြောင်းလဲလိုသူများနှင့် အပြောင်းအလဲကို ဆန့်ကျင်သူများအကြား ပဋိပက္ခလည်း ရှိနိုင်သည်။ ထို့ကြောင့်ပင် စာနယ်ဇင်းသမားများသည် ၎င်းတို့၏လုပ်ငန်းများ အတွင်း ပဋိပက္ခများနှင့် ရင်းနှီး ယှဉ်ပါးနေရသည်။

သို့သော် စာနယ်ဇင်းသမားများသည် ပဋိပက္ခများ၊ အခြေခံအကြောင်းရင်းများနှင့် ပဋိပက္ခများ မည်သို့အဆုံးသတ် သည်တို့ကို အပြည့်အဝနားမလည်နိုင်ပါ။ ထို့အပြင် ပဋိပက္ခဆိုင်ရာ သီဝရီသင်တန်းများကို အနည်းစုကသာ တက်ရောက်ဖူးနိုင်ပါသည်။ စာနယ်ဇင်းသမားအများစုသည် ပဋိပက္ခကို နေ့အလိုက် ဖြစ်ပျက်နေသည်မျှကိုသာ တင်ဆက်လေ့ရှိသည်။ နှိုင်းယှဉ်ပြရမည်ဆိုသော် ဆေးပညာသတင်းထောက်တစ်ဦးသည် လူတစ်ဦး၏ နာမကျန်းမှုမျှကိုသာ တင်ဆက်ရမည်မဟုတ်ဘဲ အဘယ်ကြောင့် နာမကျန်းဖြစ်ရသည်နှင့် မည်ကဲ့သို့ ကုစားနိုင်မည်ကိုပါ တင်ဆက်ရေးသားရပါသည်။ ပဋိပက္ခ အကြောင်းရေးသားတင်ဆက်ရာတွင်လည်း အလားတူ တင်ဆက်ရပါမည်။

ပဋိပက္ခကို ခွဲခြားစိတ်ဖြာနိုင်သည့် အရည်အချင်းရှိခြင်းသည် သတင်းသမားတစ်ဦးကို ပိုမိုထိရောက်သည့် သက်မွေး အဆင့်ရှိ စာနယ်ဇင်းသမားတစ်ဦးဖြစ်စေနိုင်ပြီး ကျယ်ပြန့်သော သတိပြုနိုင်စွမ်းရှိသူတစ်ဦးလည်း ဖြစ်စေနိုင်ပါသည်။ ပဋိပက္ခကို နားလည်သတိပြုမိခြင်းဖြင့် ရေးသားတင်ဆက်သော စာနယ်ဇင်းပညာကို ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ Conflict Sensitive Journalism ဟုခေါ်ပါသည်။

## ပဋိပက္ခအမျိုးအစားများ

Ross Howard က ပဋိပက္ခဆိုသည်မှာ လူနှစ်ဦး(သို့)နှစ်ဦးထက် ပိုသော လူများ(သို့) အစုအဖွဲ့များက ၎င်းတို့ကြား မမျှဝေနိုင်ဟု ယုံကြည်သော ရည်မှန်းချက်များ (သို့) ပန်းတိုင်များကို ရရှိအောင်မြင်ရန် ကြိုးစားသော အခြေအနေ တစ်ရပ်ဟု အဓိပ္ပာယ် ဖွင့်ဆိုသည်။ ၎င်းပဋိပက္ခများသည် လူမှုအဖွဲ့အစည်းပန်းတိုင်တွင် ဖြစ်ပေါ်ပါသည်။ လူမှုအဖွဲ့အစည်းများတွင် ဖြစ်ပေါ်သောကြောင့် လူမှုပဋိပက္ခများဖြစ်ပါသည်။ Louis Kriesberg က နှစ်ဦးနှင့် နှစ်ဦးအထက် လူများ (သို့) အစုအဖွဲ့များဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသော ရည်ရွယ်ချက်နှင့် ယုံကြည်ချက်များကို ဖော်ထုတ် ပြသသည့်အချိန်တွင် လူမှုပဋိပက္ခ ဖြစ်ပေါ်သည်ဟု ဖော်ပြပါသည်။[11]

ပဋိပက္ခအားလုံးသည် ကြမ်းတမ်းသည်ဟု မဆိုနိုင်ပါ။ အပြောင်းအလဲရှိသည့်အချိန်တွင် ပဋိပက္ခဖြစ်သည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ အချို့က အပြောင်းအလဲကို ပြုလုပ်လိုချိန်တွင် အခြားသူတို့က သဘောတူနိုင်မည်မဟုတ်ပါ။ သဘောမတူညီမှုများကို သင့်တော်သလို စီမံကိုင်တွယ်ပါက လုပ်ငန်းစဉ်သည် အကောင်းဖက်သို့ ဦးတည်နိုင်သည်။ သင့်တော်သလို မစီမံပါက ပဋိပက္ခသည် ကြမ်းတမ်းသည့်ဖက်သို့ ရောက်ရှိပါသည်။ ပဋိပက္ခဟု ဆိုပါက အကြမ်းဖက်မှုပါရှိသော ပဋိပက္ခကို ညွှန်းဆိုပါသည်။

မြန်မာနိုင်ငံတွင်ဖြစ်ပွားသော ပဋိပက္ခများသည် ထူးခြားလှသည် မဟုတ်ပါ။ အခြားနိုင်ငံများ အခြားနေရာများတွင် ဖြစ်ပွားသော ပဋိပက္ခများကို ဖြစ်ပေါ်စေသည့် အချို့သော သဏ္ဌာန်တူအင်အားစုသည်ပင် မြန်မာနိုင်ငံတွင်းပဋိပက္ခများ ဖြစ်ပေါ်စေသည်။ ၎င်းအင်အားစုများသည် အောက်ပါတို့နှင့် ဆက်နွယ်လျက်ရှိသည်။

- သယံဇာတများစွာပါရှိခြင်းနှင့် ညီမျှမှုမရှိသော ခွဲဝေခြင်းများ
- မတူညီသောအုပ်စုများကြား နားလည်မှုလွဲခြင်း
- လုံလောက်သော ဆက်ဆံပတ်သက်မှုနှင့် ဗဟုသုတချို့တဲ့ခြင်း
- မဖြေရှင်းနိုင်သော သမိုင်းဆိုင်ရာ နာကျည်းမှုများ

[11] Louis Kriesberg, 1998. *Constructive Conflicts: From Escalation to Resolution*, Rowman and Littlefield Publishers

- မညီမျှသော ပါဝါခွဲဝေခြင်းများ

### အဖွဲ့လိုက်လေ့ကျင့်ခန်း

မြန်မာနိုင်ငံတွင်ဖြစ်ပွားသော ပဋိပက္ခများ၏ အကြောင်းအရင်းများကို စဉ်းစားဆွေးနွေးပါ။ မည်သည့်ကြောင့် သာမန် ပဋိပက္ခမှ အကြမ်းဖက်ပဋိပက္ခသို့ ကူးပြောင်းသလဲကို စဉ်းစားပါ။

## အကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း

စာနယ်ဇင်းသမားများသည် လက်တွေ့ဖြစ်ပွားသော အကြမ်းဖက်ပဋိပက္ခအကြောင်းကို အလွယ်တကူ ဖော်ထုတ် ရေးသားနိုင်ပါသည်။ ၎င်းပဋိပက္ခများအတွင်း လူပုဂ္ဂိုလ်များ အစုအဖွဲ့များသည် တစ်ဖက်နှင့် တစ်ဖက် နာကျင်စေခြင်း၊ သတ်ဖြတ်ခြင်းများကို ကြိုးစားကြပြီး ထိခိုက်သူသားကောင်များလည်းရှိပါသည်။ ၎င်းတို့ကို အလွယ်တကူ မြင်တွေ့နိုင်သည်။ သို့သော် ပိုမိုထိခိုက်စေနိုင်သော အခြားအကြမ်းဖက်မှု အမျိုးအစားများ ရှိပါသည်။ ၎င်းအပြင် သတင်းသမားများအဖို့ ရှင်းပြတင်ဆက်ရန် ပိုမိုခက်ခဲသော အခြေအနေများရှိပါသည်။ မြန်မာ့မီဒီယာများသည် ၎င်းကဲ့သို့သော ပဋိပက္ခများကို ရေးသားတင်ဆက်ခဲ့ဖူးသော်လည်း မဖြေရှင်းဘဲထားပါက အကြမ်းဖက်မှုဆီသို့ ဦးတည်သွားနိုင်သောပဋိပက္ခများအကြောင်းကိုမူ အမြဲတမ်းတင်ဆက် ရေးသားနိုင်ခဲ့သည်မဟုတ်ပါ။ ဥပမာ မြန်မာနိုင်ငံတွင် အဆင့်မြင့် ပညာရေးကဏ္ဍ၌ အမျိုးသမီးများအတွက် တားမြစ်ချက်များရှိနေပြီး ကျယ်ကျယ်ပြန့်ပြန့် သတိမမူမိနေ သော်လည်း ဖော်ထုတ်ရေးသားခြင်းမရှိပါ။ ထို့အပြင် တက္ကသိုလ်၊ ကောလိပ်များတွင် အချို့သော ဘာသာရပ်များအတွက် ဝင်ခွင့်ရရှိရန် အမျိုးသမီးများသည် အမျိုးသားများထက် အမှတ်ပိုမိုရရှိရန် လိုအပ်နေပါသေးသည်။[12]

### *ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှု*

ယဉ်ကျေးမှုဆိုင်ရာအကြမ်းဖက်မှုသည် စာနယ်ဇင်းသမားများ တစ်ခါတစ်ရံ သတိလက်လွတ် ဖြစ်ခဲ့သော မမြင်နိုင်သည့် အကြမ်းဖက်မှု (သို့) အကြမ်းဖက်မှုကို ခေါ်ဆိုပါသည်။ ၎င်းသည် အစုအဖွဲ့တစ်ခုက အခြားအစုအဖွဲ့တစ်ခု အပေါ်တွင် နှစ်ပေါင်းများစွာ ထင်မြင်ယူဆပုံစံများ ဖြစ်နိုင်ပြီး ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်းကို တင့်တယ်စေသည့် စကားများ၊ ပုံရိပ်များနှင့် ယုံကြည်ခြင်းတို့ ပါဝင်နိုင်ပါသည်။ အောက်ပါတို့သည် ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုများတွင် ပါဝင်ပါသည်။

[12] An example of this type of discrimination had appeared in Mizzima (Burmese) in 2013. http://www.mizzimaburmese.com/2013-10-20-16-57-18/item/17428-2014-01-10-04-17-32

- အမုန်းစကားများ

မတူညီသော လူမျိုးနှင့် ကွဲပြားသော ယဉ်ကျေးမှုဆိုင်ရာ အစုအဖွဲ့များအကြား တစ်ဖက်နှင့်တစ်ဖက် မကောင်း စကားပြောကြားခြင်းဖြစ်သည်။ တစ်ဖက်အနေဖြင့် ၎င်းတို့ခံစားနေရသော ပြဿနာများ အခက်အခဲများ အတွက် အခြားတစ်ဖက်ကို အပြစ်တင်ပြောဆိုပါသည်။ တစ်ခါတစ်ရံ အပြစ်တင်ခြင်းခံရသော အစုအဖွဲ့ကို ဖယ်ရှားသုတ်သင်ရန် အကြမ်းဖက်မှုကို အသုံးချပါသည်။

- နိုင်ငံခြားသားမုန်းတီးခြင်း

လူမျိုးတစ်မျိုး (သို့) နိုင်ငံတစ်နိုင်ငံ၏ အခြားနိုင်ငံတစ်ခုအပေါ် မုန်းတီးခြင်းနှင့် ကြောက်ရွံ့ခြင်းသည် အမြင်မှားများကို ဖြစ်ပေါ်စေပြီး ၎င်းနိုင်ငံနှင့် ပဋိပက္ခဖြစ်ပွားစေသည့် မူဝါဒများကို တိုးမြှင့်ချမှတ်စေသည်။

- ဒဏ္ဍာရီပုံပြင်များ

လူ့အဖွဲ့အစည်းတစ်ခု၏ နှုတ်ပြောသမိုင်းနှင့် မှတ်ကျောက်တင်သမိုင်းများသည် တစ်ဖက်၏ သမိုင်းအခြေခံများနှင့် အောင်မြင်မှုများကိုသာ ဂုဏ်ရှိန်ထွန်းပြောင်စေပြီး အခြားတစ်ဖက်ကို မုန်းတီးမှုအား တိုးပွားစေသည်။

- ဘာသာရေး

မိမိမှတစ်ပါး အခြားသောယုံကြည်ကိုးကွယ်မှုများကို သည်းညည်းမခံခြင်းသည် ပဋိပက္ခကို ဖြစ်ပေါ်စေသည်။

- ကျား/မ လိင်ခွဲခြားဆက်ဆံခြင်း

အမျိုးသမီးများနှင့် တတိယလိင်တို့အား ခွဲခြားဆက်ဆံသည့် ဥပဒေများ ကျင့်သုံးမှုသည် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေသည်။

*ပုံစံချအကြမ်းဖက်မှု*

ပုံစံချအကြမ်းဖက်မှုဆိုသည်မှာ အစုအဖွဲ့တစ်ခု (သို့) လူမှုအဖွဲ့ အစည်းတစ်ခု၏ ဓလေ့ထုံးစံဆိုင်ရာ ပြုမူဆောင်ရွက်ချက်နှင့် ဥပဒေဘောင်အတွင်းသို့ သွတ်သွင်းထားသော နာကျင်စေမှုများကို ဆိုလိုသည်။ ၎င်းအကြမ်းဖက်မှုများမှ ဖြစ်ပေါ်သော အကျိုးဆက်များကို ခွင့်ပြုထားပြီး ဥပေက္ခာလည်းပြုထား ပါသည်။ အောက်ပါတို့ပါဝင်သည်

- စနစ်တကျစည်းမျဉ်းချပုံစံရှိ လူမျိုးရေးခွဲခြားမှုနှင့် လိင်ခွဲခြားမှု

လူမျိုးရေးနှင့် လိင်ကွဲပြားမှုအပေါ် အခြေခံသော မညီမျှသည့် ကျင့်သုံး ဆက်ဆံမှု အတွက် ခွင့်ပြုထားသော ဥပဒေများနှင့် ကျင့်သုံးပုံများ

- နယ်ချဲ့ဝါဒ

ကိုယ်တိုင်ပြဋ္ဌာန်းနိုင်ခွင့်နှင့် ချို့တဲ့သော နိုင်ငံတစ်နိုင်ငံအပေါ် နိုင်ငံရပ်ခြား အာဏာအင်အားစုက အင်အားသုံးကာ ဆုံးဖြတ်ချက်ချရာတွင် ထိန်းချုပ် ပါဝင်ခြင်း

- အစွန်းရောက် အမြတ်ထုတ်ခြင်း

နိုင်ငံအများစုတွင် ဖျက်သိမ်းပြီးဖြစ်သော်လည်း ကျွန်ပြုခြင်းသည် အဓမ္မလုပ် အား ခိုင်းစေမှုပုံစံမျိုးဖြင့် ရှိနေသေး သည်။ ဥပမာအားဖြင့် ကလေးငယ်များနှင့် အမျိုးသမီးများအပေါ် လုပ်အားခေါင်းပုံဖြတ်ခြင်းသည် အမြတ်ထုတ်ခြင်းပုံစံ တစ်မျိုးအဖြစ် ရှိနေသေးသည်။

- ဆင်းရဲမွဲတေခြင်း

ဆင်းရဲမွဲတေခြင်းသည် အကြမ်းဖက်ပဋိပက္ခ၏ အဓိကအကြောင်းအရင်းအဖြစ် ကမ္ဘာတစ်ဝှမ်းလုံးတွင် ဖြစ်ပေါ်သည်။

- အကျင့်ပျက်ခြစားခြင်းနှင့် နီးစပ်မျိုးတူဦးစားပေးဝါဒ

အစိုးရ၏ ဆုံးဖြတ်ချက်များကို လာဘ်ယူခြင်း နီးစပ်သူမိသားစု၊ လူမျိုးတူဦးစား ပေးခြင်းတို့သည် လွှမ်းမိုးထား သည်။

- ခွဲခြားဆက်ဆံခြင်း

လူများအား မတူညီသောအုပ်စုများအဖြစ်ငင်း တူညီသောနေရာများတွင် လည်းကောင်း နေထိုင်စေသော ဥပဒေများသည် တစ်ခါတစ်ရံ လူအများ၏ ဆန္ဒနှင့် ကိုက်ညီမှုမရှိပါ။ ဥပမာတစ်ခုမှာ လူများအား ယာယီစခန်းများနှင့် နေရာချထားရေးစခန်းများတွင် နေထိုင်စေခြင်းဖြစ်သည်။

အမုန်းစကား

အမုန်းစကားဆိုသည်မှာ အစုအဖွဲ့တစ်ခုကို အခြေခံသောလူများအား မကောင်း စကား ပြောဆိုခြင်း ဖြစ်သည်ဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။ International Governant on Civil and Political Right ကမူ အကြမ်းဖက်မှု၊ ခွဲခြားမှု၊ ရန်လိုမှုများဆီသို့ ဖွဲ့စည်းဦးတည် စေသော အမျိုးသားရေး၊ လူမျိုးရေးနှင့် ဘာသာရေး လှုံ့ဆော်တိုက်တွန်းမှုများကို အမုန်း စကားဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။ အချို့အမျိုးသမီးအခွင့်အရေးအတွက် လှုပ်ရှားတက် ကြွသူများ မကောင်းစကားဖြန့်ဝေပြောကြားခြင်းသည် ၎င်းအမျိုးအစားတွင် ပါဝင်ပြီး လိင်ပိုင်းဆိုင်ရာကွဲပြားမှုကို အခြေပြုသော အကြမ်းဖက်မှုနှင့် အမုန်းတရားများသည် လည်း ပါဝင်ပါသည်။

Centre for International Media Assistance and the National Endowment for Democracy ၏ အဆိုအရ တိုက်ရိုက် ခြိမ်းခြောက်သောစကားများ(သို့) အကြမ်းဖက်မှုကို အားပေးစေသောစကားများသည် အမုန်းစကားများပင် ဖြစ်သည်။

Human Rights First မှ အကြီးတန်းတွဲဖက်အရာရှိဖြစ်သူ Joelle Fizt ကမူ သင့် အနေနှင့် မသတီစရာ စကားများ ပြောနိုင်ပါသည်။ တစ်ခုခုကို မုန်းတီးရန်နှင့် မုန်းတီးမှုကို ဖော်ပြနိုင်သော အခွင့်အရေးရှိပါသည်။ သို့သော် သင်သည် အခြားသူများအကြား

ကြမ်းတမ်းသော အပြုအမူများ ဆောင်ရွက်ဖြစ်ပေါ်လာအောင် တွန်းအားပေးသွေးထိုးခြင်း ပြုလုပ်ရန် အခွင့်မရှိပါဟု ပြောဆိုပါသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် နိုင်ငံတကာဥပဒေသည် သူတစ်ပါးအား မျိုးတုံးသတ်ဖြတ်ရန် လှုံ့ဆော်တိုက်တွန်းသော စကားများအား အခြားသော စစ်ရာဇဝတ်မှုကဲ့သို့ပင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုအဖြစ် သတ်မှတ်ပါသည်။ သို့သော် အဆုံးစွန်သောအခြေအနေများအောက်မှာပင် အမုန်းစကားများသည် ၎င်းအဆင့်သို့ ရောက်ရှိ/ မရောက်ရှိကို ဆုံးဖြတ်ရန်ခက်ခဲပါသည်။ ထို့အပြင် အမုန်းစကားများသည် တိုက်ရိုက်တဲ့တိုးမဖြစ်နိုင်ပါ။ ပျံ့နှံ့လွယ် အမုန်းစကားများ၏ သွေးထိုးမှုကြောင့် အစုလိုက် အပြုံလိုက် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သော ကင်ညာနှင့် ရဝမ်ဒါနိုင်ငံများတွင် အသုံးပြုသော စကားလုံးများသည် တစ်ခါတစ်ရံ ကွေ့ဝိုက်အဓိပ္ပာယ်သက်ရောက်ကာ သင်္ကေတတစ်ခု အသွင်ဆောင်ခဲ့သည်ကို တွေ့ရှိရပါသည်။ တစ်ခါတစ်ရံတွင် အချင်းချင်းသာ သိရှိနားလည်နိုင်သော အသုံးအနှုန်းများနှင့် တင်စားမှုများကို သုံးနှုန်းပါသည်။ သတင်းရေးသားတင်ဆက်ရာနှင့် ပဋိပက္ခကိုလေ့လာ ဆန်းစစ်ရာတွင် ၎င်းအကြမ်းဖက်မှု ပုံစံများကို ဖော်ထုတ်နားလည်ရန် အရေးကြီးပါသည်။ ၎င်းတို့သည် ကိုယ်ထိလက်ရောက် ကျူးလွန်သော အကြမ်းဖက်မှုများ၏ တကယ့်အကြောင်းအရင်းများဖြစ်သည်။ ကိုယ်ထိလက်ရောက် ကျူးလွန်သော အကြမ်းဖက်မှုများကိုသာ ရပ်တန့်စေခြင်းသည် မလုံလောက်ပါ။ အဘယ်ကြောင့်ဆိုသော် ပုံစံချ အကြမ်းဖက်မှုနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုတို့ကို လစ်လျူရှုပြီး မဖြေရှင်းဘဲထားပါက ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုများ ပြန်လည်ဖြစ်ပေါ်နိုင်သောကြောင့် ဖြစ်ပါသည်။

*Adapted from Jane Sasseen. October 2013. A Clash of Cultures: Hate Speech, Taboos, Blasphemy and the Role of News Media. A Report to the Centre for International Media Assistance. Page 17*

## အဖွဲ့လိုက်လေ့ကျင့်ခန်း

ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုနှင့် ပုံစံချ အကြမ်းဖက်မှုများ မြန်မာနိုင်ငံတွင် ရှိပါသလား။ မီဒီယာများက ၎င်းအကြမ်းဖက်မှုကို ဖော်ပြတင်ဆက်ပါသလား။ နစ်နာခံစားရသူများအနေဖြင့် ၎င်းတို့၏ အကြောင်းကို သတင်းမီဒီယာများတွင် ထောက်ပြပြောဆိုနိုင်ပါသလား။ မမြင်နိုင်သော မတူညီသည့် အကြမ်းဖက်ပုံစံများကို မည်ကဲ့သို့သော သတင်းတင်ဆက်မှုပုံစံဖြင့် ရေးသားဖော်ပြနိုင်ပါသလဲ။

# အပိုင်း (၂)

## စာနယ်ဇင်းပညာ နှင့် ပဋိပက္ခ

### မီဒီယာများ၏ စွမ်းအား

လူမှုအဖွဲ့အစည်းတိုင်းလိုလို ပဋိပက္ခများကို အကြမ်းဖက်မှုမပါဘဲ ရင်ဆိုင်ဖြေရှင်းရန် နည်းလမ်းများရှာဖွေထားပါသည်။ ပုံမှန်အားဖြင့် လူမှုအဖွဲ့အစည်းများသည် ကျေးရွာအကြီးအကဲများ၊ တရားသူကြီးများ(တရားစီရင်ရေးစနစ်)၊ (သို့) နိုင်ငံတကာခုံရုံးကဲ့သို့သော သမာသမတ်ကျသည်ဟု ယူဆထားသော ပုဂ္ဂိုလ်များအား ပဋိပက္ခကို ဖြေရှင်းရန် လုပ်ပိုင်ခွင့်ပေးအပ်ထားပါသည်။ သို့သော် ဆုံးဖြတ်ဖြေရှင်းချက်များသည် မျှတမှုမရှိဘဲ လက်မခံနိုင်ပါက ပဋိပက္ခ ကြာရှည်နိုင်ပြီး အကြမ်းဖက်မှုပုံစံသို့ ပြောင်းလဲနိုင်ပါသည်။

မိသားစုတွင်းဖြစ်စေ၊ အိမ်နီးချင်းများကြားဖြစ်စေ၊ နိုင်ငံတွင်းအုပ်စုများကြားဖြစ်စေ နယ်ခြားများကို ကျော်လွန်ပြီးဖြစ်စေ မည်သို့သော ပဋိပက္ခ ပုံစံမျိုးဖြစ်စေ ပဋိပက္ခပြီးဆုံးရန် တိကျသောအရာများလိုအပ်သည်။

ဆက်သွယ်ဆောင်ရွက်ခြင်းသည် ပဋိပက္ခကိုလျော့ပါးစေသော အရေးပါသည့် အရာများထဲမှ တစ်ခုဖြစ်ပါသည်။ နှစ်ဖက်စလုံးအနေဖြင့် အကြမ်းမဖက်သော အဖြေတစ်ခုရရှိရန် ပထမဆုံးအနေဖြင့် တွေ့ဆုံစကားပြောရမည်ဖြစ်သည်။ ဤနေရာတွင် စာနယ်ဇင်းအတတ်ပညာကောင်း၏ အခန်းကဏ္ဍဝင်ရောက်လာပြီဖြစ်သည်။

### စာနယ်ဇင်းပညာ၏ မမြင်နိုင်သောအခန်းကဏ္ဍ

သက်မွေး/အဆင့်ရှိ စာနယ်ဇင်းသမားများသည် ပဋိပက္ခကို ကိုယ်တိုင် လျော့ပါးစေသည်မဟုတ်ပါ။ ၎င်းအစား စာနယ်ဇင်းသမားများသည် တိကျ၍ ဘက်မလိုက်သော သတင်းကို တင်ဆက်ရန်ကြိုးစားပါသည်။ ဤကဲ့သို့ ကောင်းမွန်ပြီး တာဝန်ယူမှုရှိသော သတင်း၏ အကျိုးဆက်ကြောင့် ပဋိပက္ခကိုလျော့ပါးစေသည်။ နေ့စဉ်အလုပ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကောင်းမွန်သော စာနယ်ဇင်းပညာသည် ပဋိပက္ခလျော့ပါးစေသော အခြေခံ အချို့ရှိပါသည်။

## ၁။ ဆက်သွယ်ဆောင်ရွက်မှု လမ်းကြောင်းဖောက်ခြင်း

သတင်းမီဒီယာသည် ပဋိပက္ခတစ်ခု၏ ဘက်နှစ်ဘက်ကြားရှိ ဆက်သွယ်ဆောင်ရွက်မှုကို ဖောက်ထွက်ပေးသော အဓိကလမ်းကြောင်းဖြစ်သည်။ တစ်ခါတစ်ရံတွင် တစ်ဖက်ဖက်သည် မြိမ်းခြောက်ရန်လိုသော သတင်းစကားများကို ထုတ်လွှင့်ရန် မီဒီယာအား အသုံးချနိုင်သည်။ သို့သော် အခြားအချိန်တွင် နှစ်ဘက်စလုံးသည် မီဒီယာများ (သို့) သတ်မှတ်ထားသော စာနယ်ဇင်းသမားများမှတစ်ဆင့် တစ်ဖက်နှင့်တစ်ဖက် စကားပြောဆိုပါသည်။ ဥပမာအားဖြင့် တစ်ဖက်က ၎င်းတို့၏ တောင်းဆိုချက်များကို ဖော်ပြလိုပါက မီဒီယာမှ တစ်ဆင့် ပြောဆိုခြင်းဖြစ်သည်။ အခြားတစ်ဖက်မှလည်း ထိုသတင်းကို သတင်းစာများ၊ ရေဒီယို၊ ရုပ်မြင်သံကြားဌာနများနှင့် ယခုအချိန်တွင် အင်တာနက်များမှ ဖတ်ရှုလေ့လာနိုင်ပါသည်။ ထို့အတူပင် တစ်ဖက်က အခြားတစ်ဖက်အား မီဒီယာများမှတစ်ဆင့် ထိုးဆွပေးနိုင်ပြီး ပြောဆိုဆွေးနွေးမှုများ ကျိုးပျက်ကာ အကြမ်းဖက်မှုဆီသို့ ပြန်လည်ဦးတည်နိုင်ပါသည်။

## ၂။ ပညာအလင်းဖွင့်ခြင်း

နှစ်ဖက်စလုံးသည် အခြားတစ်ဖက်၏ အခက်အခဲများကို နားလည်ရန်လိုပါသည်။ နိုင်ငံရေး အခြေအနေနှင့် အင်အားကောင်းသော စိတ်ဝင်စားမှုများကဲ့သို့သော တစ်ဖက်ချင်းစီ၏ အခက်အခဲများကို ရှာဖွေဖော်ထုတ်သော စာနယ်ဇင်းပညာသည် ရိုးရှင်းပြီး လျှင်မြန်သော အဖြေများရရှိစေရန် ပညာအလင်းဖွင့်ပေးနိုင်ပါသည်။

## ၃။ ယုံကြည်မှုတည်ဆောက်ခြင်း

ယုံကြည်မှုကင်းမဲ့ခြင်းသည် ပဋိပက္ခဖြစ်စေခြင်း၏ အဓိကအကြောင်းအရင်းဖြစ်သည်။ မီဒီယာအနေဖြင့် ပြဿနာကိစ္စများကို တူးဆွဖော်ထုတ်ခြင်းဖြင့် သံသယများကို လျော့ချနိုင်ကာ ကြောက်ရွံ့စရာ လျှို့ဝှက်ချက်များ မရှိတော့ပါ။ ကောင်းမွန်သော စာနယ်ဇင်းအတတ်ပညာအနေဖြင့် အခြားနေရာများမှ

နမူနာများကို ဖော်ထုတ်ရေးသားခြင်းဖြင့် ဒေသတွင်း ပြန်လည်သင့်မြတ်ရေး ကြိုးပမ်းပုံများကို ရှင်းလင်းခြင်းဖြင့်၎င်းသတင်း တင်ဆက်နိုင်ပါသည်။

### ၄။ အမြင်မှားများကို ပြင်ဆင်ခြင်း

နှစ်ဖက်စလုံး၏ တစ်ဖက်စီအပေါ်တွင်ထားရှိသော မှားယွင်းနေသည့် အမြင်များကို ရှာဖွေတင်ဆက်ခြင်းဖြင့် မီဒီယာသည် ပဋိပက္ခဖြစ်နေသော နှစ်ဖက်စလုံးအား ၎င်းတို့၏အမြင်များကို ပြန်လည်သုံးသပ်စေပြီး ပဋိပက္ခကို လျော့ချနိုင်ရန် ရှေ့သို့ချီတက်နိုင်ပါသည်။

### ၅။ သတင်းအား လူသားဟန် သွင်းခြင်း

အခြားတစ်ဖက်ကို သိရှိနားလည်ရန် ၎င်းတို့အား အမည်များနှင့် မျက်နှာများအား ပေးအပ်ရမည်။ ထို့ကြောင့်ပင် စေ့စပ်ညှိနှိုင်းသူများသည် နှစ်ဖက်စလုံးအား တစ်ခန်းထဲတွင် နေရာချကြခြင်းဖြစ်သည်။ ကောင်းမွန်သော စာနယ်ဇင်းအတတ်ပညာအနေဖြင့် သတင်းတင်ဆက်မှုများတွင် ပကတိလူများအား ထည့်သွင်းပြီး ကိစ္စရပ်များသည် ၎င်းတို့အား မည်ကဲ့သို့သက်ရောက်သည်ကို ဖော်ပြပါသည်။

### ၆။ အခြေခံတည်ရှိပြီးစိတ်ဝင်စားမှုများကို ဖော်ထုတ်သတ်မှတ်ခြင်း

ပဋိပက္ခတစ်ခုတွင် နှစ်ဖက်စလုံးသည် အခြားတစ်ဖက်၏အခြေခံ စိတ်ဝင်စားမှုများကို နားလည်ရန်လိုပါသည်။ ကောင်းမွန်သော သတင်းတင်ဆက်မှုသည် ခေါင်းဆောင်များပြောသောစကား၏ အဓိပ္ပာယ်မှန်ကို ရှာဖွေဖော်ထုတ် မေးခွန်းထုတ်ကာ ဆောင်ရွက်သည်။ ထို့အပြင် ခေါင်းဆောင်များ၏ပြောစကား အလွန်ကို ကျော်ကြည့်ပြီး ပိုမိုကျယ်ပြန့်သော အုပ်စုတစ်ခုလုံး၏ စိတ်ဝင်စားမှုကို ရှာဖွေသည်။

## ၇။ ခံစားမှု စိတ်ထွက်ပေါက်

ပဋိပက္ခကို ဖြေရှင်းရာတွင် နစ်နာသူများအနေဖြင့် ၎င်းတို့၏ နစ်နာချက်များ ဒေါသများကို ဖော်ပြနိုင်ရန် ထွက်ပေါက်များရှိရမည်ဖြစ်ပြီး သို့မဟုတ်ပါက လိုဘမပြည့်မှုများပေါက်ကွဲကာ အခြေအနေပိုဆိုးပါမည်။ မီဒီယာအနေဖြင့် နစ်ဖက်စလုံးကို ရင်ဖွင့်နိုင်ရန် ခွင့်ပြုပေးပြီး အရေးကြီးထွက်ပေါက်များ ဖန်တီးပေးရပါမည်။ အငြင်းပွားမှုများကို လမ်းပေါ်တွင် ဖြေရှင်းသည့်အစား မီဒီယာပေါ်တွင် ဖြေရှင်းစေနိုင်ရမည်။ ဤသို့ဖြင့် ပဋိပက္ခအနေဖြင့် အကြမ်းဖက်ပုံစံသို့ မပြောင်းလဲမီ ဖြေရှင်းနိုင်ရန် ခွင့်ပေးရမည်။

## ၈။ ပဋိပက္ခကို ဘောင်ခတ်ခြင်း

ပဋိပက္ခတစ်ခုတွင် ပြဿနာကို မတူညီသောပုံစံဖြင့် ဖော်ပြခြင်းသည် တင်းမာမှုကို လျော့ကျစေပြီး စေ့စပ်ညှိနှိုင်းမှုကို လုပ်ဆောင်နိုင်မည်။ ကောင်းမွန်သော စာနယ်ဇင်းပညာတွင် အယ်ဒီတာများနှင့် သတင်းထောက်များသည် အမြဲတမ်း မတူညီသော ရှုထောင့်များ၊ အမြင်သစ်များ (သို့) ရှုမြင်ပုံအသစ်များကို ရှာဖွေရမည်ဖြစ်ပြီး ၎င်းတို့သည် ပရိသတ်ကိုလည်း ဆွဲဆောင်နိုင်ရပါမည်။ ကောင်းမွန်သော စာနယ်ဇင်းပညာ သည် နစ်ဖက်စလုံးအတွက် ပဋိပက္ခကို ပြန်လည်ဘောင်သွင်းနိုင်ရန် ကူညီနိုင်ပါသည်။

## ၉။ သိက္ခာဆည်ခြင်း သဘောတူညီမှု တည်ဆောက်ခြင်း

နစ်ဖက်အနေဖြင့် ပဋိပက္ခတစ်ခုကို ကြိုးပမ်းရာတွင် ၎င်းတို့၏ထောက်ခံသူများ၏ ကြောက်ရွံ့မှုများကို ငြိမ်သက်အောင် ဆောက်ရွက်ရမည်။ ခေါင်းဆောင်များ၏ ပြောစကားများကို ထောက်ပြခြင်းဖြင့် မီဒီယာသည် ပဋိပက္ခအတွင်း ပါဝင်နေသည့် ခေါင်းဆောင်များကို သိက္ခာဆည်နိုင်ရန်နှင့် သဘောတူညီမှု တည်ဆောက်နိုင်ရန် ခွင့်ပြုပေးရမည်။ ဒုက္ခသည်များနှင့် အဝေးရောက်နေသူများအတွက် ၎င်းအခြေအနေကို ဖန်တီးပေးရမည်။

### ၁၀။ အဖြေထုတ်ခြင်း

ပဋိပက္ခတစ်ခုတွင် နှစ်ဖက်စလုံးသည် နာကျည်းမှုများကို တုံ့ပြန်ရန် တိကျသောအဆိုပြုချက်များကို တင်ပြရမည်။ နေ့စဉ်အနေဖြင့် နှစ်ဖက်စလုံး၏ နာကျည်းချက်များကို ထပ်တလဲလဲ ဖော်ပြမည့်အစား ကောင်းမွန်သော သတင်းတင်ဆက်မှုသည် အငြင်းပွားနေသူနှစ်ဖက်ထဲမှ ပြဿနာ၏ အဖြေကို မေးမြန်းရမည် ဖြစ်သည်။ ဥပမာ- တစ်ဖက်အား မည်သည်ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာသနည်းဟု မေးမြန်းခြင်းသည် အခြားတစ်ဖက်အား ပြဿနာ၏ အဖြေအားရှာဖွေရာတွင် လိုအပ်သော အတွေးများကို ပေးနိုင်ပါသည်။

### ၁၁။ အင်အားမျှခြေကို အားပေးလှုံ့ဆော်ခြင်း

မတူညီမှုများရှိနေသော်လည်း ပဋိပက္ခတွင်းပါဝင်နေသူများသည် ၎င်းတို့အနေဖြင့် အခြားတစ်ဖက်နှင့် စေ့စပ် ညှိနှိုင်းတွေ့ဆုံရာတွင် ၎င်းတို့အား သတိမူမိကြောင်း ယုံကြည်ရမည်ဖြစ်သည်။ ကောင်းမွန်သော စာနယ်ဇင်း ပညာသည် စေ့စပ်ညှိနှိုင်းမှုကို အားပေးလှုံ့ဆော်သည်။ အဘယ့်ကြောင့်ဆိုသော် သတင်းတင်ဆက်မှုသည် ဘက်မလိုက်ဘဲ မျှတခြင်းကြောင့်ဖြစ်သည်။ ၎င်းသည် ပါဝင်သူများကို နားလည်ကြားနာခြင်းနှင့် အဖြေရှာခြင်း ရည်ရွယ်ချက်အတွက် အင်အားမျှခြေတစ်ခုကို အားပေးလှုံ့ဆော်ပါသည်။

## အစုလိုက်လေ့ကျင့်ခန်း

အထက်တွင် ဆွေးနွေးခဲ့သော အကြောင်းအရာများကို အခြေခံကာ မြန်မာမီဒီယာ လွှမ်းခြုံမှု၏ နမူနာကောင်း နမူနာဆိုးများကို စဉ်းစားဆွေးနွေးပါ။

## စာနယ်ဇင်းသမားများ၏ ပဋိပက္ခအပေါ်တွင် သြဇာသက်ရောက်မှုကို နားလည်ခြင်း

သက်မွေးအဆင့် စာနယ်ဇင်းသမားသည် ပုံမှန်သတင်းရေးသားတင်ဆက်ခြင်းတစ်ခု၏ အစိတ်အပိုင်းကောင်း တစ်ခု အဖြစ် ကောင်းမွန်သော လုပ်ငန်းစဉ်များကို လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့ ဆောင်ရွက်ချက်များ၏ သက်ရောက်မှုများကို ကျွန်ုပ်တို့ နားလည်သဘော ပေါက်ချိန်တွင် ပဋိပက္ခအတွင်း ကျွန်ုပ်တို့၏ အခန်းကဏ္ဍမည်မျှ အရေးပါသည်ကို နစ် မြုပ်ခံစားနိုင်ပါသည်။ ထို့ကြောင့်ပင် ကျွန်ုပ်တို့သည် အချက် အလက်များ မှန်ကန် အောင်နှင့် စကားလုံးများ မှန်ကန်အောင် သေချာစွာ ဂရုစိုက်ရပါမည်။

သတင်းသမားများအနေဖြင့် သတိမူရမည်မှာ ၎င်းဆောင်ရွက်ချက်များသည် တံခါးပိတ် ဆွေးနွေးပွဲများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အရိုန်ကောင်းနေသည်ဟူ၍ဖြစ်သည်။ ၎င်းကိုသိရှိခြင်းဖြင့် ကျွန်ုပ်တို့သည် စေ့စပ်ညှိနှိုင်းမှုကို ပိုမိုသဘောပေါက်ကာ ရေးသား တင်ဆက်နိုင်ပါသည်။ သီရိလင်္ကာနိုင်ငံတွင် စေ့စပ်ဆွေးနွေးမှုများ စတင်ချိန်တွင် စေ့စပ် ညှိနှိုင်းသူများက မီဒီယာများသည် လုပ်ငန်းစဉ်ကို နားလည်မှုမရှိဘဲ အမြင်မှားများ ဖြစ်စေကာ ယုံကြည်မှုကို ပျက်ပြားစေနိုင်မည်ဟု စိုးရိမ်ခဲ့ပါသည်။ အမှန်တကယ်မှုကား သီရိလင်္ကာမီဒီယာများသည် ထိုအမှားကို ကျူးလွန်ခဲ့ကြောင်း စွပ်စွဲခံခဲ့ရပြီး အဓိက အားဖြင့် ပဋိပက္ခ အစိတ်အပိုင်း တစ်ခုဖြစ်ခဲ့ပါသည်။ နီပေါနိုင်ငံတွင် မီဒီယာအနေဖြင့် လက်လှမ်းမီနိုင်သော စေ့စပ်ဆွေးနွေးရေးဆိုင်ရာ လမ်းကြောင်းပုံစံများရှိပါသည်။ အများ အားဖြင့် တံခါးပိတ်ဆွေးနွေးပွဲများသည် တရားဝင်သဘောတူညီမှုများကို ရရှိရန် အသုံး တည့်လှပါသည်။ ငြိမ်းချမ်းရေးဆွေးနွေး သူများသည် မှားယွင်းသော သတင်းတင် ဆက်ပုံများကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အနှောင့်အယှက်ဖြစ်စေ နိုင်ခြင်းကြောင့် မီဒီယာများကို ၎င်းတို့၏ အစည်းအဝေးများမှ တစ်ခါတစ်ရံ ဖယ်ရှားကြပါသည်။ သို့သော် မီဒီယာများသည် ၎င်းအစည်းအဝေးများသို့ တက်ရောက်ခွင့်မရသော်လည်း ကောင်းမွန် သော သတင်းတင်ဆက်ခြင်းဖြင့် သတင်းအချက်အလက်များ ရရှိပါသည်။

မြန်မာ့မီဒီယာများသည် အထက်တွင် ဆွေးနွေးခဲ့သော အခြေခံ အချက် ၁၁ ချက်ကို ကျင့် သုံးပါသလား။ အဖြေရရှိရန်အတွက် ရေးသားတင်ဆက်မှုများ ရှိခဲ့ပါသလား။ စာနယ်ဇင်း

သမားများသည် နှစ်ဖက်ခေါင်းဆောင်များအား ပြဿနာ၏ အဖြေရရှိရန် ဖိအားပေးပါသလား။ သို့မဟုတ် မိန့်ခွန်းများ၊ ပြောစကားများကို ရေးသားတင်ဆက်ပါသလား။ ပကတိအခြေခံ အကြောင်းတရားများကို ရေးသားတင်ဆက်ပါသလား။

## ပဋိပက္ခများကို မည်ကဲ့သို့ ဖြေရှင်းမည်နည်း

ပဋိပက္ခတစ်ခုကို အဆုံးသတ်ရန် နည်းလမ်းတစ်ခုထက်ပိုရှိသည်ကို နားလည်ရန်အရေးကြီးပါသည်။ စိတ်ကူးယဉ် ပဋိပက္ခတစ်ခု အကြောင်းစဉ်းစားပါ။ အဖွဲ့နှစ်ဖွဲ့သည် လိမ္မော်သီးကို လိုချင်သည်။ လိမ္မော်ပင်သည် အဖွဲ့တစ်ဖွဲ့၏ မြေပေါ်တွင်ရှိပြီး လိမ္မော်သီးမှာ အခြားတစ်ဖက်မြေပေါ်တွင် ဝဲကျနေသော အကိုင်းတွင် သီးနေသည်။ နှစ်ဖက်စလုံးသည် ထိုလိမ္မော်သီးကိုပင် လိုချင်သည်။ ထိုပဋိပက္ခကို ဖြေရှင်းနိုင်ရန် နည်းလမ်း မည်မျှရှိပါသလဲ၊

၎င်းပဋိပက္ခကို အဆုံးသတ်ရန် အနည်းဆုံး နည်းလမ်း ၄ ခု ရှိပါသည်။

### ၁။ တစ်ဖက်မှ အသာရခြင်း

(က) နှစ်ဖက်အပြင်းအထန်တိုက်ခိုက်ကြပြီး အားသာသောဘက်မှ အနိုင်ရရှိသည်။ အရှုံးသမားသည် ဒေါသ ထွက်ကျန်ရစ်ပြီး လက်စားချေရန်လိုလားသည်။

(ခ) တရားသူကြီးတစ်ဦးမှ တစ်ဖက်ကို အသာပေးကာဆုံးဖြတ်သည်။ တရားသူကြီးသည် ချစားသူဖြစ်နိုင်ပြီး လုပ်ငန်းစဉ်တစ်ခုလုံးသည် နှေးကွေးကာ ကုန်ကျစရိတ်များပြားမည်။ ရှုံးနိမ့်သူ မကျေမနပ်ဖြစ်မည်။

(ဂ) အလျော်ပေးခြင်းဖြစ်သည်။ တစ်ဖက်မှ အခြားတစ်ဖက်ကို ငွေပေးလျော်ကာ လိမ္မော်သီးကို ရယူမည်။ သို့သော် အကုန်အကျများမည်။

## ၂။ ဆုတ်ခွာခြင်း

(က) တစ်ဖက်(သို့)နှစ်ဖက်စလုံးမှဆုတ်ခွာမည်။ သို့သော် ပဋိပက္ခသည် မဖြေရှင်းဘဲ ကျန်ခဲ့မည်ဖြစ်ပြီး နှစ်ဖက်စလုံး မကျေနပ်ပါ။

(ခ) တစ်ဖက်မှ ဘာမှမလုပ် သို့သော် အဖိုးတန်လိမ္မော်သီး ပုပ်သိုးဆုံးရှုံးကာ နှစ်ဖက် စလုံးဘာမှ မရပါ၊

## ၃။ စေ့စပ်ညှိနှိုင်းမှု

(က) လိမ္မော်သီးကိုခွဲမည်။ နှစ်ဖက်စလုံး အနည်းဆုံး လိမ္မော်သီး ၃ စိတ် အပိုင်း တချို့ရမည်။

(ခ) လိမ္မော်သီးကို အခွံခွာမည်။ နှစ်ဖွဲ့စလုံး လိမ္မော်သီး တစ်စိတ်စီ ရရှိသွား မည်။ မညီမျှသော်လည်း လိမ္မော်သီးမှာများရရှိပြီး လိမ္မော်သီးသည် ခွဲဝေစားသုံးနိုင်သော အရာဖြစ်လာမည်။ နှစ်ဖက်စလုံးက ကျေနပ် မည်။

(ဂ) လိမ္မော်သီးကို အရည်ညှစ်မည်။ လိမ္မော်သီးကို ရှုမြင်ပုံအသစ်ဖြင့် မြင်နိုင် မည်။ လိမ္မော်သီးသည် တန်ဖိုး အသစ်ရှိသော အရင်းအမြစ်တစ်ခုဖြစ်လာ သည်။ လိမ္မော်ရည်ကို ခွဲဝေမည်။ မညီမျှနိုင်သော်လည်း နှစ်ဖက် စလုံး ကျေနပ်မည်။

## ၄။ သမရိုးကျ မဟုတ်သော ဖြေရှင်းမှုများ

(က) လိမ္မော်သီးကို ပိုင်ဆိုင်စေရန် လူများကို ထပ်မံ၍ထည့်သွင်းမည်။ ထို့ကြောင့်မည်သည့် အဖွဲ့တစ်ခုတည်းကမှ လိမ္မော်သီးတစ်လုံးကို ပိုင်ဆိုင် ခွင့်မရှိတော့။ ပဋိပက္ခဖြစ်နေသော အုပ်စုနှစ်ခုတို့၏ အိမ်နီးနားချင်း များက လိမ္မော်သီးသည် လူမှုအဖွဲ့ပိုင်ဖြစ်ကြောင်း ဆုံးဖြတ်နိုင်သည်။ နှစ်ဖက်စလုံး အား ပဋိပက္ခကို အကြမ်းမဖက်ဘဲ ဖြေရှင်းကျရန် တိုက်တွန်းနိုင်သည်။

(ခ) နောက်ထပ် လိမ္မော်သီးတစ်လုံးကိုရှာပါ။ အိမ်နီးချင်းနိုင်ငံများသည် ဈေးသို့ သွားကာ နောက်ထပ်လိမ္မော် သီးတစ်လုံးရယူပြီး အငြင်းပွားနေသူ နှစ်ဖက်အား လိမ္မော်သီးနှစ်လုံးကို ခွဲဝေပေးကာ ပဋိပက္ခကို လျော့ပါး စေသည်။

(ဂ) အိမ်နီးချင်းတို့၏ တိုက်တွန်းအားပေးမှုဖြင့် နှစ်ဖက်စလုံးသည် လိမ္မော်သီးကို လိမ္မော်သီးကိတ်မုန့် ဖုတ်ကာ ဈေးတွင် ရောင်းချ၍ ရရှိသည့် ပိုက်ဆံကို ခွဲဝေယူပါသည်။ လိမ္မော်သီးသည် ယခုအခါ မတူညီသည့် အရင်း အမြစ်တစ်ခုဖြစ်လာပြီး နှစ်ဖွဲ့စလုံး အကျိုးအမြတ်ရရှိသည်။

(ဃ) နှစ်ဖွဲ့စလုံးသည် လိမ္မော်စေ့များကို စိုက်ပျိုးမည်။ လိမ္မော်ခင်း ဖြစ်လာပြီး နှစ်ဖက်စလုံးသည် လိမ္မော်သီး ထုတ်လုပ်သူများ ဖြစ်လာပြီး အကျိုးအမြတ် ရှိလာမည်။

အထက်ပါနည်းလမ်းများတွင် အိမ်နီးနားချင်းများအနေနှင့် ပဋိပက္ခဖြစ်နေသူ နှစ်ဖက် စလုံးကြား ဝင်ရောက်လာပြီး မည်သည်ကိုလုပ်ပါဟု အမိန့်ပေးစေခိုင်း နိုင်မည်မဟုတ်ပါ။ သို့သော် ပိုမိုကျယ်ပြန့်သော လူမှုအဖွဲ့အစည်း၏ အကြံပေးမှုများကို နားထောင်ပြီး အဖြေရှာရန် ၎င်းတို့၏ အကူအညီကိုရယူသင့်ပါသည်။ ပဋိပက္ခကြီးများတွင် ကျယ်ပြန့် သော လူမှုအဖွဲ့အစည်းသည် လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းကြီး တစ်ခုလုံးတွင် နေထိုင်သူဖြစ်ပါသည်။ ဥပမာအနေဖြင့် နီပေါနိုင်ငံတွင် မော်ဝါဒီသူပုန်များက ရွေးကောက် တင်မြှောက်ထားသော ဖွဲ့စည်းပုံ အစည်းအဝေးမှ တစ်ဆင့် အခြေခံဥပဒေကိုရေးသား ရန်နှင့် ဘုရင်စနစ်ကို ဖျက်သိမ်းရန် တောင်းဆိုပါသည်။ အချိန်ကြာလာသည်နှင့်အမျှ ၎င်းတောင်းဆိုချက်ကို ပြည်သူအများ လက်ခံလာကြပြီး နဂိုမူလက ငြင်းပယ်ခဲ့ကြသော နိုင်ငံရေးပါတီများကပင် လက်ခံလာပါသည်။ အကျိုးဆက်အနေဖြင့် ၁၉၉၆ ခုနှစ်က စတင်ဖြစ်ပွားခဲ့သော အကြမ်းဖက်ပဋိပက္ခများကို ချုပ်ငြိမ်းအောင် ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သော အလုံးစုံငြိမ်းချမ်းရေး သဘောတူညီချက် (Comprehensive Peace Accord) ရရှိစေနိုင်ခဲ့ရန် သဘောတူခဲ့ကြသည်။

## အထက်ပါဆန်းစစ်လေ့လာမှု၏ အဓိကအချက်

- ပထမဆုံး အနေနှင့် ပဋိပက္ခကို နည်းလမ်း (၁) ထက်ပို၍ ရှုမြင်ရန်
- ပဋိပက္ခဖြစ်ရခြင်း အကြောင်းရင်းသည် ခွဲဝေနိုင်သော အရင်းအမြစ် ဖြစ်ပါက ၎င်းပဋိပက္ခတို့သည် အကြမ်းဖက်မှုအဖြစ် ပြောင်းနိုင်ခြေ နည်းသည်။
- ကျယ်ပြန့်သော လူမှုပတ်ဝန်းကျင်က စိတ်ဝင်စားပါဝင်လာပါက အကြမ်းဖက်မှုကို မသုံးဖြစ်အောင် ဖိအား ပိုပေးနိုင်သည်။
- ပဋိပက္ခကိုဖြေရှင်းရန် အခြားသောနည်းလမ်းများရှိနေပါက အကြမ်းဖက်မှုဖြစ်ပေါ်ရန်နည်းပါးသည်။

## နည်းလမ်းများများ ပဋိပက္ခနည်းနည်း

နည်းလမ်းများများ ရရှိရန်မှာ ပဋိပက္ခဖြေရှင်း လုပ်ငန်းစဉ်တွင်းသို့ လူများများကို ပါဝင်စေရန် လုပ်ဆောင်ခြင်းဖြစ်သည်။ ၎င်းအားဖြင့် မတူညီသော စဉ်းစားပုံများဖြင့် စိတ်ကူးစိတ်သန်းများရရှိကာ မတူညီသော ဖြေရှင်းပုံများ ပေါ်ထွက်လာပါသည်။ နှစ်ဖက်စလုံးသည် ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေချိန်တွင် ဘာသာရေးခေါင်းဆောင်များ စီးပွားရေးလုပ်ငန်းများ အရပ်အဖွဲ့အစည်းများ အိမ်နီးချင်းနိုင်ငံများ နိုင်ငံတကာအဖွဲ့အစည်းများကဲ့သို့သော ပိုမိုကျယ်ပြန့်သည့် လူမှုအဖွဲ့အစည်းက မတူညီသောအမြင်များနှင့် အဖြေများကိုပေးနိုင်ပါသည်။

ပဋိပက္ခ ဖြေရှင်းခြင်းမှာ အလွန်ရှုပ်ထွေးပါသည်။ အနှစ် ၃၀ ကျော် ဖြစ်ပွားပြီးနောက် မိုဇမ်ဘစ်နိုင်ငံတွင် နှစ်ဖက်အုပ်စု နှစ်ခုကြား ၁၉၉၂ ခုနှစ်တွင် ဖြေရှင်းနိုင်ခဲ့သည်။ အဆိုပါ ပဋိပက္ခတွင် အောက်ပါ သွင်ပြင်လက္ခဏာများရှိသည်။

- မတူညီသောအုပ်စု ၁၄စု နိုင်ငံပေါင်း ၆ နိုင်ငံနှင့် အစိုးရမဟုတ်သော အဖွဲ့ ၆ ဖွဲ့ တို့ ပါဝင်ပတ်သက်သည်။

- အဖွဲ့များစွာနှင့် စိတ်ကူးစိတ်သန်း အများတို့ကြောင့် တစ်ဖွဲ့ခြင်းအနေဖြင့် စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်များမှ ထွက်ခွာရန် မဖြစ်နိုင်ပါ။
- မိုဗမ်ဘစ် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် အတွင်းအပြင်အဖွဲ့များသည် စေ့စပ်ညှိနှိုင်းရေး လုပ်ငန်းစဉ်အတွင်း ပဋိပက္ခဖြစ်ပွားသော နစ်ဖက်စလုံးကို ဆက်သွယ်ဆောင်ရွက်စေခြင်း စိတ်ကူးများရရှိစေခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းတို့ ဖြစ်အောင် ကူညီကြသည်။
- လူတိုင်းသည် အသေးအဖွဲ့များကို စတင်သဘောတူညီမှုရပြီး ပိုမိုကြီးမားသော သဘောတူညီချက်များရ အောင် ဆက်လက်ဆောင်ရွက်သည်။

ပဋိပက္ခဖြေရှင်းခြင်းသည် ရှည်ကြာသော လုပ်ငန်းစဉ်လည်း ဖြစ်သည်။ နီပေါတွင် နိုဝင်ဘာ ၂၀၀၆ ခုနှစ်၌ ငြိမ်းချမ်းရေးသဘောတူညီမှုကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ဤကဲ့သို့ မထိုးနိုင်ခင်က ငြိမ်းချမ်းရေး ကြိုးပမ်းမှုများ အရာမထင် ပျက်ပြားသည်မှာ အကြိမ်ပေါင်းများစွာ ရှိခဲ့သည်။ ငြိမ်းချမ်းရေး သဘောတူညီလက်မှတ် ရေးထိုးပြီးချိန်တွင်ပင် ကြားဖြတ်အခြေခံဥပဒေတစ်ခုကို ရရှိရန် ဆက်လက်ဆွေးနွေးခဲ့ကြပြီး အခြေခံဥပဒေအသစ်တစ်ရပ် ရေးဆွဲရန် အခြေခံဥပဒေပြုရေးအဖွဲ့ (Constituent Assembly) ရွေးကောက်ရန် ရွေးကောက်ပွဲတစ်ခုကို ကျင်းပပါသည်။ သို့သော် အခြေခံဥပဒေပြုရေးအဖွဲ့သည် ပဋိပက္ခမတူညီသော အသွင်သဏ္ဌာန်များကြောင့် အခြေခံဥပဒေကို မရေးဆွဲနိုင်ခဲ့ပါ။ နိုင်ငံရေးပါတီများသည်လည်း နိုင်ငံကိုမည်ကဲ့သို့ စုစည်းတည်ထောင်မည်နှင့် နီပေါနိုင်ငံအား ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဖက်ဒရေးရှင်းများအဖြစ် မည်ကဲ့သို့ ပုံဖော်မည်ကို သဘောမတူနိုင်ကြပါ။ နီပေါနိုင်ငံသည် ဒုတိယအကြိမ် အခြေခံဥပဒေပြုရေး ရွေးကောက်ပွဲနှစ်ပွဲကို နိုဝင်ဘာ ၂၀၁၃ ခုနှစ်တွင် ကျင်းပပြီး နိုင်ငံ၏တည်ဆဲနိုင်ငံရေးပြဿနာများကို ဖြေရှင်းရန်ကြိုးစားပါသည်။ ၂၀၁၄ ခုနှစ် ဇူလိုင်လအထိ စေ့စပ်ညှိနှိုင်းသော အလေ့အကျင့်တစ်ခုကို အကြမ်းဖက် ပုံစံများကို ၂၀၀၆ ခုနှစ်နောက်ပိုင်း နှစ်အနည်းအတွင်း အဆုံးသတ်နိုင်ခဲ့ပါသည်။

## စာနယ်ဇင်းသမားများ ပဋိပက္ခကို သရုပ်ခွဲလေ့လာခြင်း

လူတို့အဖို့ ပဋိပက္ခ သရုပ်ခွဲလေ့လာခြင်းကို ကြိုးစားနားလည်ရန် ဘဝတစ်သက်လုံးကို အသုံးချရမည်ဖြစ်သည်။ သို့သော် စာနယ်ဇင်းသမားများအဖို့မှုကား ဤမျှလောက် အချိန်

မရှိပါ။ ထို့အတူ စာနယ်ဇင်းသမားများသည် အခြေခံ စည်းမျဉ်းများကို ဥပေက္ခာမပြုနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် နေ့စဉ်သတင်း တင်ဆက်နေရသူကြောင့်ဖြစ်ပါသည်။

စာနယ်ဇင်းသမားအတွက် ပဋိပက္ခ သရုပ်ခွဲလေ့လာခြင်းဆိုသည်မှာ အဘယ်နည်း။

- စာနယ်ဇင်းသမားများသည် အခြားသူများနှင့် အခြားအမြင်များကို ကြိုးစားဖောက်ထွက်သင့်သည်။ ကြားနေကြ နစ်နာချက်များကိုသာ ထပ်ခါတလဲလဲ တင်ပြနေခြင်းမျိုး မဖြစ်ရ။
- စာနယ်ဇင်းသမားများသည် ပါဝင်ပတ်သက်နေသူများကို ကြိုးစားရည်ရွယ်နေသည်များနှင့် ဆုတ်ခွာရန် စေ့စပ်ညှိနှိုင်းရန် သမရိုးကျမဟုတ်သော နည်းလမ်းများအတွက် ဖြစ်နိုင်ချေများကို ဖော်ထုတ်သင့်သည်။
- ပဋိပက္ခသရုပ်ခွဲလေ့လာခြင်းဖြင့် စာနယ်ဇင်းသမားများသည် သံတမန်များနှင့် စေ့စပ်ညှိနှိုင်းသူများ မည်သည်ကို ရရှိရန် ကြိုးပမ်းနေသည်ကို နားလည်လာပြီး စိတ်ချယုံကြည်စွာ သတင်းတက်ဆက်နိုင်သည်။
- ပဋိပက္ခသရုပ်ခွဲလေ့လာခြင်းဖြင့် စာနယ်ဇင်းသမားများသည် သတင်းအချက်အလက်ရရှိရန် အရင်းအမြစ် များကို ပိုမိုဖော်ထုတ်နိုင်သည်။

ဤကဲ့သို့ ချည်းကပ်လေ့လာမှုဖြင့် ရရှိသောသတင်းများကို ဖော်ပြခြင်းဖြင့် စာနယ်ဇင်းအတတ်ပညာသည် အကြမ်းဖက်မှုအောက်၌ရောက်ရှိနေသော ပဋိပက္ခအကြောင်းကို ပြည်သူလူထုအားပို၍ သတင်းပေးဖော်ပြနိုင်ပြီး အဖြေရှာရေး လုပ်ငန်းစဉ်ကို အထောက်အကူ ပြုနိုင်ပါသည်။

# အပိုင်း ၃

## ကမ္ဘာတစ်ဝှမ်း ကောင်းမွန်သော စာနယ်ဇင်းပညာ

ပဋိပက္ခတစ်ခုအတွင်းရှိ ပြည်သူများအား ကောင်းမွန်သော စာနယ်ဇင်းအတတ်ပညာဖြင့် သတင်းများ ပံ့ပိုးပေးကာ မှန်ကန်သော ဆုံးဖြတ်ချက်များချရန် ကူညီနိုင်သည့်အပြင် ပဋိပက္ခကိုဖြေရှင်းရာတွင်လည်း ကူညီနိုင်သည်။ ကမ္ဘာတစ်ဝှမ်းတွင် သက်မွေးအဆင့်ရှိ စာနယ်ဇင်းသမားများသည် အခြေခံစံနှုန်း စည်းမျဉ်းများချမှတ်ကာ ၎င်းတို့ကို အသုံးချခြင်းဖြင့် ကောင်းမွန်သော စာနယ်ဇင်းပညာကို ရရှိအောင်မြင်နိုင်သည်။ သို့သော် အကြောင်းမလှစွာပင် နေရာတော်တော်များများ၌ စာနယ်ဇင်းသမားများသည် သက်ဆိုင်ရာအစိုးရများ (သို့) သြဇာကြီးမားသော အင်အားစုများက ချမှတ်ထားသော အမျိုးမျိုးသော စည်းမျဉ်းများအောက်တွင် အလုပ်လုပ်နေကြရပါသည်။ သို့သော် သက်မွေးအဆင့်ရှိ စာနယ်ဇင်းသမားများစုစည်းမိပြီး ၎င်းတို့၏ လုပ်ငန်းများလမ်းညွှန်ချက်များအကြောင်း ဆွေးနွေးကြသည့်အခါ ၎င်းတို့သည် အထက်ဖော်ပြပါ စံနှုန်းစည်းမျဉ်းများကို ညွှန်းဆို ဆွေးနွေးပါသည်။

ကမ္ဘာတစ်ဝှမ်းတွင် သက်မွေးစာနယ်ဇင်း အဖွဲ့အစည်းပေါင်း ၅၀ ကျော်ခန့်ရှိပြီး လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းစံနှုန်း များမှာ များစွာကွဲပြားမှု မရှိလှပါ။ The International Federation of Journalists (www.ifj.org)သည် နမူနာ ကောင်းတစ်ခုဖြစ်သည်။ (နောက်ဆက်တွဲ ၄ ကို ရှုပါ။)

## အောက်ပါတို့သည် ကောင်းမွန်သော စာနယ်ဇင်းပညာ မဟုတ်ပါ

- သိက္ခာချရေးသားခြင်း- ကောင်းမွန်သော စာနယ်ဇင်းပညာသည် လိမ်ညာ ရေးသားခြင်း၊ လှည့်ဖြားရေးသား ခြင်းများ မပြုလုပ်ပါ။
- တည်ရှိပြီး/တင်ဆက်ပြီးများကို ဖော်ပြခြင်း- ကောင်းမွန်သော စာနယ်ဇင်းပညာသည် အခြားတစ်နေရာတွင် ရေးသားတင်ဆက်ပြီးဖြစ်သော အကြောင်းအရာများကို ထပ်မံတင်ဆက်ခြင်းမျိုး မဟုတ်ပါ။ အခြားသူတို့

တင်ဆက်ပြီး သတင်းများကို ပုံတူကူးချဖော်ပြခြင်းသည် သတင်းမှားများကို ထပ်မံဖော်ပြမိစေနိုင်သည်။

- ရည်ရွယ်ချက်ရှိရှိ အခြားသူများအား ထိခိုက်နစ်နာစေခြင်း- စာနယ်ဇင်းပညာသည် သန်မာအားကောင်းပါသည်။ သတင်းတင်ဆက်မှုများသည် လူပုဂ္ဂိုလ်တို့ကို သိက္ခာကျစေခြင်း၊ အန္တရာယ်ကျရောက်စေခြင်းနှင့် လူထုကြား စိုးရိမ်တုန်လှုပ်မှုများ ဖြစ်ပေါ်စေသည်။ ကောင်းမွန်သော စာနယ်ဇင်းအတတ်ပညာကို ရည်ရွယ်ချက်ရှိရှိဖြင့် အခြားလူပုဂ္ဂိုလ်များကို နစ်နာထိခိုက်စေရန် အသုံးပြုခြင်းမရှိပါ။
- အကျင့်ပျက်ချစားခြင်း- ကောင်းမွန်သော စာနယ်ဇင်းပညာသည် လာဘ်ပေးခြင်းကို လက်မခံပါ။ မည်သူ တစ်ဦးကိုမျှလည်း မျက်နှာသာမပေးပါ။ ရောင်းရန်လည်း မဟုတ်ပါ။

## ကောင်းမွန်သော စာနယ်ဇင်းပညာတွင် အောက်ပါတို့ပါဝင်သည်

- တိကျခြင်း- တိကျသော သတင်းရရှိရန်မှာ အရေးတကော့ အရေးကြီးဆုံးဖြစ်သည်။ သတင်းတွင်အားလုံးကို တိကျစွာ ဖော်ပြရမည်။ နာမည်စာလုံးပေါင်းမှန်များ၊ အဖြစ်အပျက် အချက်အလက်များနှင့် အမှန်တကယ် ဆိုလိုရင်းများ ပါဝင်သည်။ သတင်းများမတင်ဆက်မီ စာနယ်ဇင်းသမားကောင်းများသည် အထောက်အထားများနှင့် တိကျသော အချက်အလက်များကို ကြိုးစားရှာဖွေသည်။ စာနယ်ဇင်းသမားကောင်းတစ်ဦးသည် သတင်းရရှိရန် ပထမကြိုးစားရသည်။ သို့သော် သတင်းမှန်ရရှိရမည် ဖြစ်သည်။ လူတို့သည် စာနယ်ဇင်းသမားများက ၎င်းတို့ပြောပြသော စကားလုံးများကို အတိအကျ ပြန်မရေးဟု၄င်း၊ ၎င်းတို့၏ ပကတိအမှန် အခြေအနေကို ပြန်လည်မဖော်ပြဟုလည်းကောင်း ကြောက်ရွံ့ပါက စာနယ်ဇင်းသမားများကို စကားပြောဆိုမည်မဟုတ်ပါ။
- ဘက်မလိုက်ခြင်း (မျှတခြင်း)- စာနယ်ဇင်းပညာ၏ စည်းမျဉ်းတိုင်းလိုလို ဘက်မလိုက်ခြင်း၏ အရေးပါမှုကို ဖော်ပြပါသည်။ ဤကဲ့သို့ဖြစ်ရန်

စာနယ်ဇင်းသမားကောင်းတစ်ဦးသည် မျှတမှုရှိသောသတင်းကို ရေး သား တင်ဆက်ရပါမည်။ မျှတစေရန်မှာ နှစ်ဖက်စလုံး(ပိုမိုသော) အကြောင်းကို တင်ပြရမည်ဖြစ်သည်။

- ပဋိပက္ခတိုင်းတွင် နှစ်ဖက်နှင့် နှစ်ဖက်ထက်ပိုသော အဖွဲ့များရှိပါသည်။ ပြည်သူများသည် တစ်ဖက်မှမည်သို့ ပြောသည်ကို သိရှိရမည်ဖြစ်ပြီး မည်သို့အကျိုးသက်ရောက်နိုင်သည်ကို နားလည်ရမည်။ မျှတခြင်းသည် တိကျခြင်းကဲ့သို့ပင် အရေးကြီးလှပါသည်။ တစ်ဖက်၏အကြောင်းကိုသာ ဖော်ပြလေ့ရှိသော စာနယ်ဇင်းသမားကို မည်သူကမျှ သတင်းပေးပြော ဆိုမည်မဟုတ်ပါ။
- သက်မွေးအဆင့်ရှိ စာနယ်ဇင်းသမားတစ်ဦးအနေဖြင့် မည်သည့် နိုင်ငံရေးအုပ်စု (သို့) လှုပ်ရှားမှု၏ ခေါင်း ဆောင်တစ်ဦးမဟုတ်ကြောင်း ဘက်မလိုက်ခြင်းဖြင့် ပြသနိုင်ပါသည်။ ဘက်မလိုက်ရေးသားချက်ဖြင့် စာနယ်ဇင်းသမားတစ်ဦးသည် ပဋိပက္ခကာလအတွင်း မိမိကိုယ်မိမိ ကာကွယ်နိုင်သည်။ ဘက်မလိုက်ခြင်းကြောင့် စာနယ်ဇင်းသမားများ သည် လေးစားမှုကို ရရှိနိုင်သည်။
- တာဝန်ခံမှု- စာနယ်ဇင်းသမားများသည် မိမိတို့ရေးသားတင်ဆက်သည့် သတင်းတွင်ပါဝင်သည့် လူပုဂ္ဂိုလ်များ၊ လူ့အဖွဲ့အစည်းများကို တာဝန် ခံရမည်။ ၎င်းတို့၏ သတင်းရင်းမြစ်များကို ကာကွယ်ရန်လည်း တာဝန်ရှိ သည်။ ၎င်းတို့အကြောင်းကို ဖော်ပြခံရနိုင်ပါက မည်သူကမျှ စာနယ်ဇင်း သမားတို့အား အရေးကြီးသတင်းများ အကြောင်းပြောပြမည် မဟုတ်ပါ။ စာနယ်ဇင်းသမားကောင်းတစ်ဦးသည် သတင်းရရှိရန် ရိုးသားသော နည်းလမ်းများကိုသာ အသုံးချရပြီး ဥပဒေချိုးဖောက်ခြင်း မပြုရပါ။

ဒီမိုကရေစီနှင့် အာဏာရှင်နိုင်ငံများရှိ နိုင်ငံရေးသမားများသည် မီဒီယာနှင့် စာနယ်ဇင်း သမားများတို့တွင် တာဝန်ခံမှုကို ပြောဆိုလေ့ရှိသည်။ (ဘောင်အတွင်းကြည့်ပါ) တစ်ခါ တစ်ရံ နိုင်ငံရေးသမားများသည် တာဝန်ခံမှုဆိုသည်မှာ ၎င်းတို့ပြောဆိုလိုသည်များကို စာနယ်ဇင်းသမားများက ရေးသားတင်ဆက်ပေးခြင်းဟု ယူဆပါသည်။ သို့သော် စာနယ် ဇင်းသမားများကမူ တာဝန်ခံမှုသည် အထက်က ဆွေးနွေးခဲ့သလိုများပင် ဖြစ်သည်။

မီဒီယာနှင့် တာဝန်ခံမှု

ကျွန်ုပ်တို့သည် ပြည်သူများ၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို ကာကွယ်နိုင်သည်မဟုတ်ပါ။ သို့သော် တစ်ချိန် တည်းမှာပင် သတင်းမီဒီယာသည် ၎င်း၏ကြီးမားသော စွမ်းအားနှင့် သြဇာကို သတိပြုရမည်သာမကဘဲ ၎င်း၏ ကြီးမားသော တာဝန်ခံမှုနှင့် ပြည်သူအပေါင်း၏ဆန္ဒကို ဗဟိုပြု အခြေခံကာ တည်ဆောက်မည့် နိုင်ငံသစ်အတွက် နှလုံးသွင်းအလေးမူရမည် ဖြစ်သည်။

ကြီးမားကျယ်ပြန့်သော လွတ်လပ်မှုသည် ကြီးမားကျယ်ပြန့်သော တာဝန်ခံမှုကို တောင်းဆိုပါသည်။ ပြည်သူအများက ဒီမိုကရေစီသည် အကန့်အသတ်မဲ့ အခွင့်အရေးများကို ပေးနိုင်သည်ဟု ရှုမြင်သော်လည်း တာဝန်ခံမှုအများကို ပြန်လည်တောင်းဆိုကြောင်းကို ပြည်သူအများ သတိမရနိုင်မည်မှာ ကျွန်ုပ်၏ ကြီးမားသော စိတ်ပူမှုများထဲမှ တစ်ခု ဖြစ်ပါသည်။

အောင်ဆန်းစုကြည် မတ်လ ၉ ရက် ၂၀၁၄ခုနှစ်

http://www.ewcmedia.org/yangon2014/2014/03/12suu-kyi-media-freedom/

တိကျသော ဘက်မလိုက်သော တာဝန်ခံမှုရှိသော စာနယ်ဇင်းပညာသည် အားကိုးယုံကြည်ဖွယ် ဖြစ်သည်။

**အားကိုးယုံကြည်နိုင်ခြင်း = တိကျခြင်း + ဘက်မလိုက်ခြင်း + တာဝန်ခံခြင်း**

၎င်းတို့သည် ပြည်သူများယုံကြည်ကိုးစားနိုင်သော စာနယ်ဇင်းပညာဖြစ်ပေါ်စေရန် အခြေခံစံနှုန်းများ ဖြစ်ပါသည်။ ဤသည်ကို ယုံကြည်အားကိုးထိုက်သော စာနယ်ဇင်းပညာဟုခေါ်သည်။ ယုံကြည်အားကိုးထိုက်သော သတင်းတင်ဆက်မှု အားလုံးသည် တိကျရမည်။ ဘက်မလိုက်ဘဲဖြစ်ရမည်။ တာဝန်ခံရမည်တို့ဖြစ်ပါသည်။ သတင်းဇာတ်လမ်း တာဝန်ချခြင်း တည်းဖြတ်ခြင်း အသံဖက်ဆိုင်ရာ ကူးယူဖန်တီးခြင်း ခေါင်းစဉ်ရေးသားခြင်း ညွှန်ကြားရိုက်ကူးခြင်းနှင့် ထုတ်ဝေဖန်တီးခြင်းစသော လုပ်ငန်းစဉ် အားလုံး အကျုံးဝင်ရမည် ဖြစ်သည်။

## ယုံကြည်အားကိုးနိုင်သော စာနယ်ဇင်းပညာနှင့် ဒီမိုကရေစီ

ယုံကြည်အားကိုးထိုက်သော သတင်းတင်ဆက်မှုကြောင့် စာနယ်ဇင်းပညာသည် နိုင်ငံအတော်များများ၏ အခြေခံ ဥပဒေများတွင် အထူးနေရာတစ်ခု ရရှိခဲ့ပါသည်။ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ကြေညာစာတမ်း၏ အပိုဒ် ၁၉ တွင် အပ်နှင်းထားသော လွတ်လပ်စွာပြောဆိုနိုင်ခွင့်ကို မီဒီယာများမှတစ်ဆင့် ပြည်သူများက ကျင့်သုံးနိုင်ပါသည်။[13] လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်နှင့် ယုံကြည်ထိုက်သော စာနယ်ဇင်းပညာတို့ ရှိသောနေရာတွင် နိုင်ငံသားများသည် ကောင်းမွန်စွာ သတင်းဖြည့်တင်းထားသော ဆုံးဖြတ်ချက်များကို ၎င်းတို့၏ အကောင်းဆုံးအကျိုးစီးပွား စိတ်ဝင်စားမှုအတွက် ချမှတ်နိုင်သည်။ ၎င်းသည် ဒီမိုကရေစီ၏ မရှိမဖြစ်အခြေခံဖြစ်သည်။

*တိုက်ဆိုင်စစ်ဆေးရန်- မိမိ၏ အလုပ်သည် ယုံကြည်အားကိုးထိုက်သော စာနယ်ဇင်းပညာနှင့် ကိုက်ညီမှု ရှိ/မရှိ မေးခွန်းထုတ်ပါ။ မိမိအလုပ်သည် တိကျဘက်မလိုက် တာဝန်ခံမှု ရှိ/မရှိ မေးခွန်းထုတ်ပါ။*

## ယုံကြည်အားကိုးနိုင်သော မတူကွဲပြားသော လွတ်လပ်သော

ဒီမိုကရေစီတွင် မီဒီယာရှင်သန်အားကောင်းရန် ယုံကြည်အားကိုးနိုင်ခြင်း သာမကဘဲ မတူကွဲပြားမှုလည်း လိုပါသည်။ မီဒီယာပုံစံ တစ်မျိုးတည်းဖြင့် လုံလောက်အောင် မဆောင်ရွက်နိုင်ပါ။ မီဒီယာပုံစံအမျိုးမျိုးကိုသုံးကာ မတူညီသော အမြင်များ သတင်းတင်ဆက်မှုများဖြင့် အများပြည်သူ၏ စိတ်ဝင်စားမှုကို ရရှိနိုင်မည်။

အားကိုးလောက်ပြီး မတူကွဲပြားသော မီဒီယာများသည် လွတ်လပ်ရမည်ဖြစ်သည်။ မီဒီယာသည် ခြားနားသော အသံနှင့် စိတ်ဝင်စားမှုများအားတင်ဆက်ခြင်းကို ပိတ်ပင်ထားသော အစိုးရ (သို့) အားကောင်းသော ဝင်ရောက် ပါဝင်မှုများမှ ကင်းဝေးရမည်။ ဥပဒေများ၊ ကော်ပိုရိတ် ပိုင်ဆိုင်မှုများ၊ ကူးသန်းရောင်းဝယ်ရေး စိတ်ဝင်စားမှုများ၊ တရားရုံးများ

[13] အပိုဒ် ၁၉ က လူတိုင်းသည် လွတ်လပ်စွာထင်မြင်ယူဆဖော်ပြပိုင်ခွင့်ရှိသည်။ ၎င်းအခွင့်အရေးတွင် ဝင်ရောက်စွက်ဖက်မှုမရှိဘဲ ထင်မြင်ယူဆချက်များကို လက်ခံထားနိုင်ခြင်းနှင့် နယ်မြေခြားနားခြင်းမရှိဘဲ မည်သည့်မီဒီယာမှတစ်ဆင့် သတင်းများကိုကြိုးစားရယူဖြန့်ဝေနိုင်ခြင်းများပါဝင်သည်ဟု ဆိုထားပါသည်။

နှင့် စည်းမျဉ်းချမှတ်သူများသည် လွတ်လပ်သော မီဒီယာကို ကူညီထောက်ပံ့ရမည် ဖြစ်ပြီး ဝင်ရောက် နှောက်ယှက်မှုများမှ ကာကွယ်ပေးရမည်။

လွတ်လပ်သော မီဒီယာသည်လည်း မိမိကိုယ်မိမိ စည်းကမ်းဖြင့် ထိန်းချုပ်ရမည်။ ဖြောင့်မတ်ပြီး ဘက်မလိုက်ခြင်း များဖြင့် ဥပဒေများ စည်းကမ်းချမှတ်သူများထံသို့ တင်သွင်းရမည်။

၂၀၁၁/၁၂တွင် မြန်မာနိုင်ငံသည် အားကိုးလောက်သော၊ မတူကွဲပြားသော၊ လွတ်လပ်သော စာနယ်ဇင်းပညာကို ကူညီထောက်ပို့နိုင်သော မီဒီယာရပ်ဝန်းတစ်ခု စတင်တည်ဆောက်ခဲ့ပါသည်။ မီဒီယာဥပဒေသစ်များကို ချမှတ်ရန်နှင့် စာနယ်ဇင်းသမားများအတွက် ညီညွတ်သော လုပ်ငန်းခွင် စည်းမျဉ်းများချမှတ်ရန် လုပ်ငန်းစဉ်ကို မြန်မာ့ယာယီ စာနယ်ဇင်းကောင်စီက ၂၀၁၄ ခုနှစ် မေလတွင် စတင်ခဲ့ပါသည်။[14]

[14] မြန်မာအစိုးရသည် မီဒီယာပြုပြင်ပြောင်းလဲရေးနှင့်ဆိုင်သော ဥပဒေပြုရေးလုပ်ငန်းစဉ်များကို ထိုအချိန်မှ စတင်လုပ်ဆောင်ခဲ့ပါသည်။
ဥပမာကြည့်ရန် http://www.rfa.org/english/news/myanmar/media-03052014163116.html.

# အပိုင်း ၄

## ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ

အချို့သော စာနယ်ဇင်းသမားများက သတင်းရေးသားတင်ဆက်ရာတွင် ဖြစ်ပျက်ခဲ့သည်များအတွက် တာဝန်ယူရန်မှာ မိမိတို့၏ အလုပ်မဟုတ်ဟု ပြောပါသည်။ ပဋိပက္ခတစ်ခုအကြောင်းကို ရေးသားတင်ဆက်ရာတွင် ဘောလုံးပွဲတစ်ပွဲကို ရေးသားတင်ဆက်သလိုပင် ဖော်ပြရေးသားပါသည်။ သို့သော် ၎င်းအနေအထားသည် ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာအတွက် မလုံလောက်ပါ။

## ဗလာအချက်အလက် မှျသာမဟုတ်

ယနေ့ခေတ် စာနယ်ဇင်းသမားအများစုက ကျွန်ုပ်တို့သည် အချက်အလက်များကို ဖြန့်ဝေသူနှင့် စောင့်ကြည့်သူများ အနေအထားမျှသာမကဟု ယူဆပါသည်။ ကျွန်ုပ်တို့အနေနှင့် အခြားသူများက ကျွန်ုပ်တို့ သတင်းရေးသားတင်ဆက် ရန်အချက်အလက်များကို မည်သို့ဖန်တီးသလဲဆိုသည်နှင့် ချဲ့ကားလိုသူများက ၎င်းတို့၏ အမြင်များ၊ အစီအစဉ်များကို ကျွန်ုပ်တို့၏ သတင်းများတွင် မည်သို့ မဟာဗျူဟာမြောက် ထည့်သွင်းသည်ကိုလည်း သတိထားမိပါသည်။ ၎င်းတို့သည် မီဒီယာကို ပြောပြရန် ပဋိပက္ခနှင့် ပတ်သက်သောလူထု၏အမြင်ကို လွှမ်းမိုးရန် မီဒီယာကို အသုံးချရန် သေချာသော အချက်အလက်များကို ရွေးချယ်ပါသည်။

ကျွန်ုပ်တို့အနေနှင့် အကြမ်းဖက်ပဋိပက္ခ၏ သာမန်အချက်အလက်မျှကိုသာ ရေးသားတင်ဆက်ပါက ပြည်သူများ အနေနှင့် ပဋိပက္ခကို ဤမျှလောက်သာ နားလည်ပေလိမ့်မည်။ သို့သော် ကျွန်ုပ်တို့သည် သာမန်အချက်အလက် နောက်တွင်ရှိသော သတင်းများကို ရှာဖွေပြီး ဖြစ်နိုင်ချေရှိသော အဖြေများအပါအဝင် သတင်းအချက်အလက်များကို ပိုမိုတင်ဆက်ပါက ပြည်သူများသည် ပဋိပက္ခများကို ကွဲပြားသော အမြင်များဖြင့် ကြည့်မြင်နိုင်လိမ့်မည်။ အကယ်၍ ကားဗုံးတစ်လုံး မနေ့က ပေါက်ကွဲခဲ့ပါက ကျွန်ုပ်တို့သည် ၎င်းအဖြစ်အပျက်ကို သတင်းတင်ဆက်ခြင်းတို့သာမကဘဲ ၎င်းပေါက်ကွဲမှုသည် သာမန်

ပြည်သူတို့၏ ဘဝများကို မည်သို့ သက်ရောက်နိုင်မည်ကို ရေးသားတင်ဆက်ရသလို ပဋိပက္ခနှင့် ပတ်သက်သော ၎င်းတို့၏ အမြင်များကိုလည်း ကြိုးပမ်းတင်ဆက်ရမည်။

ကျွန်ုပ်တို့သည် ပဋိပက္ခကို ပြီးဆုံးအောင် ကြိုးစားပုံများကိုလည်း ရေးသား တင်ဆက်သင့်ပြီး သာမန်အချက် အလက်များကို အဓိပ္ပာယ်ဖွင့်ဆိုဖော်ပြနိုင်သည့် သတင်းများကို ပေးရပါမည်။

အကြမ်းဖက်ပဋိပက္ခများတွင် လူအများ အသက်ဆုံးရှုံးခဲ့ပါသည်။ သတင်းသမားကောင်းများအနေနှင့် ကျွန်ုပ်တို့သည် နစ်ဖက်လုံးမှ သေဆုံးဒဏ်ရာရသူများစာရင်းကို ရေးသားဖော်ပြရုံသာမကဘဲ ပဋိပက္ခ၏ ဖြစ်ပွားရခြင်း အကြောင်းရင်း များ အခြားသူများ၏ အသက်များကို မည်သို့ အကျိုးသက်ရောက်မှုရှိနိုင်ကြောင်းနှင့် မည်သို့သော အဖြေရှိနိုင်ကြောင်း တို့ကို ထုတ်ဖော်ရှာဖွေ ရေးသားရပါမည်။

အကယ်၍ ကျွန်ုပ်တို့သည် ကြောက်ရွံ့မှုနှင့် အကြမ်းဖက်မှုကို တိုးမြှင့်ရေးသားမိပါက ကျွန်ုပ်တို့ တင်ဆက်သော သတင်းသည် လူမှုအသိုင်းအဝိုင်းကို ပျက်စီးစေမည် ဖြစ်သည်။ ပြည်သူများကို ပိုမိုကောင်းမွန်လုံခြုံသောသတင်းများ တင်ဆက်ပေးပါက အကောင်းဖက်သို့ ဦးတည်စေပါသည်။ ပဋိပက္ခလျော့ချရေးကို ကြိုးစားချက်များကို တင်ဆက်ပါကလည်း ထို့အတူပင် ဖြစ်သည်။ ၎င်းသည် ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာပင်ဖြစ်သည်။

ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းသမားတစ်ဦးသည် ပဋိပက္ခ ဆန်းစစ်လေ့လာမှုကို အသုံးချပါသည်။ ပဋိပက္ခနှင့် ဆိုင်သော စိတ်ကူးသစ်များနှင့် အသံများကို ရှာဖွေဖော်ထုတ်ပါသည်။ ၎င်းစာနယ်ဇင်းသမားသည် မည်သူက ပဋိပက္ခကို ဖြေရှင်းရန်ကြိုးစားသည်ကို တင်ဆက်သည်။ အဖက်ဖက်ကို ကြည့်ရှုလေ့လာပြီး အခြားသော ပဋိပက္ခများကို မည်သို့ဖြေရှင်းသည်ကိုလည်း ရေးသားတင်ဆက်ပေးပါသည်။ ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းသမားသည် မည်သည့်ဖက်ကိုမှမပါဘဲ အဖြေရှာရန်ကိုသာ စူးစိုက်ပါဝင်သည်။ ၎င်းထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းသမားသည် စကားလုံးအသုံးအနှုန်းများကို သေချာစွာရွေးချယ်သည်။

## ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာအတွက် ပါဝင်ရမည့်အရာများ

၁။ ပဋိပက္ခကို ရေးသားတင်ဆက်ရာတွင် ပါဝင်သော နှစ်ဖက်အကြောင်းကို တင်ဆက်ခြင်းအား ရှောင်ကြဉ်ရမည်။ ပဋိပက္ခ၏ သက်ရောက်မှုကိုခံရသော အခြားသူများကိုပါ ရှာဖွေပြီး ၎င်းတို့၏ အဖြစ်အပျက်များ ထင်မြင်ယူဆချက်များနှင့် ရည်ရွယ်ချက်များကို ထည့်သွင်းဖော်ပြရမည်။ အထွေထွေသပိတ်မှောက်မှုများကြောင့် ထိခိုက်ခဲ့ရသော ဈေးဆိုင်ပိုင်ရှင်များ စားသုံးသူများ အလုပ်မဆင်းနိုင်သူ အလုပ်သမားများ အကြမ်းဖက်မှုများကို ပြီးဆုံးချင်ပြီဖြစ်သော ဒုက္ခသည်များကို မေးမြန်း အင်တာဗျူးရပါမည်။

၂။ သိပြီးသားဖြစ်သော တောင်းဆိုချက်များကိုသာ တောင်းဆိုလေ့ရှိသော ခေါင်းဆောင်များ၏ ပြောစကားများကိုသာ အမြဲတမ်း မှီငြမ်းရေးသားခြင်းကို ရှောင်ကြဉ်ရမည်။ ပညာရှိ ချမ်းသာပေါက်ရောက်သော လူ့အသိုင်းအဝန်းကို ကျော်၍ ကြည့်မြင်ရမည်။ အများစု၏ ယူဆချက် ခေါင်းဆောင်များ၏ ယူဆချက်နှင့် မတူသော ယူဆချက်များကို ပြောဆိုသည့် သာမန်ပြည်သူတို့၏ စကားများကို ရေးသားတင်ဆက်ရမည်။

၃။ ပဋိပက္ခဖြစ်နေသူ နှစ်ဖက်ကို ခွဲခြားသည့် သတင်းများကို ရှောင်ကြဉ်ရမည်။ နှစ်ဖက်အဆင်ပြေနိုင်မည့် အခင်း အကျင်းကိုဖော်ပြမည့် မေးခွန်းများကို နှစ်ဖက်စလုံးကိုမေးရမည် နှစ်ဖက်စလုံးက ဝေမျှနားလည်နိုင်သော ရည်ရွယ်ချက်များနှင့် စိတ်ဝင်စားမှုများကို ရေးသားတင်ဆက်ရမည်။

၄။ တစ်ဖက်တည်း၏ ခံစားနစ်နာချက်များကိုသာ ဖော်ပြခြင်းကို ရှောင်ကြဉ်ရမည်။ အားလုံး၏ ခံစားနစ်နာချက်များကို သတင်းအဖြစ် ထိုက်တန်ကြောင်း ပြသကိုင်တွယ်ရမည်။

၅။ ပျက်သုဉ်းခြင်း (devastated)၊ ကြေကွဲဖွယ်ဖြစ်ရပ် (tragedy) နှင့် အကြမ်းဖက်ခံရခြင်း (terroised) ကဲ့သို့သော စကားလုံးများကို တစ်ဖက်တည်းကို ရည်ရွယ်၍ သုံးနှုန်းခြင်းကို ရှောင်ကြဉ်ရမည်။ ၎င်းစကားလုံးများသည် သတင်း

သမားကို တစ်ဖက်တည်းသာ ဘက်လိုက် ရေးသားသကဲ့သို့ ဖြစ်စေသည်။ ၎င်းတို့ကို မိမိသုံးနှုန်းသောစကားလုံးများ အဖြစ်မသုံးဘဲ အခြားသူတစ်ဦး၏ ပြောစကားကိုသာ ညွှန်းဆိုရာ၌သုံးပါ။

၆။ စိတ်ခံစားမှုပါသော မတိကျသည့် စကားလုံးများကို ရှောင်ပါ။ လုပ်ကြံခံရခြင်း (assassination) ဟူသော စကားလုံးကို နိုင်ငံခေါင်းဆောင်တစ်ဦး သတ်ဖြတ်ခံရာ၌သာ သုံးသည်။ အခြားသူများအတွက်သုံး၍ မရပါ။ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း (massacre) သည် လက်နက်မဲ့ အပြစ်မဲ့အရပ်သားများကို ရည်ရွယ်ချက်၌ရှိဖြင့် သတ်ဖြတ် ခြင်းဖြစ်သည်။ စစ်သားများ၊ ရဲများ အသတ်ခံရပါက ဤစကားလုံးကို မသုံးပါ။ လူမျိုးတုံး သတ်ဖြတ်ခြင်း(genocide) သည် လူစုလူဝေး မျိုးနွယ်တစ်ခုလုံးကို သတ်ဖြတ်ခြင်းဖြစ်သည်။ ခံစားဖြစ်ပျက်သည်များကို သေးသိမ်ချုံ့ပစ်ခြင်း မပြုဘဲ တိကျသည့် စကားလုံးကို သေချာစွာရွေးချယ်ပါ။

၇။ အကြမ်းဖက်သမား (terrorist) အစွန်းရောက်(extremist) နှင့် အရူးအမူးစွဲလမ်းထောက်ခံသူ (fanatic) ကဲ့သို့သော စကားလုံးများကို ရှောင်ကြဉ်ပါ။ ၎င်းစကားလုံးများသည် ဘက်လိုက်သည့် သဘောရှိနေပြီး အခြားတစ်ဖက်မှ စေ့စပ်ညှိနှိုင်းရန် မဖြစ်နိုင်ပါ။ လူတို့အား၎င်းတို့ကိုယ်တိုင် ခေါ်ဝေါ်ညွှန်းဆိုသည့်အတိုင်းသာ သုံးစွဲပါ။

၈။ ထင်မြင်ယူဆချက်အား အချက်အလက်အဖြစ်သို့ ပြုလုပ်ခြင်းကို ရှောင်ကြဉ်ပါ။ အကယ်၍ တစ်ယောက်ယောက်က တစ်ခုခုကို တောင်းဆိုဖော်ပြပါက ၎င်း၏အမည်ကို ဖော်ပြပေးပါ။ ဤသို့ပြုလုပ်ခြင်းဖြင့် ၎င်းတို့၏ ထင်မြင်ယူဆချက် သာဖြစ်ပြီး သင်၏အချက်အလက် မဖြစ်ပါ။

၉။ တစ်ဖက်တည်းက ခေါင်းဆောင်များက ဖော်ထုတ်လာမည့် ပြဿနာ၏ အဖြေများကို စောင့်ဆိုင်းနေခြင်းမှ ရှောင်ကြဉ်ပါ။ ငြိမ်းချမ်းရေးစိတ်ကူး စိတ်သန်းများကို မည်သည့်နေရာက ရရှိသည်ဖြစ်စေ ရှာဖွေပါ။ ၎င်းစိတ်ကူးများကို ခေါင်းဆောင်များ၏ စိတ်ကူးများနှင့်ရောစပ်၍ သတင်းရေးသားတင်ဆက်ပါ။

စာနယ်ဇင်းသမားများအနေနှင့် သုံးနှုန်းသော စကားလုံးများသည် သုံးစွဲသောပုံများ အသုံးများနှင့် အင်အားကောင်းသော ကိရိယာများဖြစ်သည်။ ၎င်းကိရိယာများကို သုံးကာ ကြောက်ရွံ့မှုနှင့် ဒဏ္ဍာရီများအစား နားလည်မှုကို တည်ဆောက်ရမည်။

**တံဆိပ်များနှင့် တံဆိပ်ကပ်ခြင်းများ**

*အောက်ဖော်ပြပါတို့သည် တံဆိပ်များနှင့်တံဆိပ်ကပ်ခြင်းခံရသောသူများ ခံစားရသောနာကျင်မှုများ၏ နမူနာများ ဖြစ်ပါသည်။*

ပြီးခဲ့သည့် သန်းခေါင်စာရင်းကောက်ယူမှုတွင် ရခိုင်ရှိ မူဆလင်များသည် ဘင်္ဂါလီများအဖြစ် စာရင်းသွင်း ခံခဲ့ရပါသည်။ "ကျွန်တော်တို့ကို တစ်ချိန်လုံး ဘင်္ဂါလီလို့ပဲ သတ်မှတ်ခံရတယ်။ ဒီမှာပဲမွေး ဒီမှာပဲ နေခဲ့တယ်ဆိုတဲ့ အထောက်အထားတွေက ကျွန်တော်တို့အတွက်အရေးကြီးပါတယ်" ဟု ဦးလှမြင့်က အေအက်ဖ်ပီကို ပြော သည်။ တရားဝင်စာရွက်စာတမ်းများတွင်ပင် ရိုဟင်ဂျာများကို ညွှန်းဆိုရန် ဘင်္ဂါလီဟု သုံးနှုန်းနေသည့် အခြေအနေကို ၎င်းက ပြောပြနေခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များနှင့် မူဆလင်များကြား ကြာရှည်စွာ တည်ရှိခဲ့သည့် အမုန်းတရားသည် ၂၀၁၂ ခုနှစ်တွင် သွေးမြေကျဖြစ်ရပ်များအဖြစ် ပြောင်းလဲ သွားကာ သေဆုံးမှုများနှင့် ရိုဟင်ဂျာအများစုဖြစ်သော လူပေါင်း ၁၄၀,၀၀၀ နေရပ် စွန့်ခွာထွက်ပြေးခဲ့မှုများ ဖြစ်ပွားခဲ့သည်။ အောက်ပါ အနှစ်ချုပ်ကလည်း ရခိုင်လူမျိုးများ၏ ရိုဟင်ဂျာများအပေါ် အမြင်များ ကိုဖော်ပြပါသည်။

ရိုဟင်ဂျာလူမျိုးဆိုတာ မရှိပါဘူး။ စကားလုံး တစ်လုံးပါပဲ။ ရခိုင်လူမျိုးတွေက သူတို့ရည်ရွယ် ချက်ကိုသိပါတယ်။ နိုင်ငံရေးရည်ရွယ်ချက်တစ်ခုဖြစ်ပါတယ်ဟု Rakhine Nationalities Development Party ၏ ဝါရင့်အသင်းဝင် ဖြစ်သူ ဦးရွှေမောင်က ပြောပါသည်။

*AFP သတင်းဌာန "Myanmar Census: Risk or Reward for Rohingya Refugees" 9 March 2014 မှ ကောက်နုတ်ချက်။*

## သမာရိုးကျ သတင်းတင်ဆက်မှုနှင့် ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာကွာခြားမှု

**နမူနာ(၁)**

### (၁)သမရိုးကျ သတင်းတင်ဆက်မှု

Skopje,UPI- မက်ဆီဒိုနီးယားတွင်ဖြစ်ပွားနေသော ပဋိပက္ခကို အဆုံးသတ်ရန်ရည်ရွယ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲသည် အယ်ဘေးနီးယန်း သူပုန်များက ရဲရုစ်ဦးကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ပြီး ခန္ဓာကိုယ် အစိတ်အပိုင်းများကို တစ်စစီဖြတ်တောက်ပြီးနောက် ယမန်နေ့ညက ပျက်ပြားသွားခဲ့သည်။ ထိုကြမ်းတမ်းခြောက်ခြားဖွယ်ရာ လူသတ်မှုကြီးသည် တောင်ပေါ်ရွာဖြစ်သော vevje တွင် ဖြစ်ပွားခဲ့ပြီး ကင်းလှည့်လာသော ရဲတပ်ဖွဲ့ဝင်များသည် စက်သေနတ်များ၊ ဒုံးကျည်အားသုံး ဗုံးများဖြင့် တိုက်ခိုက်ခံရကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောပါသည်။ အခြား ရဲခြောက်ဦးလည်း ဒဏ်ရာရရှိကာ မော်တော်ယာဉ် သုံးစီး ပျက်စီးခဲ့ပါသည်။

၄င်းကပင် သေဆုံးပြီးချိန်တွင် အလောင်းများကို ဓားဖြင့် ဖြတ်တောက်ခံခဲ့ရပြီး တစ်ဦးမှာ ခေါင်းဖြတ်ခံခဲ့ရသည် ဟုဆိုသည်။ တိုက်ခိုက်မှုမှာ ၄င်းတောင်တန်းအနီးရှိ terero ဒေသရှိ (National Liberation Army) အမျိုးသား လွတ်မြောက်ရေးတပ် အကြမ်းဖက်အဖွဲ့၏ လက်ချက်ဖြစ်သည်ဟု ယုံကြည်ရပါသည်။ NLA ၏ နိုင်ငံရေးခေါင်းဆောင် ဖြစ်သူ Ali Ahmeti ကမူ ၄င်း၏လူများသည် မိမိကိုယ်မိမိ ခုခံကာကွယ် ပစ်ခတ်ခဲ့ခြင်းသာ ဖြစ်ကြောင်း ဆိုပါသည်။

### (၁) ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ

Skopje, UPI- ရဲကင်းလှည့်တပ်ဖွဲ့မှ ရဲရုစ်ဦး အသက်ဆုံးရှုံးပြီးနောက် မက်ဆီဒိုးနီးယားနိုင်ငံ နိုင်ငံရေးအဝန်းအဝိုင်းမှ ရှုံ့ချပြောဆိုမှုရှိခဲ့ပါသည်။ နိုင်ငံအတွင်း လူနည်းစု အယ်ဘေးနီးယန်းများကို ကိုယ်စားပြုထားသော နိုင်ငံရေးပါတီ နှစ်ခုလုံးက မိမိကိုယ်မိမိ အမျိုးသားလွတ်မြောက်ရေးတပ် (NLA) အဖြစ်ခံယူထားသောအဖွဲ့မှ လုပ်ဆောင်သည်ဟု ယူဆနိုင်သောလုပ်ရပ်မှ ဝေးဝေးနေခဲ့ပါသည်။ NLA ၏ နိုင်ငံရေးခေါင်းဆောင်ဖြစ်သူ Ali Ahmeti ကမူ ၄င်း၏တပ်ဖွဲ့ဝင်များသည် မိမိကိုယ်မိမိ ခုခံကာကွယ် ပစ်ခတ်ခဲ့ခြင်းသာ

ဖြစ်နိုင်ပြီး စတင်တိုက်ခိုက်ခဲ့ခြင်းမဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။ သို့သော် မက်ဆီဒိုးနီး ယား အစိုးရကမူ ထရပ်ကားသုံးစီး ပျက်စီးစေခဲ့သော စက်သေနတ်များနှင့် တွန်းကန်အား သုံး ဒုံးကျည်ပုံးများ အသုံးပြုလောက်ရသည့် တိုက်ခိုက်မှုများဖြစ်အောင် ၎င်းတို့အနေဖြင့် စတင် လှုံ့ဆော်ခဲ့ခြင်းမျိုးမရှိပါဟု ဆိုသည်။ ပြောရေးဆိုခွင့်ရှိသူက ခန္ဓာကိုယ်အစိတ် အပိုင်းများကို ဓားဖြင့် ဖြတ်တောက်ထားပြီး တစ်ဦး၏ ခေါင်းမှာ မြေပေါ်တွင် ကျနေ ကြောင်း ပြောဆိုခဲ့သည်။

### (၁) ခြားနားချက်ကို မြင်ပါသလား

*သမရိုးကျ သတင်းတင်ဆက်ခြင်း*

- သတင်းမှာ ဆိုးလှပါသည်။ အကြမ်းဖက်မှုကို ဖော်ပြထားပြီး အခြားသော ဖက်များ၏ အမြင်များကို ကြိုးစားရယူခြင်း မရှိပါ။ ငြိမ်းချမ်းရေး ဆွေးနွေး ပွဲ ပျက်ခြင်းဟူသော ဆိုးဝါးသည့် အသုံးအနှုန်းများ ပါဝင်ခဲ့သည်။
- အစုလိုက် အပြုံလိုက်သတ်ခြင်း (massacre) တစ်စစီ ဖြတ်တောက်ခြင်း (mulitate) ကြမ်းတမ်းခြောက်ခြား ဖွယ်လူသတ်မှု (atrocity) စသည့် စကားလုံးများကဲ့သို့သော စိတ်ခံစားမှုဖြင့် မလိုအပ်သော စကားလုံးများ သုံးစွဲသည်။ တစ်စစီဖြတ်တောက်ခြင်းခံရသော ခန္ဓာကိုယ်များ (mutilated bodies) ကဲ့သို့သော စကားလုံးများကို သုံးခြင်းဖြင့် အကြမ်း ဖက်မှုဖြစ်စဉ်ကိုသာ အထူးပြုဖော်ပြသည်။
- ဘက်လိုက်ဖော်ပြသည်။ အစိုးရပြောရေးဆိုခွင့်ရှိသူ၏ အမြင်ကို ထင် ဟပ်စေသည်။ ၎င်းကို ကင်းလှည့်အဖွဲ့ သည် တိုက်ခိုက်ခံခဲ့ရသည်ဟု ဆိုသည်။

- သတင်းအနေဖြင့် အကြမ်းဖက်မှုမှကျော်၍ တင်ဆက်သည်။ အကြမ်းဖက်မှုကို ရှု့ချသူများကို ဖော်ပြတင် ဆက်သည်။
- သတင်းသည် မျှတမှုရှိသည်။ NLA က ကင်းလှည့်တပ်ဖွဲ့ကို တိုက်ခိုက်ကြောင်း ငြင်းဆိုသည်။ သို့သော် တိုက်ပွဲဖြစ်ခဲ့ကြောင်း ဝန်ခံသည်။
- အခြားတဖက်က ၎င်းတို့ကို ၎င်းတို့ခေါ်တွင်သော National Liberation Army ဟူသော အမည်ကို ဖော်ပြ သည်။
- အကြမ်းဖက်မှုကို လျှစ်လျူရှုခြင်း ဖုံးကွယ်တားမြစ်ခြင်းမရှိ၊ သို့သော် အချက်အလက်အနေဖြင့်မဟုတ်ဘဲ ညွှန်းဆိုထောက်ပြမှု (claim) အဖြစ်သာ တင်ဆက်ရေးသားသည်။

## နမူနာ (၂)

### (၂) သမရိုးကျ သတင်းတင်ဆက်မှု

Yoyo, YNS- ယိုဟိုနိုင်ငံ၏ ဝန်ကြီးချုပ်က မနေ့က ယိုဟိုမြို့တော်တွင် နိုင်ငံခြားသား ခရီးသွား ၁၀ဦး သေဆုံးခဲ့ရသော အတူ (Atu) အကြမ်းဖက်သမားများ လုပ်ဆောင်ခဲ့သည့် ဗုံးပေါက်ကွဲမှုကို ပြစ်တင်ရှုံ့ချပါသည်။ ဝန်ကြီးချုပ်က ၎င်းအနေနှင့် ဤအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကို ကျူးလွန်သူများကို လိုက်လံခြေမှုန်း ဖမ်းဆီးရန် အထူးတပ်ဖွဲ့ တစ်ခုကို ဖွဲ့စည်းလိုက်ကြောင်း ပြောပါသည်။

အတူ သုတ်သင်ရေးအဖွဲ့၏ အကြမ်းဖက်သမားများက ကြီးမားသော ဗုံးတစ်လုံးကို မြို့တော်ရင်ပြင်ရှိ နိုင်ငံခြားသား ခရီးသွားရုံးသို့ သယ်ဆောင်လာစဉ် ပေါက်ကွဲမှုဖြစ်ပွားကြောင်း ရဲအဖွဲ့က ဆိုပါသည်။ ရဲအရာရှိခေါင်းဆောင် Joe Blow က ဗုံးကို ခရီးဆောင်အိတ်တစ်ခုတွင်း ထည့်ယူလာနိုင်ဖွယ်ရှိသည် ဟုဆိုပါသည်။ အကြမ်းဖက်ပြောက်ကျားတပ်ဖွဲ့ အတူတပ်ဦးကမူ ကြေညာချက် တစ်စောင် ထုတ်ပြန်ကာ ၎င်းတို့လုပ်ဆောင်သည်မဟုတ်ကြောင်း ငြင်းဆိုပါသည်။ သို့သော် အစိုးရသတင်း အရင်းအမြစ်များကမူ အတူတပ်ဦး၏ ခေါင်းဆောင် Sam Green ကို မြို့တော်ရင်ပြင်တွင်

မနေ့က တွေ့လိုက်ရသူ မျက်မြင်သက်သေများရှိကြောင်း ဆိုပါသည်။ တိုက်ခိုက်မှုကို ၎င်းက စနစ်တကျ ပေါင်းစပ်ညှိနှိုင်း၍ ပြုလုပ်ခြင်းဖြစ်ကြောင်း ယုံကြည်ရသည်။

## (၂) ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ

Yoyo city, YNS- နိုင်ငံခြားသားခရီးသွား ၁၀ဦး သေဆုံးခဲ့ရသော ထူးခြားဆန်းကြယ်သည့် ပေါက်ကွဲမှုသည် အတူ (Atu) ခွဲထွက်ရေးလှုပ်ရှားမှု၏ လက်ချက်ဖြစ်ကြောင်း ယိုပဟို ဝန်ကြီးချုပ်က မနေ့ကပြောကြားပါသည်။ မနေ့က နိုင်ငံခြားသားခရီးသည်များသည် ခရီးသွားလုပ်ငန်းရုံးရှိ ဘတ်စ်ကားတစ်စင်းပေါ်မှ ဆင်းနေချိန်တွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့သော ထိခိုက်ပျက်စီးခဲ့သည်။ မြို့တော်ရင်ပြင်အား ရဲတပ်ဖွဲ့စုံစမ်းရေးမှူးများက စုံစမ်းစစ်ဆေးဆဲ ဖြစ်ပါသည်။

ရွေးချယ်ခံ သမ္မတစနစ်ဖြင့် အုပ်ချုပ်ရန် တောင်းဆိုပြီး ကျေးလက်ဒေသများတွင် အစိုးရကို တိုက်ခိုက်နေသော အတူ (Atu) တပ်ဦးဟု မိမိကိုယ်မိမိ ကြွေးကြော်နေသောအဖွဲ့ကို ပေါက်ကွဲမှုအတွက် ဝန်ကြီးချုပ်က အပြစ်တင်ခဲ့သည်။

တယ်လီဖုန်းအင်တာဗျူးတစ်ခုတွင် အတူတပ်ဦး၏ ခေါင်းဆောင် Sam Green က ပေါက်ကွဲမှုသည် မိမိတို့နှင့် မဆိုင် ကြောင်းနှင့် ဝမ်းနည်းကြေကွဲဖွယ်အဖြစ် တစ်ခု ဖြစ်သည်ဟု ပြောခဲ့ပါသည်။ ခရီးသွားများ တင်ဆောင်လာသည့် ဘတ်စ်ကားသည် ပြည်တွင်းစစ်ဖြစ်နေသော အိမ်နီးချင်း Butu နိုင်ငံမှ မကြာခင်က ရောက်ရှိလာခြင်းဖြစ်သည်။

## (၂) ခြားနားချက်များကို မြင်ပါသလား

*သမရိုးကျ သတင်းတင်ဆက်မှု*

- သတင်းတစ်ခုလုံးသည် သက်သေအထောက်အထားမရှိဘဲ အပြစ်တင်ခြင်းများ စွပ်စွဲခြင်းများဖြင့် ပြည့်နှက်နေသည်။ သတင်းသည် ဝန်ကြီးချုပ်ဖက်သို့ လိုက်၍ တင်ပြထားသည်။ တိုက်ခိုက်သူများမှာ အတူအကြမ်းဖက်သမားများဟု ဆိုထားသည်။ ဘယ်လို သိနိုင်ပါသလဲ။

- အစုလိုက် အပြုံလိုက်သတ်ဖြတ်မှု (massacre) အကြမ်းဖက်သမားများ (terrorists) လုပ်ကြံသတ်ဖြတ် ရေးအဖွဲ့ (assassination squad) ကဲ့သို့သော စိတ်ခံစားမှု အသားပေးစကားလုံးများ သုံးနှုန်းထားသည်။
- ရဲတပ်ဖွဲ့အရာရှိ၏ သက်သေမရှိသော ပြောဆိုချက်ကို တင်ပြထားသည်။ နာမည်မတပ်သော အစိုးရသတင်းအရင်းအမြစ်များက မည်သူမှန်း မသိသောသူများ၏ ပြောစကားဖြစ်သော အတူခေါင်းဆောင်ကို တွေ့လိုက်သည်ဟူသော စကားကို တင်ဆက်ရေးသားကာ အပြစ်တင်ထားသည်။ ၎င်းအတွက် သက်သေမရှိပါ။

*ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ*

- သိသလောက်ကိုသာ ရေးသားတင်ဆက်သည်။ ဗုံးပေါက်ကွဲခြင်းသည် ထူးခြားဆန်းကြယ် (mystery) သည်ဟု စကားလုံးကို သတိထားသုံးစွဲထားသည်။ ဝန်ကြီးချုပ်ပြောသည်ကို ဖော်ပြသည်။ ဝန်ကြီးချုပ် အတူခွဲထွက် ရေးသမားများကို အပြစ်တင်ကြောင်း ပြောသည်။
- သတင်းသည် အတူခွဲထွက်ရေးသမားများကို ၎င်းတို့ကို ၎င်းတို့ ခေါ်ဆိုသော အမည်နာမကို ဖော်ပြပေးသည်။ သတင်းသည် နှစ်ဖက်စလုံး၏ ရှင်းပြချက်များနှင့် မှတ်ချက်များကို ဖော်ပြသည်။
- သတင်းတွင် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှု (massacre) ကဲ့သို့သော စိတ်ခံစားလွယ် စကားလုံးများကို မသုံးပါ။ ရဲအဖွဲ့၏ မှန်းဆချက်များနှင့် မျက်မြင်သက်သေအမည်များ မဖော်ပြထားသော ပြောဆိုချက်များကိုလည်း သတင်းတွင် မဖော်ပြပါ။
- သတင်းသည် အခြားဖြစ်နိုင်ချေ အကြောင်းအရာကိုလည်း ရှင်းပြထားသည်။ ဗုံးသည် ပဋိပက္ခဖြစ်ပွားနေသော အခြားနိုင်ငံမှလာသည့် ကားပေါ်တွင် ပါလာကောင်း ပါလာနိုင်သည်။

*အုပ်စုလိုက် လေ့ကျင့်ခန်း*

*မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်အကြား ကချင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲများ အကြောင်း ဝက်ဆိုက်များနှင့် သတင်းများ ပေါ်ထွက်ခဲ့ပါသည်။ အောက်ပါသတင်းဇာတ်လမ်းများကို ပဋိပက္ခ ထိရှလွယ်ခြင်းနှင့် ယှဉ်ထိုး၍ ဆွေးနွေးပါ။ (၎င်းသတင်းများသည် တူညီသောအဖြစ်အပျက်တစ်ခုထဲကိုသာ ရေးသားသည် မဟုတ်ပါ။ သို့သော် ပဋိပက္ခတစ်ခုတည်း၏ အကြောင်းသာဖြစ်သည်။)*

**ဗမာနိုင်ငံ(Burma) မြောက်ပိုင်း၊ ကချင်ပြည်နယ်တွင် သန်းခေါင်စာရင်း နောက်ဆုံးနေ့တွင် တိုက်ပွဲအကြီးအကျယ်ဖြစ်**[15]

ဗမာနိုင်ငံတွင် ဆယ်စုနှစ်ပေါင်းများစွာအတွင်း ပထမဆုံးဖြစ်သော သန်းခေါင်စာရင်းကောက်ယူမှု၏ နောက်ဆုံးနေ့တွင် အစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တို့အကြား တရုတ်နယ်စပ်အနီး ကချင်ပြည်နယ်တွင် တိုက်ပွဲ အကြီးအကျယ် ဖြစ်ပွားပါသည်။

KIO ၏ စစ်ရေးအဖွဲ့ဖြစ်သော ကချင်လွတ်လပ်ရေးတပ်မတော် KIAအရာရှိများက ကြာသပတေးနေ့တွင် အစိုးရ ဘက်က KIA တပ်ရင်း၂၇ ကို ထိုးစစ်ဆင်လာရာမှ စတင်ခဲ့ကြောင်း ဆိုပါသည်။ တိုက်စစ်ဆင်ရခြင်းမှာ တရုတ်နယ်စပ် ကချင်ပြည်နယ်တောင်ပိုင်းရှိ အကျိုးအမြတ်များရှိသော ဘန်ခမ်းဂိတ်ကို သိမ်းယူရန် ဖြစ်ပါသည်။ ဘန်ခန်းဂိတ်သည် ဗန်းမော်ခရိုင်၊ မန်စီမြို့နယ်၊ မန်ဝိန်းကျေးရွာ အုပ်စုရှိ ရွှေလီမြစ်အနီးတွင်ရှိပြီး တရုတ်ပြည် နောင်တောင်းဒေသသို့ သစ်များ တင်ပို့ရောင်းချရာ အဓိက နယ်စပ်လမ်းကြောင်းများထဲမှ တစ်ခုဖြစ်သည်။ ယခု ပဋိပက္ခပြန်လည်ဖြစ်ပေါ်ချိန် ၂၀၁၁ ခုနှစ်၊ ဇွန်လ ကတည်းက ထိုနေရာကို KIA က ထိန်းချုပ်ထားပါသည်။

အမှတ်၈၈ ခြေမြန်တပ်မဌာနချုပ်နှင့် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ၁၆ မှ တပ်သား ၁,၀၀၀ ကျော်သည် ယခုတိုက်ပွဲ တွင် ပါဝင်တိုက်ခိုက်နေကြောင်း KIA တပ်ရင်း ၂၇

15 http://www.kachinnews.com/news/2644-heavy-fighting-on-last-day-of-census-in-burma’s-northern-kachin-state.html (viewed 30 April 2014)

တပ်ရင်းမှူး ဗိုလ်မှူးဇော်ဘာ က ကချင်သတင်းအုပ်စု (KNG) ကို ပြောပါသည်။ တိုက်ပွဲ၏ ပထမဆုံးနေ့တွင် ဘန်ခေါင်းယန်ရွာရှိ KIO ၏ အုပ်ချုပ်ရေးရုံးကို အစိုးရတပ်များက သိမ်းပိုက်လိုက်ကြောင်း တပ်ရင်း ၂၇ ဧရိယာ၏ KIO အုပ်ချုပ်ရေးမှူးက အတည်ပြုပါသည်။

နှစ်ရက်အကြာတိုက်ပွဲများအတွင်း KIA တပ်သား ၄ ဦး ဒဏ်ရာရပြီး အစိုးရတပ်မှ ၃၀ သေဆုံးကြောင်း တပ်ရင်းမှူး ဇော်ဘာ က ဆိုပါသည်။ ယခုသတင်းဖော်ပြချိန်တွင် KNG အနေဖြင့် ယခုသတင်းအား လွတ်လပ်သော အတည်ပြု ချက် မရယူနိုင်ပါ။

မန်ဝိန်းအခြေစိုက် အစိုးရတပ်မှ ပစ်ခတ်လိုက်သော မော်တာကျည် သုံးလုံးသည် KIO ထိန်းချုပ်ထားသော လဂတ်ယန် ဒုက္ခသည်စခန်းအတွင်း ကျရောက်ခဲ့သည်။ သေဆုံး ဒဏ်ရာရရှိမှု သတင်းပို့ခြင်းမရှိကြောင်း စစ်ပြေးဒုက္ခသည်များကို ကူညီနေသည့် သင်းအုပ်ဆရာ လခန်အောင်ကွန်းက ပြောပါသည်။

## နေရပ်စွန့်ခွာ၍ တရုတ်ပြည်သို့ ထွက်ပြေးရ[16]

ထောင်နှင့်ချီသော ပြည်တွင်းနေရပ်စွန့်ခွာ အခြေပျက်ရသူ (IDP) များသည် အနီးဆုံးဖြစ်သော တရုတ်ပြည် ယူနန် ပြည်နယ်ရှိ နောင်တောင်းမြို့နယ်သို့ ထွက်ပြေးခိုလှုံခဲ့ရပါသည်။ ၎င်းတို့သည် ကချင်ပြည်နယ်တောင်ပိုင်း ဗမာ (Burma)-တရုတ် နယ်ခြား အနီးရှိ ဘန်ခမ်းဂိတ်အနီးတွင် ဖြစ်ပွားသော တိုက်ပွဲများကြောင့် နေရပ်ကို စွန့်ခွာ ထွက်ပြေး ရခြင်းဖြစ်ကြောင်း KIO အရာရှိများက ပြောပါသည်။

၁,၀၀၀ကျော် အထက်ရှိသော လဂတ်ယန်ဒုက္ခသည်စခန်းရှိ လူအားလုံးနှင့် ရှမ်းရွာ ၁၀ ရွာကျော်မှ ပြည်သူများသည် ၎င်းတိုက်ပွဲများကြောင့် မိမိတို့၏ နေရာများမှ လုံးဝစွန့်ခွာခဲ့ရသည်ဟု KIO တပ်ရင်း ၂၇ မှ အုပ်ချုပ်ရေးအရာရှိဖြစ်သူ လရှီလဆိုင်းက ပြောပါသည်။

---

16 http://www.kachinnews.com/news/2644-heavy-fighting-on-last-day-of-census-in-burma's-northern-kachin-state.html (viewed 30 April 2014)

ထိုတိုက်ပွဲသည် ဧပြီလ ၁၀ ရက်မှ ၁၂ ရက်ထိ ဗန်းမော်ခရိုင်၊ မန်စီမြို့နယ်၊ မန်ဝိန်း ကြီးကျေးရွာအုပ်စု ရွှေလီမြစ် အနီး တွင် ဖြစ်ပွားခဲ့သည်။ KIO ၏ အဆိုအရ ၂,၀၀၀ အထက်ရှိသော IDP များသည် နောင်တောင်းမြို့နယ်ရှိ ဘောင်းကျန်း တွင် နားခို နေထိုင်ကြောင်း သိရပါသည်။

မန်ဝိန်းကြီး နှစ်ခြင်းဘုရားကျောင်းမှ သင်းအုပ်ဆရာ လခန်အောင်လွန်းက ကချင်နှစ်ခြင်း နှင့် ကတ်သိုလစ်ဘုရား ကျောင်းများ၏ အကူအညီနှင့် ရာပေါင်းများစွာသော IDP များကို ရှမ်းပြည်နယ်အတွင်းရှိ နမ့်ခမ်းမြို့နယ်သို့ ထရပ် ကားများ မော်တော်ဆိုင်ကယ်များဖြင့် ပို့ဆောင်ပေးသည်ဟု ပြောပါသည်။

သင်းအုပ်ဆရာက IDP များသည် အဝတ်တစ်ထည်၊ ကိုယ်တစ်ခုဖြင့် အိုးအိမ်များမှ စွန့်ခွာ ထွက်ပြေး လာရသဖြင့် အစားအသောက်နှင့် အမိုးအကာ နေစရာများ အရေးတကြီး လိုအပ်နေကြောင်း ဆိုပါသည်။ မန်ဝိန်းရှိ ဒုက္ခသည်စခန်း များတွင် ပြည့်ကျပ်နေပြီး IDP များကို လက်ခံရန်နေရာမရှိတော့ကြောင်းလည်း သိရပါသည်။

**ဗမာနိုင်ငံ(Burma) ကချင်ပဋိပက္ခ အရှိန်မြင့်လာ၊ ကုလစိုးရိမ်မှုမြင့်တက်** [17]

ဘန်ကောက် - ကချင်ပြည်နယ်မြောက်ပိုင်းရှိ တိုင်းရင်းသားသူပုန်တပ်များသည် အစိုးရ နှင့် အပစ်အခတ်ရပ်စဲရေး ဆိုင်ရာစာချုပ်ကို အလျင်စလို မချုပ်ရန် ကျန်ရှိနေသော နောက်ဆုံး သောင်းကျန်းသူအုပ်စုဖြစ်သည်။

ပြီးခဲ့သည့် သီတင်းပတ်များအတွင်း တိုက်ပွဲများ မြင့်တက်လာပြီး အရပ်သား ထောင် ဂဏန်း ထွက်ပြေးခဲ့ရသည်။ တစ်ချိန်ထဲမှာပင် ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများ သည် ဗမာ(Burmese) စစ်သားများက ပဋိပက္ခအတွင်း အရပ်သားများကို မုဒိမ်းမှုများ ကျူးလွန်သည်ဟူသော သတင်းပို့ချက်များကို စိုးရိမ်မှုများ မြင့်တက်လာသည်။

[17] http://www.voanews.com/content/burmas-kachin-conflict-escalates-drawing-concern-from-un/1900995.html (viewed on 30 April 2014)

ယခုအပတ်တွင်း ကုလသမဂ္ဂသည် အခြားသော အခွင့်အရေးကြိုးပမ်းသူအဖွဲ့များနှင့် ပူးပေါင်းကာ မြန်မာစစ်တပ် ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို မြန်မာအစိုးရအနေဖြင့် စုံစမ်းစစ်ဆေးရန် တောင်းဆိုခဲ့သည်။

ကချင်ပြည်နယ်ရှိ သူပုန်တို့ ထိန်းချုပ်ရာနေရာများတွင် တိုက်ပွဲများဖြစ်ပွားနေစဉ် ယင်းကဲ့သို့ တောင်းဆိုသံများ ကျယ်လောင်လာပါသည်။ ဗမာ့တပ်မတော်နှင့် KIA သူပုန်များအကြား ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် အနည်းဆုံး လူ ၃,၀၀၀ နေအိမ်မှ စွန့်ခွာထွက်ပြေးနေရကြောင်း အကဲခတ်သူများက ဆိုပါသည်။ ကျန်းမာရေး အကူအညီပေး အဖွဲ့ဖြစ်သော Free Burma Rangers က ဆေးဝန်ထမ်းများနှင့် မှတ်တမ်းပြုစုသူအဖွဲ့များကို ပဋိပက္ခဖြစ်ရာဒေသသို့ ပို့ဆောင်ပေးလျက်ရှိသည်။

အစိုးရ၏ ပြစ်ဒဏ်ချမှတ်ခြင်းမှ ရှောင်လွဲနိုင်ရန် အမည်ထုတ်ဖော်ခြင်းမပြုသော မှတ်တမ်းပြုအဖွဲ့ ခေါင်းဆောင် တစ်ဦးက ၎င်းတို့အဖွဲ့သည် စစ်တပ်မှ တိုက်ခိုက်ခံရ၍ ရွာမှထွက်ပြေးခဲ့သော မုဒိမ်းကျင့်ခံခဲ့ရသည့် ဆယ်ကျော်သက် တစ်ဦးကို မေးမြန်းအင်တာဗျူးခဲ့ကြောင်း ပြောပါသည်။

သင်သည် မိသားစုဝင်များကို ဆုံးရှုံးနိုင်သည်။ သင့်ဘဝကို ဆုံးရှုံးနိုင်သည်။ သေသည်အထိ နှိပ်စက်ခံရနိုင်သည်။ ပိုင်ဆိုင်မှုများ ဆုံးရှုံးနိုင်သည်။ မုဒိမ်းအကျင့် ခံရနိုင်သည်ဟု၊ အသတ်ခံရနိုင်သည်ဟု ကြောက်ရွံ့နိုင်သည်။ ၎င်းကိစ္စများ အမှန်တကယ်ဖြစ်ပွားနေပြီး၊ ဖြစ်နိုင်သည်ဆိုသည်မှာ မဟုတ်တော့ဘဲ ဖြစ်ပြီးပြီ ဖြစ်သည်။ ထို့ကြောင့် မကောင်းဆိုးဝါးဖြစ်စဉ်များကို ရပ်တန့်သင့်ကြောင်း FBR အဖွဲ့ခေါင်းဆောင်က ဆိုပါသည်။

မကြာသေးခင်က တိုက်ခိုက်ခံခဲ့ရသောရွာများတွင် နှိပ်စက်ညှဉ်းပမ်းမှု အထောက်အထားများကို တွေ့ရှိထားကြောင်း Free Burma Rangers အချက်အလက်မှတ်တမ်းတင်ရေး အဖွဲ့ကပြောပါသည်။

ဗမာအစိုးရပြောရေးဆိုခွင့်ရှိသူ ရဲထွဋ်ကမူ အစိုးရတပ်များက တာဝန်ချိန်ပြင်ပတွင် အသတ်ခံခဲ့ရသော ၎င်းတို့၏ အရာရှိကြီးအတွက် လက်စားချေတိုက်ခိုက်ခြင်းဖြစ်ကြောင်းပြောပါသည်။ ၎င်းပြောရေးဆိုခွင့်ရှိသူက ဗမာနိုင်ငံအစိုးရသည် ရာဇဝတ်မှုကျူးလွန်သော စစ်သားများကို အရေးယူမည်ဟု ကတိပေးပါသည်။

– –

အစိုးရနှင့် မြန်မာ့တပ်မတော်သည် အရပ်သားများအား နှိပ်စက်ခြင်းနှင့် မုဒိမ်းကျင့်ခြင်းအား လက်နက်တစ်ခုအဖြစ် အသုံးချခြင်းကို လုံးဝသည်းမခံကြောင်း ကျွန်တော်အာမခံနိုင်ပါသည်။ ထို့ကြောင့် ယခုကိစ္စတွင် သက်သေအထောက် အထားများ တင်ပြလာပါက ထိုပြစ်မှုအတွက် တာဝန်ရှိသူအား အရေးယူရန် အဆင်သင့်ရှိပါသည်ဟု ရဲထွဋ်က ပြောဆိုပါသည်။

KIA ဗိုလ်ချုပ် ဂွမ်မော်က ဝါရှင်တန်တွင် VOA သို့ပြောကြားရာတွင် ဖြစ်ပွားနေသောတိုက်ပွဲသည် နောက်လတွင်း ကျင်းပရန် စီစဉ်ထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အန္တရာယ်ကျရောက်နိုင်ကြောင်း ပြောပါသည်။ ၎င်းကပင် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ပေါင်းစပ်ညှိနှိုင်းမှု (NCCT) အဖွဲ့ဝင်တစ်ဦးအနေဖြင့် ရန်ကုန်သို့ ပုံမှန်သွားလေ့ရှိကြောင်း သို့သော်ယခုကဲ့သို့ တိုက်ပွဲပိုမိုပြင်းထန်လာပါက ဤကဲ့သို့ သွားရောက်ခြင်းကို ပြန်လည်စဉ်းစားရမည် ဖြစ် ကြောင်းဆိုပါသည်။

၎င်း၏ ဝါရှင်တန်ခရီးစဉ်အတွင်း အမေရိကန်ပြည်ထောင်စုအား ၎င်းတို့ကိုယ်စားလှယ်များ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်စေရန် မေတ္တာရပ်ခံတောင်းဆိုခဲ့သည်။ အမေရိကန် နိုင်ငံခြားရေးဌာနကမူ တုံ့ပြန်ခြင်းမရှိပါ။

ပြီးခဲ့သည့် ကာလအတွင်းက တရုတ် အစိုးရကိုယ်စားလှယ်များက စေ့စပ်ညှိနှိုင်းသူများအဖြစ် တာဝန်ယူခဲ့သည်။

ယခုလတ်တလော တိုက်ပွဲများ ဖြစ်ပွားနေသော ကချင်ပြည်နယ်တောင်ပိုင်းသည် တရုတ်နယ်စပ်အနီး စည်ကားရှုပ်ထွေးသော ခရီးထောက်တစ်နေရာဖြစ်ပြီး တရားမဝင် သစ်မှောင်ခိုထုတ်ခြင်း ကုန်သွယ်ရေးလမ်းကြောင်းများ ဓာတ်ငွေ့ပိုက်လိုင်းနှင့် အစိုးရထိန်းချုပ်ထားသော ဘိန်းခင်းများရှိရာဒေသ ဖြစ်သည်။

ဆန်းစစ်သရုပ်ခွဲသူများက ယခုတိုက်ပွဲများသည် ဗမာအစိုးရအား ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွင်း အသာစီးရစေနိုင်ပြီး KIA နှင့် အနီးပတ်ဝန်းကျင်ရှိ အခြားတိုင်းရင်းသားတပ်များကြားရှိ မဟာမိတ်ဆက်ဆံရေးကို ပျက်ပြားစေနိုင်သည်။

# အပိုင်း(၅)

## သတင်းခန်း ယဉ်ကျေးမှုဓလေ့များ

### အသက်မွေးဝမ်းကျောင်းအဆင့် လိုက်နာကျင့်သုံးမှုနှင့် မျိုးချစ်စိတ်

မည်သည့်စာနယ်ဇင်းသမားမျှ အလုံးစုံဘက်လိုက်မှု ကင်းသည်ဟု မဆိုနိုင်ပါ။ လူသားအားလုံးကဲ့သို့ပင် စာနယ်ဇင်း သမားများသည် ၎င်းတို့ နိုင်ငံ၊ ဘာသာ၊ ကိုးကွယ်ယုံကြည်မှုများနှင့် လူမျိုးစုဆိုင်ရာ တန်ဖိုးထားမှုများကို မြတ်နိုးသယ် ဆောင်ကြပါသည်။ ထို့ကြောင့်ပင် ဤသို့သော ပုဂ္ဂိုလ်ရေးဆိုင်ရာတန်ဖိုးထားမှုများနှင့် ဘက်လိုက်မှုများကို ဖယ်ရှားရန် သက်မွေးအဆင့်ရှိ စာနယ်ဇင်းသမားများသည် တိကျမှု ဘက်မလိုက်မှုနှင့် တာဝန်ယူမှုများအတွက် စံများရှိရပါမည်။

သို့သော် လူ့ဘောင်အဖွဲ့အစည်းတစ်ခုကို အကြမ်းဖက်ခြိမ်းခြောက်ချိန်တွင် မီဒီယာသည် တစ်ဖက်ကိုရပ်တည် ပါသည်။ နီပေါတွင် ဤကဲ့သို့ ဖြစ်ပွားခဲ့သည်။ အစိုးရသည် အရေးပေါ်အခြေအနေ ကြေညာပြီး မော်ဝါဒီသူပုန်များကို တိုက်ရန် စစ်တပ်ကို စုစည်းပြင်ဆင်ပါသည်။ မော်ဝါဒီများသည် တိုင်းပြည်တွင်း တည်ရှိပြီး ဒီမိုကရေစီစနစ်နှင့် ဘုရင်စနစ်ကိုဖယ်ရှားရန် ထကြွသောင်းကျန်းမှုတစ်ခုကို ဦးဆောင်နေသူများ ဖြစ်ပါသည်။ အစပိုင်းတွင် အဓိက မီဒီယာကုမ္ပဏီများသည် အရေးပေါ်အခြေအနေကြောင့် သတင်းလွတ်လပ်ခွင့်များ ပျောက်ကွယ်နိုင်သည်ကို ပူပန်ခြင်း မရှိပါ။ မီဒီယာအများစုသည် အစိုးရက မော်ဝါဒီတို့ကို ညွှန်းဆိုဖော်ပြသော အကြမ်းဖက်သမားများဆိုသည့် စကားလုံးကိုပင်သုံးခဲ့ပါသည်။ ၎င်းစကားလုံးသည် အဓိပ္ပာယ်ရည်ရွယ်ချက်အပြည့်ရှိသော စကား

လုံးဖြစ်သည်။ အစိုးရက ဘင်္ဂါလီဟု သုံးနှုန်းသောကြောင့် ကျွန်ုပ်တို့လည်း ဤစကား လုံးကိုပင် အသုံးပြုသည်ဆိုသည်မှာလည်း ခပ်ဆင်ဆင် နည်းလမ်းပင် ဖြစ်သည်။[18]

သို့သော် ၎င်းအခြေအနေသည် ဆင်းရဲသော၊ ဖွံ့ဖြိုးမှုနောက်ကျဆုံးဖြစ်သော နိုင်ငံများ တွင်သာ ဖြစ်နေခြင်းမဟုတ်ပါ။ စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုများအပြီးတွင် အမေရိကန်ပြည်ထောင်စုရှိ မီဒီယာများသည် ၎င်းတို့ တိုက်ခိုက်မှု၏ ရှုပ်ထွေးမှုများကို ဖော်ပြရန် ပျက်ကွက်ခဲ့ပြီး အမေရိကန်နိုင်ငံသားတို့၏ အခွင့်အရေးများကို သက်ရောက် မှုများ ရှိလာနိုင်မည် ဥပဒေပြုရေးလုပ်ငန်းကို မျက်စိစုံမှိတ် အာရုံကျခဲ့သည်။ ၎င်း နောက်ပိုင်း ဆက်လက်ဖြစ်ပွားခဲ့သည့် အမေရိကန်ပြည်ထောင်စုက ဆင်နွှဲခဲ့သော စစ်ပွဲ များတွင်လည်း အစိုးရ၏ အမြင်ကို မီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် ပဲ့တင်ထပ် ဖော်ပြ ခဲ့ပါသည်။

အထက်တွင် ဆွေးနွေးခဲ့သော နမူနာဖြစ်ရပ်များတွင် မီဒီယာသည် ကျဉ်းမြောင်းစွာပင် စူးစိုက်ဖော်ပြခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အစိုးရနှင့် ၎င်းတို့နှင့် သက်ဆိုင်ရာ စိတ်ဝင်စားမှု တူညီသည့်အုပ်စု၏ အာဘော်များကို ရေးသားတင်ဆက် ခဲ့ခြင်းကြောင့်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် စာနယ်ဇင်းသမားများအဖို့ အခြား ဆန့်ကျင် ဖက်အဖွဲ့ အကြောင်းကို သရုပ်ခွဲဆန်းစစ်ရေးသားတင်ဆက်ရန် ပိုမိုခက်ခဲလာပါသည်။ နီပေါနိုင်ငံရှိ စာနယ်ဇင်းသမားများသည် ၎င်းတို့၏ လက်ရာများကို ကိုယ်တိုင် ဆင်ဆာ ဖြတ်တောက် ပြုလုပ်လာသလို နိုင်ငံရေးအရ တဖက်သို့ ဘက်လိုက်လာပြီး ဘက် မလိုက်မှု ပျောက်ဆုံးခဲ့ပါသည်။

သီရိလင်္ကာတွင် အဓိကလူမျိုးစုနှစ်ခုဖြစ်သော ဆင်ဟာလီနှင့် တမီလ်တို့သည် နိုင်ငံ၏ မြို့တော်တွင် အတူနေထိုင်ကြပါသည်။ သို့သော် တစ်ဖက်ချင်းစီသည် ကိုယ်ပိုင် မီဒီယာ များရှိကြပြီး အခြားတစ်ဖက်အကြောင်းကို အကောင်းမြင် ရေးသားတင်ဆက်ခြင်းမှာ

[18] ရန်ကုန် ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ သင်တန်းတွင် သင်တန်းသားတစ်ဦးက ဤကဲ့သို့ပြောခဲ့ပါသည်။

လည်း ရှားရှားပါးပါးပင်ဖြစ်သည်။[19] တမီလ်နှင့် ဆင်ဟာလီ မီဒီယာများ၏ တဖက် သတ်ရေးသားဖော်ပြချက်များကို ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်ထားပါသည်။ ယင်း မီဒီယာများသည် သံသယများ၊ မယုံကြည်မှုများနှင့် ပဋိပက္ခဖြစ်ပေါ်ရန် အလားအလာများကို ဖန်တီးပေးပါသည်။

ဆင်ဟာလီနှင့် တမီလ် သတင်းစာများ၏ အဖြစ်အပျက်တစ်ခုတည်းအပေါ်တွင် သတင်းရေးသားချက်များ ဖြစ်သည်။ ပထမသတင်းက *ထရင်ကိုတွင် ကျောင်းသားများ ဆုံးပြုလုပ်နေစဉ် ပေါက်ကွဲ၍ ကျောင်းသားငါးဦး သေဆုံး*ဟု ဆိုပါသည်။ ဒုတိယသတင်းက *ထရင်ကိုတွင် တမီလ် ကျောင်းသားငါးဦး ယမန်နေ့ညက ပစ်သတ်ခံရ၊ ငါးယောက် ဒဏ်ရာရ၊ နှစ်ဦး ဒဏ်ရာပြင်း* စသည်ဖြင့် ဖော်ပြပါသည်။

သတင်းခန်းမသည် သတင်းတစ်ပုဒ်ကို တစ်ဖက်အမြင်ဖြင့်သာ ကြည့်ရှုဖော်ပြပါက ၎င်းသတင်းအပေါ်တွင် သတင်း သမားအဖို့ လွတ်လပ်စွာတွေးခေါ် စဉ်းစားနိုင်မည် မဟုတ်ပါ။ သတင်းသမားများသည် ဖြစ်ပျက်ခဲ့သည်များအတွက် တစ်ဖက်ဖက်၏ အမြင်စကားလုံးများကို လက်ခံသည်။ သို့သော် ကျွန်ုပ်တို့အနေနှင့် အခြားတစ်ဖက်ကို စကားပြော ဆွေးနွေးခြင်းမပြုပါက တစ်ခုခုအပြောင်းအလဲဖြစ်ချိန်တွင် ကျွန်ုပ်တို့ မည်ကဲ့သို့ သိနိုင်မည်နည်း။ ကျွန်ုပ်တို့သည် အားကိုး စိတ်ချထိုက်သော စာနယ်ဇင်းပညာ၏ တန်ဖိုးကို ဆုံးရှုံးမည်ဖြစ်ပြီး ဆက်သွယ်ပညာပေးခြင်း ယုံတမ်းစကားများကို ဖယ်ရှားခြင်းတို့ ဆောင်ရွက်နိုင်မည်မဟုတ်ပါ။

## အခြားတစ်ဖက်သို့ ရောက်ရှိခြင်း

မတူညီသော ဆန့်ကျင်ဘက် နှစ်ဖက်ကြားရှိ အတားအဆီးများကို ဖယ်ရှားရှင်းလင်းနိုင်ရန် သက်မွေးအဆင့်ရှိ စာနယ်ဇင်းသမားများက ကူညီနိုင်သည်မှာ ၎င်းနှစ်ဖက်ကြားရှိ ဘုံတူညီသောအကြောင်းအရာများကို ဖော်ထုတ်ရန်ဖြစ်သည်။ ဥပမာ ၎င်းအကြောင်းအရာများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိတ်ပူပန်မှုများ စီးပွားရေး အလားအလာ

[19] သီရိလင်္ကာပြည်တွင်းစစ်သည် ၂၀၀၉တွင် ပြီးဆုံးသည်။ ၎င်းအချိန်မှစကာ မီဒီယာလွတ်လပ်ခွင့် အချိုးအကွေ့သို့ရောက်ရှိပြီး မီဒီယာအပေါ် စိတ်ချ ယုံကြည်နိုင်ခြင်း အထူးသဖြင့် တိကျခြင်း၊ ဘက်မလိုက်ခြင်း၊ တာဝန်ခံခြင်းတို့ အပေါ်တွင် မေးခွန်းထုတ်လာသည်။

များ ကျန်းမာရေးပြဿနာများနှင့် စိုက်ပျိုးရေးထွန်ယက်နည်းအသစ်များတို့ ဖြစ်နိုင်ပါသည်။ ထို့အပြင် သတင်းများသည် နှစ်ဖက်စလုံးမှ နားလည်နိုင်သော ပြဿနာ၏ အဖြေများကိုလည်း ရေးသားတင်ဆက်နိုင်ပါသည်။

အတားအဆီးများကို ချိုးဖျက်နိုင်သော နောက်ထပ်နည်းလမ်းတစ်ခုမှာ လူမျိုးရေး ကိစ္စရပ်များမှ ကျော်လွန်သော ပုံရိပ်ကိစ္စများ (သို့) အမျိုးသားခေါင်းဆောင်များကဲ့သို့သော လူပုဂ္ဂိုလ်များအကြောင်းများကို ရေးသားတင်ဆက်ခြင်း ဖြစ်ပါ သည်။

လူမျိုးစုတစ်စု (သို့) ဘာသာယုံကြည်မှုတစ်ခုမှ လာသော်လည်း တစ်နိုင်ငံလုံးအား ကိုယ်စားပြုနိုင်သူများသည် အားကစား၊ စီးပွားရေး၊ ကမ္ဘာ့နိုင်ငံရေးနှင့် ပညာရေး ကဏ္ဍတို့တွင် ရှိပါသည်။

အရေးအကြီးဆုံးနည်းလမ်းမှာ အသေယူဆထင်မြင်ချက်များနှင့် လက်ခံထားချက်များကို သတင်းများမှ ဖယ်ရှားရန်ဖြစ်သည်။ လူမျိုး ဘာသာရေးနှင့် ဇာတ်စနစ်စသော အခြားတစ်ဖက်နှင့် မတူညီမှုများကို အသေထင်မြင်ယူဆချက်များက ပိုမိုအားကောင်းစေသည်။ ၎င်းသတင်းတင်ဆက်မှုများသည် အခြားတစ်ဖက်အနေနှင့် မည်သည့်အခါမှ မပြောင်းလဲဘဲ အမြဲတမ်းပုံစံတူ လုပ်ဆောင်နေကြောင်း ထင်မြင်ယူဆနိုင်ပါသည်။ အသေထင်မြင်ယူဆချက်များသည် မည်သည်တို့ ဖြစ်ပျက်ခဲ့စေကာမူ အခြားတစ်ဖက်၏ ဘာသာရေး ဇာတ်စနစ်နှင့် ယဉ်ကျေးမှုတို့ကို အပြစ်တင်ပါသည်။ ၎င်းသတင်း တင်ဆက်မှုပုံစံသည် မှားယွင်းပြီး အစွဲဆိုးများနှင့် ပဋိပက္ခများကို ဖြစ်ပေါ်စေနိုင်သည်။

*လူမျိုးရေး ဘာသာရေးနှင့် ဇာတ်စနစ်များသည် မိမိ၏ သတင်းတင်ဆက်ရာတွင် အရေးကြီးပါသလားဟုအမြဲ မေးခွန်း ထုတ်ပါ။ အရေးမကြီးပါက ၎င်းတို့ကို ဖယ်ရှားပါ။*

## နမူနာ ၃- သမားရိုးကျ သတင်းတင်ဆက်မှုနှင့် ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ

### (၃)သမားရိုးကျ သတင်းတင်ဆက်မှု

Yoho city, YNS- မြို့တော်အတွင်း လူမျိုးစုဂိုဏ်းများ၏ တိုက်ခိုက်မှုအသစ်များကြောင့် အင်္ဂါနေ့ညက လူငယ်ခုနစ်ဦး သေဆုံးပြီး ကုန်လှောင်ရုံတစ်ခု ပျက်စီးသွားပါသည်။ ရန်

ဖက် ယိုဟိုနှင့်အတူ လူငယ်ဂိုဏ်းများသည် သေနတ်များ၊ လက်လုပ်မီးလောင်ဗုံးများ အသုံးပြု ကာ မိနစ် ၂၀ ကျော်ကြာအောင် ပစ်ခတ်တိုက်ခိုက်ကြပြီး ၎င်းတိုက်ပွဲကို ရဲများက လူမျိုးစုခြင်း ပစ်ခတ်မှုတစ်ခုဟု ကင်ပွန်းတတ်ပါသည်။ ကုန်လှောင်ရုံ၏ အပြင်ဖက်၌ ရပ်ထားသော ယိုဟိုလူငယ် အပြည့်ပါရှိသည့် ကားတစ်စီးအတွင်းသို့ ဓာတ်ဆီဗုံး တစ်လုံးကို ပစ်သွင်းရင် ငါတို့မင်းတို့ကို အကုန်သတ်မယ်ဟု အတူလူမျိုး တစ်ယောက်က အော်ဟစ်ခဲ့ကြောင်း အနီးအနားတွင် နေထိုင်သူတစ်ဦးက ပြောပါသည်။

အခြား အတူဂိုဏ်းဝင်များက ဓာတ်ဆီဗုံးများကို ကုန်လှောင်ရုံပြူတင်းပေါက်များထဲသို့ ပစ်သွင်းသည်ကိုတွေ့မြင်ခဲ့ရပြီး အဆောက်အဦသည် မီးကြောင့် ပျက်စီးခဲ့ပါသည်။ နှစ်ဖက်သော ဂိုဏ်းဝင်များသည် လူမျိုးစုစစ်ပွဲတစ်ခုကို ရက်သတ္တ ပတ်ပေါင်း အတော်ကြာ ဆင်နွှဲကြကြောင်း ရဲအရာရှိများက ဆိုပါသည်။

## (၃) ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ

Yoho city, YNS- တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုဖြင့် ယိုယွင်းနေသောမြို့ကြီးသည် အင်္ဂါနေ့ညက မူးယစ်ဆေးရောင်းဝယ်မှုဖြင့် အငြင်းပွားကြသော အုပ်စုနှစ်ခုကြား မြို့လယ်ဧရိယာတွင် ပစ်ခတ်မှုတစ်ခုကို စတင်စေခဲ့ သည်။ ဒေသခံများ၏ အဆိုအရ ၎င်းဧရိယာကို ထိန်းချုပ်ရန်ကြိုးစားသော ပြိုင်ဖက်မူးယစ်ဆေးလုပ်ငန်းသမားများ၏ စုဆောင်းသိမ်းသွင်းမှုကိုခံရသော လူငယ်များသည် လူနှစ်ဦးသေဆုံးခဲ့သော ပစ်ခတ်မှုတွင် ပါဝင်ခဲ့သည်။ သေဆုံးသူ များထဲမှ လေးဦးသည် မူးယစ်ဆေးဖြန့်ဖြူးရေးနေရာဟု ယူဆရသော ကုန်လှောင်ရုံကို စောင့်ရှောက်ရန် ငှားရမ်းခြင်း ခံရသော ယိုဟို လူငယ်များဖြစ်သည်ဟု ဒေသခံများက ယုံကြည်ပါသည်ဟု East-side Citizen Association ၏ ဥက္ကဋ္ဌ Jane Brown ကဆိုပါသည်။

Eastside ဧရိယာကို လွှဲပြောင်းရယူရန် ကြိုးစားနေသော အခြားမူးယစ်ဆေးရောင်း ဝယ်သူများသည် အလုပ်လက်မဲ့ လူငယ်များကို စုစည်းကာ လက်နက်များ တပ်ဆင်ပေးကြောင်း Ms.Brown က ဆိုပါသည်။

ကျွန်ုပ်တို့၏ လယ်များကို စစ်မြေပြင်အဖြစ်ပြုလုပ်နေသော မူးယစ်ဆေးရောင်းဝယ် ဖောက်ကားမှုကို ရဲများက ရင်ဆိုင် ဖြေရှင်းရန် ငြင်းဆန်ထားပါသည်။ ကျွန်ုပ်တို့အနေဖြင့် ရဲစခန်းများ ကုသရေးဌာနများအတွက် ငွေများလိုအပ်ပါသည်။

**(၃) ခြားနားချက်များကို မြင်ပါသလား**

*သမရိုးကျတင်ဆက်မှု*

- သတင်းသည် အကြမ်းဖက်မှုမြင်ကွင်းကို ရှင်းလင်းစွာဖော်ပြခြင်းဖြင့် စတင်သည်။ လူမျိုးစုတစ်စုကို အပြစ်တင် သည်။ လူမျိုးစုအမည်ကို ထပ်တလဲလဲ အသုံးပြုသည်။
- သတင်းသည် အမည်မဖော်ပြထားသော ရဲတပ်ဖွဲ့ဝင်၏ အမြင်ကို အချက်အလက်အဖြစ် အသုံးပြုသည်။
- သတင်းသည် အကြမ်းဖက်မှု၏ အသေးစိတ်ကို ဖော်ပြသည်။ သို့သော် အကြမ်းဖက်မှုအတွက် ရှင်းပြချက်ကို မပေးပါ။
- သတင်းသည် အခြားအမြင်များနှင့် စိတ်ဝင်စားမှုကို ကြိုးစားဖော်ပြခြင်းမရှိပါ။

*ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ*

- သတင်းသည်အစပိုင်းတွင် လူမျိုးရေးဆိုင်ရာ သတ်မှတ်ဖော်ပြမှုများကို သတိထားပြီး ရှောင်ရှားသည်။ အဘယ့်ကြောင့်ဆိုသော် အရေးမကြီး၍ ဖြစ်သည်။
- သတင်းသည် အကြမ်းဖက်ခြင်းကိုဖော်ပြသည်။ သို့သော်အဓိက အကြောင်းရင်းသည် မူးယစ်ဆေး ရောင်းဝယ် ပတ်သက်သူများကြောင့် ဖြစ်သည်ဟု ရှင်းပြသည်။
- သတင်းသည် လူမျိုးစုဆိုင်ရာ သတ်မှတ်ချက်ကို ဖော်ပြသည်။ သို့သော် ၎င်းတို့သည် သားကောင်များ ဖြစ်ကြောင်း ဖော်ပြသည်။

- သတင်းသည် အချက်အလက်များကိုရရန် အခြားအရင်းအမြစ်များမှ ကြိုးစားသည်။ အဖြေကိုလည်း ဖော်ပြ သည်။
- သတင်းသည် ရဲအဖွဲ့၏ အဖြေရှာရာတွင် မအောင်မြင်ပုံကိုလည်း ဖော်ပြသည်။

**နမူနာ ၄**

**(၄)သမရိုးကျ သတင်းတင်ဆက်မှု**

Yoho City, YNS- မြို့တော်အတွင်းဆက်လက်ဖြစ်ပွားနေသော လူမျိုးရေးမုန်းတီးမှု အတွင်း ယမန်နေ့က နောက်ထပ်အတူ အပ်ချုပ်ဆိုင်တစ်ခု မီးလောင်ပုံးဖြင့် အပစ် ခံခဲ့ရသည်။ ၂၁ မိနစ်းလမ်းပေါ်ရှိ အတူဆိုင်သည် မီးရှို့ခံခဲ့ရပြီး လုံးဝ ပျက်စီးသွားသည်။ ပိုင်ရှင်မိသားစုသည် တိုက်ခိုက်မှုအပြီးတွင် အသက်ဘေးမှ သီသီလေး လွတ်မြောက် သွားသည်။ တစ်မြို့လုံးတွင် အပ်ချုပ်ဆိုင် တစ်ဝက်ခန့်ကို အတူလူမျိုးများက ပိုင်ဆိုင်ပါ သည်။ ပြီးခဲ့သည့် သုံးလအတွင်း အနည်းဆုံး အပ်ချုပ်ဆိုင် ကိုးဆိုင်သည် လုယက် ရမ်းကားမှုနှင့် တိုက်ခိုက်မှုကို ခံရပါသည်။ ယခုအတောအတွင်း ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများသည် မြင့်တက်လာခဲ့သော အတူနှင့် ယိုပဟိုလူမျိုးများကြားရှိ တင်းမာမှု များနှင့် ဆက်စပ်နေပြီး နိုင်ငံမြောက်ပိုင်းတွင် ဖြစ်ပွားနေသော အတူခွဲထွက်ရေး သမားများနှင့် အစိုးရတို့ကြား ဖြစ်ပွားနေသော ပြည်တွင်းစစ်ကို ထင်ဟပ်လျက်ရှိပါသည်။

**(၄) ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ**

Yoho City, YNS- ၅၂ နှစ် အရွယ်ရှိသူ အပ်ချုပ်စက်ကိရိယာများ ရောင်းသူတစ်ဦးသည် မြို့တော်တွင်း အပ်ချုပ်ဆိုင် တစ်ဆိုင်ကို မီးလောင်ပုံးများ ပစ်သွင်းမှုဖြင့် ဖမ်းဆီး ခြင်းခံခဲ့ရသည်။

၎င်းသည် အပ်ချုပ်ဆိုင်ပိုင်ရှင်အား ၎င်းထံမှ စက်အစိတ်အပိုင်းများဝယ်ယူရန်ပြောပြီး မဝယ်ပါက အန္တရာယ်ပြုမည်ဟု ခြိမ်းခြောက်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရပါသည်။

မိန်းလမ်းပေါ်ရှိ အတူဆိုင် တစ်ဆိုင်အား ညအချိန် မီးရှို့ဖျက်ဆီးခံရပြီး နှစ်ပတ်အကြာတွင် ထိုသူအား ခြိမ်းခြောက် ရယူခြင်းအမှုဖြင့် အပ်ချုပ်ဆိုင်များ မီးရှို့ဖျက်ဆီးခဲ့မှုများနှင့် ဆက်စပ်မှု ရှိမရှိ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေပါသည်။

မကြာသေးခင်က အနည်းဆုံး အတူဆိုင် ၉ ဆိုင် တိုက်ခိုက်ခံခဲ့ရသည်။ အတူဆိုင် ပိုင်ရှင်များက ၎င်းတို့သည် ယိုပဟို အစွဲအလမ်းများ၏ သားကောင်များဖြစ်ခဲ့သည်ဟု ပြောဆိုပါသည်။

**ခြားနားမှုကို မြင်ပါသလား**

*သမရိုးကျသတင်း တင်ဆက်ခြင်း*

- သတင်းသည် လူမျိုးရေး သတ်မှတ်မှုများအား အရေးကြီးဖော်ပြသည်။ လူမျိုးရေး ပဋိပက္ခသည် အကြောင်းအရင်း ဖြစ်သည်ဟု ယူဆသည်။ သက်သေအထောက်အထားမရှိပါ။
- သတင်းသည် အခြားအရင်းအမြစ်နှင့် ထင်မြင်ချက်များကို မရှာဖွေပါ။ အရင်းအမြစ်လည်း မရှိပါ။

*ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ*

- လူမျိုးရေးသတ်မှတ်မှုများအား ချက်ချင်းမဖော်ပြပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အရေးမကြီး သောကြောင့် ဖြစ်သည်။
- သတင်းသည် ခြိမ်းခြောက်မှုကို ဖော်ပြသည်။ လူမျိုးရေးပဋိပက္ခကို မဖော်ပြပါ။

## အစွဲအလမ်းကင်းစေရန် တိုက်ဆိုင်စစ်ဆေးရန် လိုအပ်ချက်များ

စာနယ်ဇင်းသမားများသည် ၎င်းတို့၏ သတင်းများသည် အစွဲအလမ်းများ ကပ်ငြိမှု ရှိမရှိကို စစ်ဆေးရန် အသိဉာဏ်ပြည့်သော ကြိုးစားမှုပြုရန် လိုပါသည်။ ယခု စာရင်းသည် The Sunday Time of South Africa မှ လိုက်လျောညီထွေရန် ဆောင်ရွက်ယူထားပြီး မိမိတို့၏ သတင်းတွင် အစွဲအလမ်းများ ကပ်ငြိမှု ရှိမရှိ တိုက်ဆိုင်စစ်ဆေး ရန် ကူညီနိုင်ပါသည်။

၁။ ယခုသတင်းသည် လိုအပ်မှု ရှိ မရှိ ယခုသတင်းအပေါ်တွင် လူအများ စိတ်ဝင်မှု ရှိ မရှိ အခြားတစ်ဖက် အကြောင်းကိုသာ ရေးသားဖော်ပြခြင်းဖြင့် သတင်း ဟုတ် မဟုတ်

၂။ အချက်အလက်များ မှန်သည်ဆိုစေကာမူ ဤသတင်းသည် အစွဲရှိမရှိ ခြားနားသောပုံစံဖြင့် တင်ဆက် နိုင်ခြင်း ရှိမရှိ

၃။ သတင်းတွင် ခြားနားသော အသံ/ထင်မြင်ယူဆချက်များ လုံလောက်စွာ ပါမပါ ကျွန်ုပ်တို့သည် သာမန် ပြည်သူများနှင့် ကျွမ်းကျင်သူများထံမှ ထင်မြင်ယူဆချက်များ တောင်းခံခဲ့ပါသလား

၄။ ယခုသတင်းတွင် လူများကို တိုက်ခိုက်သော (သို့) အစွဲအလမ်းကို အားပေးသော စကားလုံးများ မှတ်ချက် များပါဝင်သလား ၎င်းမှတ်ချက်များကို အခြားမှတ်ချက်များဖြင့် မျှခြေ ထိန်းချုပ်ထားပါသလား

၅။ ရာဇဝတ်မှုသတင်းတွင် ကျွန်ုပ်တို့သည် တိုက်ခိုက်သူများနှင့် တိုက်ခိုက်ခံရသူများ၏ လူမျိုးအမည်နှင့် ယဉ်ကျေးမှုများကို ဖော်ပြထားပါသလား ၎င်းဖော်ပြချက်သည် လူအများ စိတ်ဝင်စားမှုအတွက် လိုအပ်ပါသလား အဘယ်ကြောင့်နည်း

## သတင်းခန်းအတွင်း မတူကွဲပြားခြားနားမှု

အားကိုးယုံကြည်ရသော စာနယ်ဇင်းပညာသည် တိကျမှုတ တာဝန်ခံမှုရှိသည်။ ယဉ်ကျေးမှု လူမျိုးများနှင့် ဘာသာရေးများသည် ကျွန်ုပ်တို့၏ သတင်းများတွင် လွှမ်းမိုးမှုမရှိ ကျွန်ုပ်တို့သည် အရောင်ကို မသိသူများ ဖြစ်ရမည်။ ကျွန်ုပ်တို့၏ သတင်းခန်းမသည် အမျိုးစုံသော လူမျိုး၊ ကျား/မ၊ ဘာသာရေး၊ လူမျိုးနွယ်စုနှင့် ယဉ်ကျေးမှုများကို ကိုယ်စားပြုသင့်သည်။ ကျွန်ုပ်တို့သည် မိမိတို့ ဆင်းသက်လာသော လူမှုအဖွဲ့အစည်းကို ကိုယ်စားပြုရန် မတူကွဲပြားခြားနားစေရန် လို အပ်သည်။

သို့သော် ကျွန်ုပ်တို့သတင်းခန်းသည် မတူကွဲပြားမှုများ တစ်ခါတရံ မရှိနေပါ။ ကျွန်ုပ်တို့ထံတွင် အခြားတစ်ဖက် လူမျိုးနွယ်စုမှ မတူညီသော လူမျိုးဘာသာ ယဉ်ကျေးမှုများမှ သတင်းထောက်များ မရှိပါ။ ကျွန်ုပ်တို့ ကွဲပြားသောလူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုများမှ သတင်းထောက်များကို မိမိတို့၏ အသင်းအဖွဲ့ဝင်များအဖြစ်ခေါ်ယူထည့်သွင်းရမည်ဖြစ်ပြီး ၎င်းတို့သည်ကျွန်ုပ်တို့နှင့် ယဉ်ကျေးမှုကိုကျွန်ုပ်တို့၏ သင်တန်းခန်းမဆီသို့ ယူဆောင်လာမည်ကြောင့်ဖြစ်သည်။

အကယ်၍ ကျွန်ုပ်တို့ထံတွင် မတူကွဲပြားမှုများ မရှိပါက ကျွန်ုပ်တို့သည် အခြားတစ်ဖက်နှင့် အဆက်အသွယ်မရှိဘဲ အခြားတစ်ဖက်ကို ကိုယ်စားပြုသော အရင်းအမြစ်များလည်းမရှိဖြစ်နေမည်။ ဤသို့ဖြစ်ပါက ကျွန်ုပ်တို့သည် နိုင်ငံ၏ အခြားသောနေရာများမှ သတင်းများ မရရှိဘဲ ဖြစ်နေမည်။ ကျွန်ုပ်တို့အနေဖြင့် မတူကွဲပြားမှုများ ရှိသင့်ပါသည်။ ယေဘုယျအားဖြင့် ကျွန်ုပ်တို့အနေဖြင့် မတူကွဲပြားမှုများ ရှိသင့်ပါသည်။ ယေဘုယျ အားဖြင့် ကျွန်ုပ်တို့သည် အမျိုးသမီး သတင်းထောက်အနည်းငယ်ကိုသာ ထားရှိပြီး အမျိုးသမီးကဏ္ဍ၏ အရေးကြီးပုံကိုလည်း တင်ဆက်ရေးသားခြင်း မပြုပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ သတင်းတင်ဆက်မှုပုံစံများသည် တိုင်းပြည်တွင်း အမှန်တကယ် ဖြစ်ပျက်နေ သည်များကို ကိုယ်စားမပြုပါ။ ကျွန်ုပ်တို့ အမျိုးသမီးများကို ညီမျှစွာ ဆက်ခံရမည်။ သတင်းခန်းမတွင်းနှင့် သတင်း ဇာတ်လမ်းတွင် မတူကွဲပြားမှု ရှိနေခြင်းသည် ပဋိပက္ခအတွင်း မီဒီယာ၏ အခန်းကဏ္ဍကို အရေးကြီးတိုင်းတာ မှတ်ကျောက်တင်နိုင်ခြင်းတစ်ခုဖြစ်သည်။ မီဒီယာသည် ဥပမာများပေးခြင်းဖြင့် လူမှုအဖွဲ့အစည်းကို တည်ဆောက်နိုင်သလို ခွဲပြားခြားနား

အောင်လည်းလုပ်နိုင်ပါသည်။ မတူကွဲပြားသော မီဒီယာသည် ၎င်းတို့အနေနှင့် တိုင်းပြည် ကောင်းကျိုးအတွက် မည်ကဲ့သို့ လုပ်နိုင်ကြောင်း လူမှုအဖွဲ့အစည်းကို ပြသနိုင်ပါသည်။

## မတူကွဲပြားခြင်းအတွက် တိုက်ဆိုင်စစ်ဆေးရန်စာရင်း

၁။ အခြားတစ်ဖက်(သို့) အခြားယဉ်ကျေးမှုအကြောင်း ဖော်ပြသောသတင်းသည် ၎င်းတို့၏ ကျွန်ုပ်တို့ လူ့ဘောင်အတွင်း ပါဝင်တည်ရှိမှု အချိုးကျပါသလား။

၂။ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကဲ့သို့သော ကဏ္ဍများတွင်သာ လူနည်းစုအကြောင်း အကောင်းမြင် ရေးသားမှုများရှိပါသလား။

၃။ အခြားတစ်ဖက်နှင့် ပတ်သက်၍ သတင်းခန်းမထဲရှိ မည်သူ့ထံတွင် စိတ်ချရသော သတင်းရင်းမြစ်နှင့် အဆက်အသွယ်ရှိပါသလား။

၄။ လူနည်းစု မျိုးနွယ်များမှ သတင်းထောက်များကို စုစည်းခန့်အပ်ထားပါသလား။ အဆင့်မြင့် စွမ်းရည်များအတွက် လေ့ကျင့်သင်ကြား မြှင့်တင်ပေးထားပါသလား။

၅။ သတင်းခန်းမနှင့် ကျွန်ုပ်တို့တင်ဆက်သော သတင်းများအတွက် မတူကွဲပြားမှုများ ရရှိ/ပါဝင်စေရန် လမ်းညွှန်ချက်များ ရှိပါသလား။ လေးစားထိုက်သော လုပ်ပိုင်ခွင့်ရှိသော ပုဂ္ဂိုလ်တစ်ဦး ဦးဆောင်သော မတူကွဲပြားမှုများ ဖြစ်ပေါ်ရှင်သန်စေမည့် အစီအစဉ်တစ်ခု ရှိပါသလား။

# အပိုင်း ၆

## ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းအတတ်ပညာ[20]

အားလုံးမဟုတ်စေကာမူ ယခုလက်စွဲစာအုပ်၏ အစိတ်အပိုင်းအတော်များများသည် နိုင်ငံအများစုတွင် စာနယ်ဇင်း ပညာ၌ အသုံးပြု၍ရပါသည်။ ယခုအပိုင်းသည် လက်စွဲစာအုပ်၏ အချို့သော အတွေးအခေါ်များကို မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီစေရန် မွမ်းမံချဲ့ထွင်ရေးသားထားသည်။

တိကျခြင်း၊ ဘက်မလိုက်ခြင်းနှင့် တာဝန်ခံယူမှုတို့သည် အားလုံးလက်ခံနိုင်သော စာနယ်ဇင်းပညာဖြစ်ရန် ကူညီပေးသည်။ အကယ်၍ ကျွန်ုပ်တို့ကို ဘက်မလိုက်ကြောင်း မကြည့်ရှုခံရပါက မိမိကိုယ်မိမိနှင့် မိမိ၏ မီဒီယာကိုပါ အန္တရာယ်ကျရောက် စေနိုင်သည်။

စာနယ်ဇင်းသမားတစ်ဦး၏ အဓိကတာဝန်မှာ ၎င်းတို့၏ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်ပြောင်းလဲနေမှုများကို မျှတစွာ တိကျစွာ ဘက်လိုက်မှုကင်းစွာ ရေးသားတင်ဆက်ရန်ဖြစ်သည်။ ဤသည်တွင် ၎င်းတို့သည် လူအများ၏ စိတ်ဝင်စားမှု အလိုက်ရေးသားတင်ဆက်ရမည်။ သိသာထင်ရှားသောအဖြစ်အပျက်များကို ကျော်လွန်၍ စဉ်ဆက်မပြတ်ကြည့်ရှုကာ ဘက်ပေါင်းစုံ၏ အမြင်များပါဝင်သော လူအများစိတ်ဝင်စားမည့် တစ်ဖက်ကိုလည်း ၎င်းတို့၏ စိတ်ပူပန်မှုများကို ဖော်ပြခွင့် လုံလောက်စွာပေးရမည်။

မှန်ကန်သော စကားလုံးများ အသုံးအနှုန်းသည် အရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော် တစ်ခါတစ်ရံ ဘာပြော သလဲဆိုသည်ထက် ဘယ်လိုပြောခဲ့သလဲ ဆိုသည်က ပိုမို၍ ပြဿနာများတတ်၍ ဖြစ်သည်။ ဥပမာအစိုးရက ရိုဟင်ဂျာပြဿနာများတက်၍ ရိုဟင်ဂျာ

---

[20] မြန်မာ မီဒီယာလမ်းကြောင်းတစ်ခုကို တိတိပပညွှန်းဆိုခြင်းသည် လေးစားဖွယ်ဖြစ်သော မြန်မာနိုင်ငံ မီဒီယာအုပ်စုကို ရည်ရွယ်နိမ့်ချရန် မဟုတ်ပါ။ မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာတစ်ဝှမ်းတွင် မီဒီယာကုမ္ပဏီများသည် အမှားများပြုလုပ်ကြကာ ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ၏ အခြေခံများနှင့် ရှန်းကန်နေရ ပါသည်။ အထက်ပါနမူနာများသည် မည်သည်ကို သတိထားရမည်နှင့် သက်မွေးအဆင့် စာနယ်ဇင်းသမားတစ်ဦး ဖြစ်ရန် သတိမူရမည်တို့ ဖြစ်ပါသည်။

ကို ဘင်္ဂါလီဟု သုံးနှုန်းပါက စာနယ်ဇင်းသမားသည် ဤကိစ္စတွင် အစိုးရဘက်သို့ ပါဝင်သွားသည်။ ဤသည်မှာ အုပ်စုတစ်ခု (သို့) အုပ်စုများက အခြားဟူသော စကားလုံး သုံးစွဲခြင်း၏ နမူနာတစ်ခု ဖြစ်သည်။ ဤကဲ့သို့ အခြေအနေများတွင် စာနယ်ဇင်းသမားတစ်ဦးသည် သတင်းကို အရည်အသွေး ဖြည့်တင်းပေးရ သကဲ့သို့ တစ်ဖက်မှ ကျန်တစ်ဖက်ကို အခြားဟု ခေါ်ဝေါ် တံဆိပ်ကပ်ခြင်းအား မိမိအနေနှင့် သုံးနှုန်းသည်ဟု မထင်ရ အောင် ရှောင်ရှားသင့်ပါသည်။

စာနယ်ဇင်းသမားသည် ဒဏ္ဍာရီယုံတမ်းစကားများနှင့် ဝါဒဖြန့်မှုများကို လုံးဝယုံကြည်ခြင်း မပြုရပါ။ ၎င်းစိတ်ခံစားမှု များကို အချက်အလက်အဖြစ်ရယူကာ သတင်းတင်ဆက်ခြင်း မပြုရန် သတိထားရပါမည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ/ဘင်္ဂါလီများသည် အခြားလူမျိုးများပေါ်တွင် လွှမ်းမိုးနိုင်ရန် ရည်ရွယ်ချက်ရှိရှိဖြင့် ၎င်းတို့၏ ကလေးမွေးနှုန်းကို တိုးမြှင့်နေကြောင်း စွပ်စွဲမှုများရှိပါသည်။ [21] ဤယုံကြည်ချက်သည် မှန်ကန်ပါသလား။ စာနယ်ဇင်းသမားများသည် သုတေသနပြုလုပ်ကာ ဤအပြုအမူများသည် ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်နေသလော (သို့) ဆင်းရဲ မွဲတေမှုနှင့် ကျေးလက်ဒေသများတွင် လယ်ယာများနှင့် အခြားဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်ရန် လူဦးရေများများ ရရှိရန် ဆောင်ရွက်နေခြင်း ဖြစ်နိုင်သလော စသည်ဖြင့် လေ့လာနိုင်ပါသည်။ ထို့အတူ စာနယ်ဇင်းသမားများသည် အထက်ပါပြောဆိုချက်သည် ထိုလူမျိုးစု အုပ်စုဝင် လူအားလုံးအတွက် မှန်ကန်ပါသလော။ မိသားစုဝင် အနည်းငယ် သာရှိသော မိသားစုများကဲ့သို့သော ချွင်းချက်ကိစ္စရပ်များအကြောင်းရှိပါကလည်း ဖော်ထုတ်ရေးသားသင့်ပါသည်။ ယေဘုယျအားဖြင့် အချို့သော လူအုပ်များသည် မိသားစုကြီးကြီးရှိရန် အခြားသော အကြောင်းပြချက်များစွာ ရှိနိုင်သည်။ ၎င်းအကြောင်းပြချက်များမှာ ဘာသာရေး၊ စီးပွားရေးနှင့် အခြားအရာများ ဖြစ်နိုင်သည်။ ကလေးမွေးဖွားနှုန်းများခြင်းကို စွပ်စွဲမှုသည် အကြမ်းဖက်မှုအတွက် အကြောင်းပြချက် တစ်ခုဖြစ်ကြောင်း ဟုတ်/မဟုတ် စာနယ်ဇင်းသမားများက မိမိကိုယ် မိမိမေးခွန်း ထုတ်သင့်ပါသည်။

[21] http://www.globalpost.com/dispatch/news/regions/asia-pacific/myanmar/131011/rohingya-demographics-population-boom-myth

စာနယ်ဇင်းသမားများအနေနှင့် ကျွန်ုပ်တို့လုပ်ရမည်မှာ တိကျပြီး ဘက်လိုက်မှုကင်းသော သတင်းများကို တင်ဆက်ရန် ဖြစ်သည်။ အကျိုးဆက်အရ ကျွန်ုပ်တို့သည် အကြမ်းဖက်မှုကို ဂုဏ်တင်ပေးခြင်းနှင့် လူမျိုးစု၊ လူမျိုး၊ ကျား/မ လိင် နှင့် ဘာသာရေးကို ဦးတည်သည့် လူများနှင့် အုပ်စုများအတွက် အစွဲအလမ်းများ ထုတ်ဖော်ပေးခြင်းတို့ကို ရှောင်ရှား ရမည်။

မီဒီယာအတွက်မူ ပဋိပက္ခကို ရှုတ်ထွေးအောင်ပြုရန်နှင့် စိတ်ခံစားမှုဆိုင်ရာစွဲလမ်းမှုသို့ ဦးတည်မည့် လမ်းကြောင်းပေါ် သို့ ရောက်ရှိနိုင်သော လားရာတစ်ခုရှိပါသည်။ ၎င်းဦးတည်စေနိုင်ခြင်းမှာ သွေးထိုးလှုံ့ဆော်သော အသုံးအနှုန်းများနှင့် သတိပေး အာရုံပြုမိစေသော ခေါင်းစဉ်များဖြစ်သည်။ ခေါင်းစဉ်များသည် ပါဝင်သောအကြောင်းအရာကို တရားမျှတ ထင်ဟပ်စေရမည်။ ရှုတ်ထွေးနေသော ပဋိပက္ခတစ်ခုကို သာမန်နှစ်ဖက်ရင်ဆိုင်ကြသော ကိစ္စရပ်တစ်ခုအဖြစ်သို့ ရောက်ရှိအောင် မချုံမိစေရန် သတိထားရမည်။

'ပန့်ခ်များနှင့် ဘုန်းကြီးများ- ရော့ခ်ဂီတသမားက မြန်မာနိုင်ငံရှိ လူမျိုးတုံး သတ်ဖြတ်မှုများကို ဆန့်ကျင်ပြောကြား'[22] ဟူသောခေါင်းစဉ်သည် ၂၀၁၃ခုနှစ်အတွင်း အင်တာနက်စာမျက်နှာများတွင် ပေါ်ထွက်လာခဲ့သည်။ ၎င်းခေါင်းစဉ်သည် သတင်းအထဲတွင်ပါဝင်သည့်အကြောင်းကိုမဖော်ပြရုံသာမက သတင်းကိုယ်တိုင်ကလည်း ၎င်းသည် စာနယ်ဇင်းသမား ကိုယ်တိုင်က သုံးစွဲရန် ဆုံးဖြတ်ထားသော တစ်စုံတစ်ယောက် (သို့) တစ်ဖွဲ့ဖွဲ့က ပြုလုပ်သော တောင်းဆိုမှု ဟုတ် မဟုတ်ကို မပြောပြထားပါ။ ထို့အပြင် စကားလုံးအသုံးအနှုန်းသည် အချို့သူများအတွက် ပြဿနာရှိပါသည်။ ပန့်ခ် (punk) ဆိုသော အသုံးအနှုန်းသည် လက္ခဏာပုံဆောင်ချက်ဖြစ်ပြီး ၎င်းတံဆိပ်တပ်ခြင်းခံရသော အနုပညာရှင်သည် တန်ဖိုးမရှိဟု ဖြစ်နိုင်ပါသည်။[23] ထို့အပြင် အချို့သော အုပ်စုများကို လူမျိုးတုံး

[22]

http://www.religiondispatches.org/dispatches/guest_bloggers/7241/punks_vs__monks__rockers_speak_out_against_genocide_in_myanmar

[23] The Oxford Dictionary က 'Punk' ဆိုသော စကားလုံးအား တန်ဖိုးမရှိသောသူကို ညွှန်းဆိုသော မြောက်အမေရိကန် စကားလုံးတစ်လုံးအဖြစ် အဓိပ္ပာယ်ဖွင့်ပါသည်။ (အလွဲသုံးစားခြင်းကိုဖော်ပြရာတွင်လည်း သုံးလေ့ရှိသည်)၊ အခြား အဓိပ္ပာယ်များမှာ ရာဇဝတ်ကောင်များ၊ အခြေအနေမဲ့များ၊ အမေရိကန်အကျဉ်းထောင်များတွင်သုံးသော

သတ်ဖြတ်မှု (Genocide) ဆိုသော စကားလုံးသည် ဘောင်ကျော်နေရာ မရှိသော စကားလုံးဖြစ်သည်ဟု ယူဆပါသည်။

**ဆွေးနွေးစရာ အချက်များ**



ဤကာတွန်းသည် ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာကို မားယွင်းစေရန် လှုံ့ဆော် အားပေးနေပါသလား။

ဤကာတွန်းသည် အချက်အလက်အခြေပြု ပုံဖော်ခြင်းဆီသို့ ကန့်သတ်ထားပါသလား (သို့) အတည်မပြုနိုင်သော ကောလာဟလများ ပြန့်ပွားစေရန် အားပေးနေပါသလား။

---

အမျိုးသားခြင်း လိင်တူဆက်ဆံသူများ၊ အတွေ့အကြုံမရှိသူ လူငယ်များ တို့ဖြစ်ပါသည်။
အခြားအဓိပ္ပာယ်တစ်ခုမှာဂီတသမားများဟုဖြစ်ပါသည်။

အကြမ်းဖက်မှုကို အားကောင်းစေသော မြင့်မားပြီးဖြစ်သည့် ဒေသန္တရ အခြေအနေတွင် ဤကာတွန်းသည် ပါဝင် ပတ်သက်နေသူများ၏ စိတ်ခံစားမှုကို သွေးထိုး မီးမွှေးနေပါသလား။

မတူညီသော ဘက်များကို တစ်ဖက်နှင့် တစ်ဖက် နားလည်အောင် ဤကာတွန်းက ကူညီနေပါသလား။

မြန်မာ့ မီဒီယာများအဖို့ ၎င်းတို့၏သတင်းများကို တင်ဆက်ရေးသားရန် အမည်မတပ်သော သတင်းရင်းမြစ်များကို အလွန်အကျူး အားကိုးမှီခိုနေရသည်မှာလည်း ဆန်းသည် မဟုတ်ပါ။ အချို့သော အခြေအနေများတွင် အမည်မတပ် သော သတင်းရင်းမြစ်များ ရှိနေခြင်းမှာ စာနယ်ဇင်းပညာတွင် လက်ခံဖွယ် ဖြစ်သော်လည်း စာနယ်ဇင်းသမားများသည် ဖြစ်နိုင်သည့် အခါတိုင်း သတင်းရင်းမြစ်များကို ဖော်သင့်ပါသည်။ အမည်မတပ်သော ရင်းမြစ်များကို သုံးစွဲခြင်းကို ချွင်းချက်အဖြစ် ခွင့်ပြုသင့်သည်။ အဘယ်ကြောင့်ဆိုသော် ဤသို့ပြုလုပ်ခြင်းသည် သတင်းပေးရန် တာဝန်ခံသူများကို တာဝန်ယူနိုင်စေခြင်း မရှိသောကြောင့် ဖြစ်သည်။ သတင်းရင်းမြစ်များကို အမည်မဖော်ပါက သတင်းသမားသည် အနည်းဆုံး အယ်ဒီတာနှင့် ဆွေးနွေးကာ အဘယ်ကြောင့် ဤသို့ပြုရသည်ကို ရှင်းပြရပါသည်။ ဤလုပ်ငန်းစဉ်သည် သက်မွေးအဆင့်ရှိ စာနယ်ဇင်းပညာကို ကျင့်သုံးသော သတင်းအဖွဲ့အစည်းအများစုတွင် အသုံးပြုနေပါသည်။

သတင်းရင်းမြစ်ကို မှန်ကန်အောင်ချိန်ထိုး စိစစ်ခြင်းသည် စာနယ်ဇင်းသမားတစ်ဦးအနေနှင့် ရင်းမြစ်များကို မှန်ကန်စွာ ရရှိအသုံးပြုခြင်းကို သေချာစေသည့် နည်းလမ်းတစ်ခုဖြစ်သည်။ ၎င်းသည် အထူးသဖြင့် လူမှုမီဒီယာများကဲ့သို့ ရင်းမြစ်များမှ သတင်းများကို မှန်ကန်အောင် ချိန်ထိုးစိစစ်ခြင်းမပြုဘဲ ပြန်လည်အသုံးချ တင်ဆက်လေ့ရှိသည်။[24] စာနယ်ဇင်းသမားများအဖို့ အရေးကြီးသဲလွန်စအတွက် အရင်းအမြစ်တစ်ခု ဖြစ်သော်လည်း အင်တာနက်မှရသော သတင်းများအားလုံးသည် တိကျမှန်ကန်ခြင်းမရှိသလို ချိန်ထိုး စိစစ်ထားသော အချက်အလက်များလည်း မပါဝင်ပါ။

[24] လတ်တလောနမူနာတစ်ခုမှာ ၂၀၁၄ ဇူလိုင်တွင် မန္တလေးတွင် ဖြစ်ပွားခဲ့သော လူမျိုးရေးအကြမ်းဖက်မှုတွင် ပါဝင်ခဲ့သော လူမှုမီဒီယာများ၏ ကဏ္ဍဖြစ်ပါသည်။ အစိုးရက Facebook အသုံးပြုခြင်းကို ခေတ္တပိတ်ခဲ့ပါသည်။

# နောက်ဆက်တွဲများ

## နောက်ဆက်တွဲ(၁)- ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာသင်တန်းများအပြီး သင်တန်းသားများ ရေးသားထုတ်ဝေသော သတင်းဆောင်းပါးများ

*အောက်ပါတို့သည် မြန်မာနိုင်ငံတွင် ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာ သင်တန်းများအတွင်း သင်တန်းသားများ ရေးသားတင်ဆက်သော သတင်းဆောင်းပါး များဖြစ်သည်။ ၎င်းသတင်းများသည် သတင်းသမားများအဖို့ အချက်အလက်တင် ဆက်မှုမှ မည်သို့ကျော်လွန်ကာ ကိစ္စရပ်တွင် ပါဝင်သည်များကို ရှင်းပြရသည်ကို ဖော်ပြပါသည်။ သင်တန်းဆရာများအနေဖြင့် ၎င်းတို့ကို သင်တန်းတွင်း ဆွေးနွေးခြင်း အတွက် အသုံးပြုနိုင်ပါသည်။*

### နမူနာ(၁) မြစ်ဆုံက အမြစ်လှန်ခြင်းခံခဲ့ရသော ဘဝများ

ဖွေးအောင်၊ ထိန်နန်လရိန်၊ ရဲမြင့်ထွန်း၊ အောင်မင်းဦးနှင့် တင်ဦး တို့တင်ဆက်သည်။

ဒလက်ပါမော်တာတပ်ဆင်ထားသော လှေငယ်များသည် မလိခ မြစ်ရိုးတစ်လျှောက် ဆွမ်ပရာဘွမ်မြို့နယ် အတွင်းရှိ ရွှေတူးရာဒေသသို့ မမောနိုင် မပန်းနိုင် ဆန်တက် ခရီးဆက်ပါသည်။ အင်အားကြီးမားလှသော ဧရာဝတီမြစ်၏ မြစ်လက်တက်နှစ်ခုဖြစ်သော မေခနှင့် မလိခ မြစ်များသည် မြစ်ဆုံတွင် ဆုံတွေ့ပေါင်းစည်းကာ ထိုနေရာမှ စတင်၍ ဧရာဝတီမြစ်သည် ၎င်း၏ ၁၂၅၀ ကီလိုမီတာ ရှည်လျားသော ပင်လယ်ဘက်သို့ ခရီးစဉ် ကို စတင်ခဲ့သည်။

မြစ်ကမ်းပါးထိုင်ကာ အလုပ်မရှိဖြစ်နေသော ရွာသားတစ်ဦးက လွန်ခဲ့သော ဆယ်စုနှစ်က ကျွန်တော်တို့သည် ဧရာဝတီ မြစ်ရေကိုသောက်၍ရကြောင်း ယခုအခါရေသည် နောက် ကျိုညစ်ပတ်ကာ နီညိုရောင် ပေါက်နေကြောင်း ပြောပါသည်။

မြစ်ဆုံသို့ သွားရာကားလမ်းပေါ်ရှိ တန်ဖဲကျေးရွာ စိုက်ခင်းများသည် ရွှေတူးရာတွင် သုံးသော ယန္တရားကြီးများကြောင့် ပျက်စီးယိုယွင်းလျက်ရှိပါသည်။ ပြန့်ကျဲနေသော အမှိုက်ပေါင်းစုံသည် ဧရာဝတီမြစ်တွင်းသို့ပင် စွန့်ပစ်ခဲ့ရပါသည်။

ဘူဒိုဇာများ မဝင်ရောက်လာခင်က တန်ဖဲရွာသည် ဧည့်သည်အများဖြင့် စည်ကားလေ့ရှိပြီး ယခုအခါ ပြောင်းလဲသွားပြီ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ခေတ္တဝင်ရောက် နားခိုသူများအား အစားအသောက်ဧည့်ခံရောင်းချရန် ရွာခံအနည်းမျှသာ ကျန်တော့သောကြောင့် ဖြစ်သည်။

ထိုရွာသည် အစိုးရက တည်ဆောက်ရန် လျာထားသော ဆည် ၇ ခု အနက်မှ တစ်ခု၏ လုပ်ငန်းခွင် ဖြစ်လာပါလိမ့်မည်။ မလိခမြစ်ပေါ်တွင် ဆည် ၂ ခု မေခမြစ်ပေါ်တွင် ဆည် ၄ ခုနှင့် မြစ်နှစ်စင်းဆုံရာ မြစ်ဆုံပေါ်တွင် ဆည် ၁ခု တည် ဆောက်ရန် စီမံချက် ရှိပါသည်။

ပြန်လည်နေရာချထားရေး အစီအစဉ်အရ ရွာသားအများစုသည် နေရာသစ်များသို့ ပြောင်းရွှေ့ပြီး ဖြစ်သည်။ သို့သော် အများစုမှာ ပတ်ဝန်းကျင်သစ်မှာ ကျဉ်းကျပ်လှကြောင်း ခံစားရပြီး အချို့က ကလေးများ ဆော့ကစားရန်နှင့် လှုပ်ရှား သွားလာရန် ကျယ်ပြန့်မှုရှိသော ၎င်းတို့၏ နေရာဟောင်းကိုသာ ပြန်ချင်ကြသည်။

နေရာသစ်ရှိ အရွယ်ရောက်ပြီးသူများက မြစ်ကမ်းပါးသို့ သွားကာ ရွှေကျင်အလုပ်ကို နေ့စဉ်လုပ်ကိုင်ပါသည်။ အာဏာပိုင်များ မတွေ့ရှိ/လိုက်လံဖမ်းဆီးမခံရပါက ၎င်း ကံကောင်းသူများသည် တစ်နေ့ဝင်ငွေ ၃၀,၀၀၀ကျပ် (ဒေါ်လာ ၃၀)ခန့် ရရှိပါသည်။

ရွှေတူးရွှေကျင်ခြင်းကို ကန့်သတ်ထားသောကြောင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် လုပ်ရကြောင်း သို့သော်လည်း အခြား အလုပ်လုပ်စရာ မရှိ၍ ဤနေရာသို့ နေ့စဉ်လာ ရကြောင်း အမည်မဖော်လိုသူ ရွာသားတစ်ဦးက ပြောပါသည်။ ယူနီဖောင်းဝတ်များ မြင်ပါက ထွက်ပြေးရပြီး ၎င်းတို့မရှိပါက ပြန်လာကြောင်း အခြားအလုပ်လည်း မလုပ်တတ်ကြောင်း ၎င်းက ဆိုပါသည်။

တန်ဖဲရွာမှ ရွာသားများသည် ယခုအခါ အောင်မြင်သာစံပြရွာသစ်တွင် နေထိုင်ကြပြီး မြစ်ဆုံဆည်စီမံကိန်း စတင်ချိန်တွင် ၎င်းတို့အား လက်ရှိနေရာတွင် အတင်းအကျပ် နေရာချထား ပေးခဲ့ပါသည်။ ရွာသားအများစုသည် ရွာဟောင်းတွင် လယ်ယာမြေများ ရှိခဲ့ပြီး ယခုနေရာသစ်တွင်မူ လယ်ယာများမရှိပါ။ ယခုလက်ရှိ မြေလွှာသည် ကျောက်ထူထပ်ပြီး စိုက်ပျိုးရန် မသင့်တော်ကြောင်း ဆိုပါသည်။ ရွာသစ်ပတ်ဝန်းကျင်ရှိ လယ်ယာ

ခြံမြေများကို မြစ်ကြီးနားမြို့ရှိ စီးပွားရေးသမားများက ပိုင်ဆိုင်ကြပြီး ၎င်းနေရာများတွင် အလုပ်ရှာရန်မှာ မလွယ်ကူပါ။

မြစ်ဆုံအနီး မြစ်ကမ်းပါးပေါ်တွင် ကျွန်ုပ်တို့တွေ့ဆုံခဲ့သော ရွာသားများထဲမှ တစ်ဦးဖြစ်သူ ယူနူးက ကျွန်တော်တို့ အောင်မြင်သာရွာတွင် အလုပ်လည်းမရှိ စိုက်စရာမြေလည်း မရှိကြောင်း ပြောပါသည်။ ကျွန်တော်တို့ ဒီနေရာ မြစ်ကမ်းပါးကိုလာပြီး ရှာဖွေစားသောက်နေရတာ သုံးနှစ်ရှိပြီ ဖြစ်ကြောင်းလည်း ပြောပါသည်။

ရွာသားများသည် နေရာပြောင်းပေးရခြင်းကြောင့် လျော်ကြေးငွေများရရှိသော်လည်း အများစုမှာ ရရှိသည့်ငွေကြေးကို သုံးစွဲပြီး ဖြစ်ပါသည်။ ကျွန်တော်တို့ရသော လျော်ကြေးငွေ အများစုကို သူတို့(ကန်ထရိုက်တာ) ဆောက်ပေးတဲ့အိမ်က မိုးမလုံလို့ ခေါင်မိုးပြင်တဲ့နေရာမှာ သုံးရကြောင်း အိမ်များပတ်ပတ်လည်တွင် မိုးတွင်းအခါ ရွှံ့ရေများနှင့် ဖုံးလွှမ်းနေကြောင်း ယူနူးက ပြောပါသည်။ နေရာသစ်၌ အလုပ်မရှိတာကြောင့် အားလုံး အိမ်နေရာဟောင်းကို ပြန်ချင်ကြောင်း လည်း ပြောပါသည်။

အစိုးရခွင့်ပြုပါက ကျွန်မတစ်ယောက်ထဲသာမက အားလုံး အိမ်ပြန်မည်ဖြစ်ကြောင်းလည်း သူမက ဆက်ပြောပါသည်။

တန်ဖဲရွာမှ ရွာသားများသည် ၂၀၁၁ ခုနှစ် မေလတွင် ရွှေ့ပြောင်းခဲ့ရသည်။ ယခုစံပြကျေးရွာ တည်ဆောက်ထားသော မြေနေရာသည် ကျိန်ခရမ်ခဆည် ကျိုးပေါက်စဉ်က ရေလွှမ်းမိုးခြင်းခံရပြီး ကွင်းများသည် အပျက်အစီးများနှင့် ပြည့်နှက် ဖုံးလွှမ်းခဲ့ပါသည်။ ဆည်ကို တည်ဆောက်ခဲ့သော Asia World Company သည် ဤမြေနေရာကို ဘူဒိုဇာများဖြင့် ထိုးကာ ရွာသစ်ကို တည်ဆောက်ခဲ့ပါသည်။ ဤနေရာသည် စိုက်ပျိုးရေးအတွက် လိုအပ်သော အပေါ်ယံ မြေဆီလွှာ အနည်းငယ်မျှသာ ရှိပါသည်။

ကျွန်မတို့ဘာမှ ဒီမှာ စိုက်ပျိုးလို့မရပါ။ တောထဲဝင်ပြီး ဟင်းသီးဟင်းရွက် ရှာဖွေစားသောက်ရပါသည်။ အလွယ်တကူ မသွားနိုင်သော သက်ကြီးရွယ်အိုများ ဒုက္ခရောက်လှပါသည်ဟု စံပြကျေးရွာတွင်နေထိုင်သူ တစ်ဦးဖြစ်သူ လဘူးက ပြောပါသည်။ တန်ဖဲရွာတွင် အားလုံးဝယ်စား/သုံး နေရကြောင်းလည်း ပြောပါသည်။

အလုပ်ရှိနိုင်သော နေရာသို့ သွားရောက်ရခြင်းကြောင့် နေ့စဉ် အသုံးစရိတ်မှာ ၃,၀၀၀ ကျပ်ခန့်ပိုမို ကုန်ကျနေပါသည်။ ကျွန်မတို့ နေ့စဉ် အသုံးစရိတ်များကို မည်သို့ ရှင်းပြမည်ကို မသိကြောင်း မြစ်ဆုံတွင် ရွှေ့ပြောင်းတောင်ယာလုပ်သူ ခေါင်နန်က ပြောပါသည်။

ကျွန်တော်တို့ ဒီနေရာ ရွာအသစ်ကို ပြောင်းလာပြီး နောက်ပိုင်း အတော်များများ သေဆုံးကြောင်း အချို့မှာ အလွယ်တကူ ကုသနိုင်သောရောဂါများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အခြားသူများမှာ စိတ်ဓာတ်ကျဆင်းခြင်းနှင့် မျှော်လင့်ချက်မဲ့ခြင်းကြောင့် သေဆုံးရခြင်း ဖြစ်ကြောင်း အသက် ၆၀ အရွယ် အမျိုးသမီးတစ်ဦးက ဆိုပါသည်။ ရွာပြန်ရင်လည်း အဖမ်းခံရနိုင်ကြောင်း၊ အလုပ်မရှိဘဲ ဆေးဝါးနှင့် ဆေးကုသစရိတ်များ မရနိုင်ကြောင်းလည်း သူက ဆက် ပြောပါသည်။

နိုင်ငံအား ဒီမိုကရေစီစနစ်သို့ ပြောင်းလဲနေရာတွင် သမ္မတ ဦးသိန်းစိန်က မြစ်ဆုံဆည်တည်ဆောက်ရေး လုပ်ငန်းများ ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၃၀ရက် တွင် ရပ်ဆိုင်းလိုက်ပါသည်။ ၂၀၁၃ ခုနှစ် အစောပိုင်းတွင် သဘောတူ စာချုပ် ချုပ်ဆိုထားသူ လုပ်ငန်းရှင်များသည် စက်ယန္တရားကြီးများနှင့် ပစ္စည်းကိရိယာများကို တရုတ်နိုင်ငံသို့ ပြန်လည်သယ်ယူ ခဲ့ပါသည်။ သို့သော် တန်ဖဲရွာသားများမှာမူ အိမ်ပြန်ခွင့် မရရှိသေးပါ။ နိုင်ငံပိုင် New Light of Myanmar သတင်းစာက ၂၀၀၉ ခုနှစ်၊ ဖွန်လက ဖော်ပြခဲ့သည့် သတင်းတစ်ပုဒ်အရ မြစ်ဆုံဆည်တည်ဆောက်ပြီးစီးပါက လျှပ်စစ် မီဂါဝပ် ၆,၀၀၀ နှစ်စဉ်ထုတ်လုပ်နိုင်ပြီး အမေရိကန်ဒေါ်လာ သန်း ၅၀၀ နှစ်စဉ် ရရှိနိုင်လိမ့်မည်ဟု ဆိုပါသည်။ မြစ်ဆုံ စီမံကိန်းများတွင် စုစုပေါင်းဆည် ၇ခု တည်ဆောက်ရန် ပါဝင်ပြီး ပြီးစီးပါက ဟတ်တာ ၄၈,၀၀၀ (ဧကပေါင်း ၁၂၀,၀၀၀ ခန့်) ရှိသော ဧရိယာကို ရေလွှမ်းမည်ဖြစ်ပြီး ၎င်းဧရိယာ တစ်ခုလုံးသည် စင်္ကာပူနိုင်ငံ၏ အရွယ်အစားမျှ ရှိပါသည်။ ရေလွှမ်းမိုးမှုသည် ရွာပေါင်း ၄၉ ရွာရှိ လူပေါင်း ၁၈,၀၀၀ ကို တိုက်ရိုက်ခံစား သက်ရောက်မည်ဖြစ်သည်။

၂၀၀၉ ခုနှစ်တွင် ၎င်းစီမံကိန်း စတင်ချိန်တွင် ကချင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ လျှပ်စစ်စွမ်းအားဝန်ကြီး ဆက်သွယ်ရေးဝန်ကြီး၊ တရုတ်နိုင်ငံ CPI ကော်ပိုရေးရှင်းမှ ဒုတိယ ဥက္ကဋ္ဌနှင့် Aisa World ကုမ္ပဏီမှ အရာရှိများသည် ဒေသခံ ပြည်သူများနှင့် တွေ့ဆုံခဲ့ပါသည်။

ဒေသခံများက ၎င်းတို့အနေဖြင့် ရွှေ့ပြောင်းမပေးနိုင်ကြောင်း အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ အသက်မွေးဝမ်း ကျောင်းမှုသည် ၎င်းတို့၏လယ်မြေများပေါ်တွင် မူတည်နေကြောင်း ပြောပါသည်။ ညှိသည်အရာရှိများက ရွာသားများ အနေနှင့် စီမံကိန်းပြီးပါက ၎င်းတို့၏ လယ်မြေများတွင် ထွန်ယက် စိုက်ပျိုးနိုင်ကြောင်း သေချာစွာ ပြောခဲ့ပါသည်။

သို့သော် ၂၀၁၂ ခုနှစ်၊ မတ်လတွင် စံပြရွာမှ လူ ၂၂ဦး သည် ရွာဟောင်းရှိ ၎င်းတို့မြေများပေါ်တွင် ထွန်ယက်စိုက်ပျိုးရန် အပြန်တွင် အဖမ်းခံခဲ့ရပါသည်။ နောက်တစ်ခါ မပြန်ပါဟု ပြောဆို ကတိပေးမှသာ ၎င်းတို့ကို ပြန်လွှတ်ပေးခဲ့ပါသည်။

ကျောင်းသားများ ကျောင်းထွက်နှုန်းမှာလည်း နေရာအသစ်တွင် မြင့်တက်လာကြောင်း အဘယ်ကြောင့်ဆိုသော် ကလေးများသည် မိသားစုဝင်ငွေကို ကာမိစေရန် အလုပ်ထွက်လုပ်ရသောကြောင့်ဖြစ်ကြောင်း ရွာသားများက ဆိုပါသည်။ သို့သော် ဤသတင်း အချက်အလက်ကို လွတ်လပ်စွာ အတည်မပြုနိုင်ပါ။ ယခင်က ကျောင်းသားများသည် အချိန်တိုအလုပ်လုပ်ရုံမျှဖြင့် ကျောင်းစရိတ်ကာမိကြောင်း ယခုအလုပ်နေရာများနှင့် ဝေးကွာခြင်းနှင့် ထိန်းချုပ်မှုများကြောင့် မဖြစ်နိုင်တော့ကြောင်း စံပြရွာမှ ကျောင်းဆရာတစ်ဦးက ဆိုပါသည်။

ကမ္ဘာ့မြစ်များနေ့ဖြစ်သော မတ်လ ၁၄ ရက်နေ့တွင် အဆိုပါရွာသားများက မိမိတို့အား အိမ်ပြန်ခွင့်ပြုရန် အစိုးရအား လက်မှတ်ရေးထိုး တောင်းဆိုခဲ့သည်။ ယခုနေရာတွင် တစ်သက်လုံး နေရပါက စိတ်ညစ်ငြူးဖွယ် အခြေအနေများကြောင့် ကလေးများ၏ အနာဂတ်ကိုတွေးပူကာ သေဆုံးရမည်ဖြစ်ကြောင်း ဟယ်ဘူးက ဆိုပါသည်။ နဂိုရွာဟောင်းတွင် ဓားမဦးချ လုပ်ကိုင်စားသောက်ပြီး ရှင်သန်နိုင်ကြောင်း ဘဝသည် နဂိုရွာဟောင်းတွင် လွယ်ကူ သက်သာကြောင်းလဲ ဆိုပါသည်။

### နမူနာ (၂) အမျိုးသားများသာ သင့်တော်သော အလုပ်များတွင် အမျိုးသားများကို ခန့်ထားခြင်းအား မည်သည့်ကမှ မတားဆီးနိုင်

စိုးစိုးနွယ်သည် လူ့အသက်များကို ကယ်တင်သော ဆရာဝန်တစ်ဦး အမြဲပင် ဖြစ်ချင်ခဲ့ပါသည်။ သူမသည် ၁၀တန်း စာမေးပွဲကို ၂၀၁၀ခုနှစ်တွင် အောင်မြင်ခဲ့ပြီး ၎င်းစာသင်နှစ်အတွက် အမျိုးသမီးများအတွက် ဆေးတက္ကသိုလ်ဝင်ခွင့် အမှတ်ကို တိုးမြှင့်လိုက်သော

ကြောင့် သူမ၏အိပ်မက်များ မဖြစ်နိုင်တော့ကြောင်း သဘောပေါက် နားလည်ခဲ့သည်။ အမျိုးသမီးများအတွက် လိုအပ်သောအမှတ်သည် အမျိုးသားများထက် ၃၀ မှတ် ပိုမို မြင့်မားခဲ့ပြီး ယခုအခါ သူမသည် သွားဘက်ဆိုင်ရာပညာရပ်တွင် တတိယနှစ် ကျောင်းသူ အဖြစ် တက်ရောက်နေပါသည်။

ကျွန်မ အခု အကုန်အဆင်ပြေပါကြောင်း ဒါပေမယ့် ကျွန်မတို့ ကျောင်းသူနည်းနည်းပဲရှိ ကြောင်း ဆရာဆရာမများက သွားဆရာဝန်တစ်ဦးအနေနှင့် သွားနုတ်ရန်အတွက် ကြံ့ခိုင် သန်စွမ်းရန်လိုသည်ဟု ပြောကြောင်း သူမက ဆိုပါသည်။ ၎င်းပြောဆိုချက်သည် ကျောင်း သားများနှင့် ကျောင်းသူများကို ခွဲခြားဆက်ဆံရန် လုံလောက်သော အကြောင်းပြချက် မဟုတ်ကြောင်း သူမက ဆက်လက်ပြောဆိုပါသည်။

မြန်မာနိုင်ငံ ပညာရေးစနစ်အရ ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာတက္ကသိုလ်၊ အင်ဂျင် နီယာဆိုင်ရာနှင့် စီးပွားရေး တက္ကသိုလ်များအတွက် ဝင်ခွင့်ကို ကျောင်းသား/သူ အရည်အတွက် ကန့်သတ်မှုများရှိပြီး ရရှိသော အမှတ်ဖြင့် ဆုံးဖြတ်ပါသည်။

စိုးစိုးနွယ် ကဲ့သို့သော မိန်းကလေးများမှာ စနစ်ကြီးတစ်ခုလုံးတွင် စဉ်းစားစရာ ကိစ္စများ အဖြစ် ရှိမနေသော်လည်း ဝင်ခွင့်အမှတ်များမှာ ယောကျ်ားလေးများထက် မိန်းကလေး များက များပြားနေခြင်းအတွက် မေးခွန်းထုတ်စရာ ဖြစ်လာပါသည်။ ၎င်းစနစ်သည် မြန်မာနိုင်ငံတွင် ယခင်က လက်ခံခဲ့ရသော ခွဲခြားမှုပုံစံဖြစ်သော်လည်း စိုးစိုးနွယ်ကဲ့သို့ သော မျိုးဆက်သစ်လူငယ်များကြားတွင် စတင်မေးခွန်းထုတ်လာပြီ ဖြစ်သည်။

ယေဘုယျအားဖြင့် အမျိုးသားများ လွှမ်းမိုးချုပ်ကိုင်ထားသော လူ့ဘောင်အဖွဲ့အစည်း တစ်ခုတွင် ပညာရေးခွဲခြား ခံရခြင်းသည် ပိုနေမြဲ ကျားနေမြဲ အခြေအနေကိုသာ ကျယ်ပြန့်စေပါသည်။

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ကျောင်းသားတစ်ဦးဖြစ်သော ဟန်ထူးလွင်ကို မေးမြန်းရာတွင် ၎င်းက တက္ကသိုလ် ဝင်ခွင့်အတွက် ကျား/မ ခွဲခြားမှုရှိပါသည်။ သို့သော် ကျွန်တော်တို့ကျောင်းတွင် မရှိပါ။ ကျောင်းသား ကျောင်းသူများ အားလုံး အတူတူ လုပ်ကိုင် ဆောင်ရွက်နိုင်ပါသည်။ စည်းမျဉ်းများကိုတော့ ပြင်သင့်ပါပြီဟု ပြောပါသည်။

သို့သော် ဆေးကျောင်းသူ တချို့၏ တွေးထင်ယူဆချက်များမှာ မတူညီလှပါ။ အမျိုးသား ဆရာဝန်များ ဆေးရုံတွင် ပိုမို လိုအပ်သည်။ ဤအသက်မွေးဝမ်းကျောင်းပညာတွင် အမျိုးသမီး ဆရာဝန်များသည် ဖိအားဓာတ်ကို မခံနိုင်ပါ။ ညဘက် တာဝန်ချိန်များအတွက် အမျိုးသား ဆရာဝန်များ ပိုမိုလိုအပ်သည်။

အမျိုးသမီး လွှတ်တော်အမတ်တစ်ဦးက ကျား/မ ကွဲပြား လိုအပ်ချက်ကို ဆဌမအကြိမ် လွှတ်တော်အစည်းအဝေးတွင် တင်ပြပြောဆိုပါသည်။ အောက်လွှတ်တော်တွင် အမျိုးသမီး အမတ် ၄.၃ ရာခိုင်နှုန်း သာရှိပါသည်။ လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စောဝေက လွှတ်တော်အတွင်း အမျိုးသမီးများ ပိုမိုပါဝင်စေရေးအတွက် လမ်းဖွင့်ပေးနိုင်ရန် အကြံပြုချက်ကို လွှတ်တော်သို့ တင်သွင်းပါသည်။

၎င်းအကြံပြုချက်ကို ဝန်ကြီးဌာနများတွင် အမျိုးသမီးလုပ်သား ပိုမိုများပြားသည်ဟူသော အချက်ဖြင့် ပယ်ချခြင်းခံရပါသည်။ ၎င်းအချက်မှာ မှန်ကောင်းမှန်နိုင်သော်လည်း မြင့်မားသော ရာထူးနေရာများတွင် အမျိုးသမီးအရေအတွက်မှာ နည်းပါးလျက် ရှိသေးသည်။ အဆင့်နိမ့်ရာထူးများအတွက်ပင်မူ လိုအပ်ချက်များသည် အမျိုးသမီးများအတွက် ပိုမိုများပြားဆဲပင်ဖြစ်သည်။ အချို့သော အလုပ်ခေါ်စာများတွင် အမျိုးသမီး အလုပ်လျှောက်သူများသည် လူလွတ်ဖြစ်ရမည်ဟု ပါရှိပြီး အိမ်ထောင်မရှိကြောင်း သက်သေပြရသည့် စာရွက်စာတမ်းများ လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် အခြေခံဥပဒေသည် လူမျိုး၊ ယုံကြည်မှု၊ ကျားမ ခွဲခြားမှုမရှိဘဲ နိုင်ငံသားအားလုံးကို ညီမျှသော အခွင့်အရေးများ ပေးရန် အာမခံထားပါသည်။ သို့သော် ၎င်းအခြေခံဥပဒေတွင် ယခု သတင်းဆောင်းပါး၏ ရည်ရွယ်ချက်ကို အနိုင်ယူမည့် စာကြောင်းတစ်ကြောင်း ပါရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး ဥပဒေပြုအဖွဲ့ အဖွဲ့ဝင် ဒေါ်ညိုညိုသင်း၏ အဆိုအရ ၎င်းစာကြောင်းသည် သို့သော် အမျိုးသားများသာ သင့်တော်သော ရာထူးနေရာများတွင် အမျိုးသားများကိုသာ ခန့်ထားခြင်းကို ဤအပိုင်းတွင် မည်သည်ကမှ တားဆီးနိုင်ခြင်းမပြု ဟူ၍ ဖြစ်ပါသည်။

# နောက်ဆက်တွဲ (၂)

## ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာသင်တန်းအတွက် အကြံပြုအစီအစဉ်များ

အောက်ပါတို့သည် မြန်မာနိုင်ငံ ထိရှလွယ် ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာသင်တန်းတွင် အစိတ်အပိုင်း တစ်ခုအနေဖြင့် ပို့ချပါဝင်ခဲ့သော ကိစ္စရပ်များ၏ ပဓာနကျသော အခြေခံ သွင်ပြင်များ ဖြစ်ပါသည်။ အလားတူ သင်တန်းများ ပို့ချရန်လည်း ထောက်ခံ မှတ်ချက်ပြုပါသည်။ သင်တန်းသားများသည် ရည်ရွယ်ထားသလို ကိစ္စရပ်များကို နားလည်စေရန် သင်တန်းပို့ချသူများက ဒေသဆိုင်ရာ နမူနာများပေးရန်ကိုလည်း အကြံ ပြုပါသည်။

### အပိုင်း(၁)

(၁) ပဋိပက္ခကို နားလည်ခြင်း ပဋိပက္ခများကို ဖော်ပြမိတ်ဆက်ပေးပါ။ သင်တန်း သားများနှင့် ဒေသတွင်း/နိုင်ငံတွင်း ပဋိပက္ခများအကြောင်းကို ဆွေးနွေးပါ။ သင်တန်းသား များက အကြံပြုသော အချို့ပဋိပက္ခများသည် ၎င်းတို့အဖို့ သတင်းစိတ်ကူးများ ကွန့်မြူးကာ ဆက်လက် လုပ်ဆောင်နိုင်မည်။

(၂) မြန်မာနိုင်ငံရှိ ပဋိပက္ခများ အပြန်အလှန် ဆွေးနွေးငြင်းခုံ အဖြေရှာရန်အတွက် အသုံးချနိုင်သည်။ ဤသို့ ပြုလုပ် ခြင်းဖြင့် သင်တန်းပို့ချသူများနှင့် သင်တန်းသားများပါ ပဋိပက္ခအကြောင်းကို နားလည်စေနိုင်သည်။ ဆွေးနွေးပွဲများ အသက်ဝင်စေရန် အောက်ဖော်ပြပါ အဓိကစကားလုံးများကို သုံးနိုင်ပါသည်။

(က) နိုင်ငံရေးနှင့် ဆိုင်သော (Political)

(ခ) သဘာဝပတ်ဝန်းကျင်နှင့်ဆိုင်သော (Environmental)

(ဂ) လူမျိုးစုရေးရာနှင့်ဆိုင်သော (Ethnic)

(ဃ) ဘာသာရေးနှင့်ဆိုင်သော (Religious)

(င) အရင်းအမြစ်နှင့်ပတ်သက်သော (Resource related)

(စ) ဆင်းရဲမွဲတေခြင်း (Poverty)

(ဆ) လူမျိုး (Race)

(ဇ) ကျား/မ(Gender)

(ဈ) အလုပ်သမားရေးရာနှင့်ပတ်သက်သော(Labour Related)

(၃)သတင်းဇာတ်လမ်းများ၏ စိတ်ကူးများနှင့် လက်တွေ့ပြန်လည် အကြံပြုချက်များ

ယခုအပိုင်းသည် သင်တန်းသားများအဖို့ ဖြစ်နိုင်ချေရှိသော သတင်းဇာတ်လမ်း အကြောင်းကို စတင်စဉ်းစားနိုင်ရန် ကူညီနိုင်သည်။ သင်တန်းပို့ချသူများ ကလည်း ၎င်းအကြောင်းအရာများကို ဆွေးနွေးရန်နှင့် ပိုမိုကောင်းမွန်သော စိတ်ကူးများရရှိအောင် အားပေး တိုက်တွန်းနိုင်သည်။

**အပိုင်း(၂)**

(၄) စာနယ်ဇင်းပညာအကောင်းနှင့် စာနယ်ဇင်းပညာအဆိုး - ယခုအပိုင်းသည် စာနယ်ဇင်းပညာ၏ အသက်မွေးဝမ်း ကျောင်းအဆင့်ရှိမှုကို စူးစိုက် ဆွေးနွေးသည်။ ယခုလက်စွဲတွင် ဆွေးနွေးထားသော စာနယ်ဇင်းပညာ အကောင်းနှင့် စာနယ်ဇင်းပညာ အဆိုးကိုလည်း အာရုံစိုက် ဖော်ပြသည်။

(၅) လုံခြုံစွာ နေထိုင်ရေး ပဋိပက္ခကို ဖော်ထုတ်ရေးသားရာတွင် မိမိလုံခြုံရေး လုံခြုံဘေးကင်းရေးကို စာနယ်ဇင်းဆိုင်ရာ သင်တန်းများ အားလုံးလိုလို ထည့်သွင်းနိုင် သည်။ ၎င်းသည် အသွင်ကူးပြောင်းရေးအချိန်တွင် ရှိနေသော နိုင်ငံများနှင့် ပဋိပက္ခဖြစ်

ပွားနေသော နိုင်ငံများတွင် အထူးသဖြင့် အရေးကြီးလှသည်။ ရရှိသောအချိန်ပေါ်တွင် မူတည်၍ ဘေးကင်းလုံခြုံရေးသင်ခန်းစာကို ဆွေးနွေးမည့်အပိုင်း၏ ကြာမြင့်ချိန်ကို သင်တန်းပို့ချသူက သတ်မှတ်နိုင်သည်။

(၆) သင်တန်းတက်ရောက်သူများ၏ ဇာတ်လမ်းစိတ်ကူးများကို ပြန်လည်ဆွေးနွေးခြင်း သတင်းဇာတ်လမ်း၏ စိတ်ကူး စိတ်သန်းများကို ဆွေးနွေးခြင်းဖြင့် ပို့ချခြင်းကြောင့် ဖြစ်ပေါ်လာသော ငြီးငွေ့မှုများကို ပြေပျောက်စေသည်။ ထို့အတူ ၎င်းဆွေးနွေးခြင်းသည် သင်တန်းသားတို့၏ သတင်းအရင်းအမြစ်များ ဇာတ်လမ်းရှုထောင့်များနှင့် စူးစိုက်မှုတို့ကို ကျယ်ပြန့်စေသည်။

(၇) သတင်းဇာတ်လမ်းများကို ပြန်လည်ရေးသားခြင်း သင်တန်းသားများအား ၎င်းတို့၏ သတင်းဇာတ်လမ်းစိတ်ကူးများ ကို ဆက်လက်လုပ်ဆောင်စေရန် တာဝန်ပေးနိုင်ပြီး ၎င်းတို့၏ ထင်မြင်စိတ်ကူးများကို အကြမ်းပုံဖော် စေနိုင်မည်ဖြစ် သည်။ သင်တန်းပို့ချသူများက သင်တန်းသားများအား အချိန်တစ်ခု သတ်မှတ်ပေးခြင်းဖြင့် ၎င်းတို့သည် အင်တာဗျူး များ ပြုလုပ်ရန် စီစဉ်နိုင်ပြီး သတင်းဇာတ်လမ်းများအတွက် နောက်ဆက်တွဲလုပ်ရန်များကို ဆက်လုပ်နိုင်လိမ့်မည်။ ထိရောက်သော စီမံခံခွဲမှုဖြစ်စေရန် သင်တန်းသားများကို အုပ်စုငယ်များခွဲ၍ သတင်းဇာတ်လမ်းများ စဉ်းစားခိုင်းခြင်း ဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် သင်တန်းသားတိုင်းသည် လုပ်ငန်းစဉ်တွင် ပါဝင်နိုင်သည်။

**အပိုင်း(၃)**

(၈) ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာအတွက် တိုက်ဆိုင်စစ်ဆေးရန်စာရင်း ယခုဆွေးနွေးချက်သည် ထိရှလွယ်ပဋိပက္ခဆိုင်ရာ စာနယ်ဇင်းပညာလက်စွဲကို အခြေခံပါသည်။ ဒေသတွင်း/နိုင်ငံတွင်း နမူနာများကို များနိုင် သလောက်များများ အသုံးချသည်။

(၉) အမုန်းတရားများပြန့်ပွားဖွယ်ရှိသော်လည်း အမုန်းစကားများ အသုံးအနှုန်းများ စကားလုံးများကို ဆွေးနွေးထား ပါသည်။

(၁၀) ကိုယ်ကျင့်တရားနှင့် ဓမ္မဓိဋ္ဌာန်ကျခြင်း ၎င်းအပိုင်းသည် သက်မွေးအဆင့်ရှိ စာနယ်ဇင်းပညာမှ ဆွဲယူနားလည် နိုင်ပြီး ကိုယ်ကျင့်တရားများ ကျင့်ဝတ်များ၏ နမူနာပုံစံများ ပါဝင်နိုင်ပါသည်။ ဓမ္မဓိဋ္ဌာန်ကျခြင်းနှင့် စာနယ်ဇင်းပညာ၏ မျှတခြင်းတို့ အကြားတွင်လည်း ဆွေးနွေးငြင်းခုံစရာ ဖြစ်ပါသည်။

## နောက်ဆက်တွဲ(၃) အခြေခံစာနယ်ဇင်း အတတ်ပညာ

### သတင်းရေးသားခြင်း

နိုင်ငံအားလုံးရှိ စာနယ်ဇင်းသမားအားလုံးသည် စာနယ်ဇင်းပညာအပေါ်တွင် တူညီသော နားလည်မှုရှိနိုင်မည် မဟုတ်ပါ။ အထူးသဖြင့် ကြာရှည်စွာ ဖြစ်ပွားခဲ့သော ပဋိပက္ခတွင်းမှ ကူးပြောင်းနေသောနိုင်ငံများနှင့် လွတ်လပ်သော မီဒီယာအတွေ့အကြုံမရှိသော နိုင်ငံများတွင် ဖြစ်ပါသည်။ ယခုအပိုင်းသည် စာနယ်ဇင်းပညာနှင့် သတင်းရေးသားခြင်း အခြေခံများကို အနှစ်ချုပ် ဖော်ပြထားပါသည်။

သတင်းဆောင်းပါးများသည် ရရှိလာသော သတင်းအချက်အလက်ကို စူးစိုက်၍ ရေးသားရသည်။ ၎င်းတို့သည် အဖြစ်အပျက်တစ်ခု၏ အခြေခံမေးခွန်းများကို ဖြေနိုင်ရန်ကြိုးစားရသည်။ ဘယ်သူလဲ(Who)၊ ဘာလဲ(What)၊ ဘယ်အချိန်လဲ(When)၊ ဘယ်နေရာလဲ (Where)၊ ဘာကြောင့်လဲ(Why)၊ ဘယ်လိုလဲ(How) စသည့် မေးခွန်းများ ဖြစ်သည်။ သတင်းဆောင်းပါးများကို စီစဉ်တင်ဆက်ရာတွင် အရေးကြီးဆုံးသော သတင်းအချက်အလက်ကိုပေးရန် ဦးစွာ စစည်းရသည်။ ၎င်းနောက်မှ အရေးသိပ်မကြီးသော အသေးစိတ်အချက်အလက်များ နောက်မှလိုက်ရသည်။ သတင်းဖွဲ့စည်းမှုပုံစံသည် ယေဘုယျအားဖြင့် ပိရမစ်ပြောင်းပြန်ပုံစံဖြစ်သည်။ အရေးအကြီးဆုံး သတင်းအချက် အလက်သည် ပထမဆုံး စာပိုဒ်များတွင် ပါရှိရမည်။

ဦးဆုံး (သို့) သတင်းဆောင်းပါး ပထမဆုံးဝါကျများတွင် သတင်း၏ အရေးအကြီးဆုံး အစိတ်အပိုင်း ပါဝင်ရမည်။ ၎င်းတွင် အရေးကြီး (5Ws) အများအပြားကို ဖြေဆိုထားရမည်။ ထိပ်ဆုံးပိုင်းသည် အရေးကြီး (5Ws) ကို ဖြေဆိုဖော်ပြ ခြင်းမရှိပါက နောက်လာမည့် စာပိုဒ်များတွင် အမြဲတမ်း How နှင့်တွဲကာ ဖော်ပြရမည်။

သတင်းစာပိုဒ်များသည် တိုတိုနှင့် ရှင်းလင်းရမည်။ စိတ်ကူးတစ်ခု စာတစ်ကြောင်းနှင့် စာတစ်ပိုဒ် ဖြစ်ရမည်။ သတင်း ဆောင်းပါးများသည် သတင်းရင်းမြစ်များကို ရည်ညွှန်းကိုးကားပါက ၎င်းတို့ပြောသည့် အတိုင်း ဖော်ပြရမည်။ ကိုးကား ချက်များသည် သတင်းဆောင်းပါးကို ရှေ့သို့ ဦးတည်စေသည်။ သတင်းဆောင်းပါးတွင် သတင်းထောက်၏ ထင်မြင် ယူဆချက်ကို မထည့်သွင်းရ။

### ပင်မအရေးကြီး သတင်းဇာတ်လမ်းများ (Feature Stories)

ပင်မအရေးကြီး သတင်းဇာတ်လမ်းများသည် သမရိုးကျ သတင်းဇာတ်လမ်းများထက် ပိုမိုတင်ဆက်ရန် ရည်ရွယ်သည်။ ၎င်းတို့သည် သတင်းအချက်အလက်များကို ပေးသည်။ သို့သော် ၎င်းတို့သည် ပါဝင် ပတ်သက်နေသည့် လူပုဂ္ဂိုလ်များ ၏ ဇာတ်လမ်းများကိုလည်း ပြောပြသည်။ ပုံမှန်ပုံစံအားဖြင့် ပင်မအရေးကြီး ဇာတ်လမ်းများ၏ အစပိုင်း (သို့) ပထမ စာကြောင်းကို မြင်ကွင်းတစ်ခုဖြင့် တည်ဆောက်သင့်သည်။ သို့မဟုတ် နေရာ ဒေသတစ်ခုနှင့် ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြသင့်သည်။ သို့သော် မည်ကဲ့သို့သော ရေးသားချည်းကပ်နည်းကို အသုံးပြုသည်ဖြစ်စေ ပထမဆုံးစာကြောင်း (သို့) အစပိုင်း သည် စာဖတ်သူအား ကျန်ရှိသည့် အပိုင်းများကို ဆက်လက်ဖတ်ချင် ဆွဲဆောင်နိုင် ရမည်။ ၎င်းအပိုင်းသည် သတင်းဇာတ်လမ်း၏ ကျန်အပိုင်းများကို မျှော်လင့်ဖတ်ရှုချင် လာစေနိုင်သော အာရုံကို တည်ဆောက်သင့်သည်။ ပင်မအရေးကြီး သတင်းဇာတ်လမ်း တစ်ပုဒ် အနေနှင့်

- သတင်းဇာတ်လမ်းအတွက် မြင်ကွင်းအခြေအနေတစ်ခုကို တည် ဆောက်ပြရမည်။ လူများနှင့် နေရာများကို ရုပ်လုံးကြွစေရန် ဆွဲခေါ် ဖော်ပြရမည်။ ပုံဖော်မှုကောင်းသည် စာဖတ်သူများ၏ အာရုံတွင် အရုပ် ထင် မြင်ယောင် နိုင်စေသည်။
- ကိုးကားမှုကောင်းကောင်းများသည် ပင်မသတင်းဇာတ်လမ်းများအတွက် မရှိမဖြစ်လိုအပ်သည်။ ပုံမှန်အားဖြင့် ပင်မသတင်းဇာတ်လမ်းတစ်ခုသည် အရောင်အသွေးစုံသော စိတ်ဝင်စားဖွယ်ရာ ကိုးကားချက်များ ပါဝင်သင့် သည်။ ကျန်အားလုံးကို မိမိကိုယ်ပိုင် အရေးအသားဖြင့် ပြန်လည်ရေး သားရမည်။
- ကိုယ်တွေ့ဇာတ်လမ်းများ(Anecdotes)သည် ပင်မဇာတ်လမ်းအတွင်းရှိ ဇာတ်လမ်းတိုများဖြစ်သည်။ ၎င်းတို့သည် အဓိကအချက်အလက်များကို ဖော်ညွှန်းပြသရာတွင် မယုံကြည်နိုင်လောက်အောင် ထိရောက်နိုင် သလို လူများဖြင့် ဖြစ်ရပ်များအား ရုပ်လုံးကြွ အသက်ဝင်စေနိုင်သည်။

၎င်းတို့ကို ပင်မဇာတ်လမ်း၏ အစပိုင်းကို တည်ဆောက်ရေးသား ရာတွင်လည်း သုံးလေ့ရှိသည်။

- နောက်ခံသတင်းအချက်အလက်များသည်လည်း အရေးကြီးလှသည်။ သင့်အနေနှင့် ခိုင်မာသော သတင်း အချက်အလက် (သို့) သက်သေ အထောက်အထား မရှိပါက သေချာစွာရေးသားထားသော ပုံဖော်ခြင်း များနှင့် စုံလင်လှသော ကိုးကားချက်များမှာ ပြည့်စုံလုံလောက်မည် မဟုတ်ပါ။ အချက်အလက်များကို ရှင်းလင်းစွာနှင့် ရှုပ်ထွေး ယိမ်းယိုင် ခြင်းမရှိစွာ အသုံးချကာ သင်၏ ဆိုလိုရင်းကိုပြောပါ။

## ပင်မသတင်းများ (News Features)

ပင်မသတင်းတစ်ပုဒ်သည် လက်ရှိဖြစ်ပျက်နေသော အဖြစ်အပျက်တစ်ခု (သို့) အခြေ အနေတစ်ရပ်နှင့် ဆက်စပ်နေသော ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပြီး စာဖတ်သူများ စိတ်ဝင် စားနေသော အကြောင်းအရာဖြစ်သည်။ ၎င်းသည် ပင်မ ဇာတ်လမ်းရေးသားခြင်း နည်း လမ်းများနှင့် သမရိုးကျ သတင်းတင်ဆက်ခြင်း၏ အခြေခံများ ပေါင်းစည်းထားသော အရာဖြစ်သည်။ ယေဘုယျအားဖြင့်

- ပင်မသတင်းများသည် ကျယ်ပြန့်သော အထွေထွေသတင်း စာဖတ် ပရိသတ်သို့ ဦးတည်ရည်ရွယ်သည်။
- ဦးဆောင် အစပိုင်းသည် မေးခွန်းဆန်သော ခေါင်းစဉ် (သို့) ကိန်း ဂဏန်း အချက်အလက်များ ဖြစ်နိုင်ပြီး အရေးအကြီးဆုံး ဆိုလိုရင်းကို ထင်ဟပ်စေရမည်။
- စာဖတ်သူကို ပညာပေးနိုင်အောင် ကြိုးစားပါ။ စာဖတ်သူများ၏ နေ့စဉ် ဘဝတွင် ပြန်လည်အသုံးချနိုင်သော သတင်းများနှင့် သဲလွန်စ များကိုပေးပါ။ ကြော်ငြာများ သတင်းထုတ်ပြန်ချက်များကဲ့သို့ မဖြစ်စေ ရန် သတိထားပါ။

- ပင်မသတင်းတစ်ပုဒ်သည် အသေးစိတ် ခရေစေ့တွင်းကျ သရုပ်ခွဲ ဆန်းစစ်မှုများနှင့် အမျိုးမျိုးသော ပါဝင်ပတ်သက်နေသူများထံမှ ကျယ်ပြန့်၍ မတူကွဲပြားသော မှတ်ချက်များ ပါဝင်နိုင်သည်။ ၎င်းပုံစံကို အဆော တလျင် ရေးသားရသော သတင်းတိုများတွင် ရေးသား၍ မရပါ။

- စာဖတ်သူများအား (၁)မည်သည့်နေရာတွင် နောက်ထပ်သတင်းများ ရနိုင်သည်ကို ပြောပြခြင်းဖြင့်၎င်း (၂) အဓိကမေးခွန်းများသို့ ပြန်လှည့် နိုင်ခြင်းဖြင့်၎င်း (၃) သတင်း၏ အထွဋ်အထိပ်ကို ဖော်ပြခြင်း (သို့) အချို့ သောကိစ္စများတွင် အဓိကမေးခွန်းများကို မေးခြင်းဖြင့်လည်းကောင်း သတင်းကို အဆုံးသတ်နိုင်သည်။

## ထင်မြင်ယူဆချက် အာဘော်များ (Opinion pieces)

ထင်မြင်ယူဆချက်/အယ်ဒီတာ့အာဘော်၏ သဘောသဘာဝသည် ဆွေးနွေးငြင်းခုံစရာ တစ်ခုကို ကိုယ်စားပြုရန် လိုအပ်သည်။ တစ်စုံတစ်ရာ ဟုတ်/မဟုတ်၊ ထိုက်တန်/ မထိုက်တန်၊ တစ်ဦးတစ်ယောက်သည် တစ်စုံတစ်ခုကို လုပ်ရန် သင့်တော်/မသင့်တော် စသည်တို့ ဖြစ်ပါသည်။ သင့်အနေနှင့် အာဘော်သည် အဖြစ်အပျက်တစ်ခု၏ ရလာဒ်ကို ကြိုတင်ခန့်မှန်းနိုင်သည်။ အဖြစ်အပျက်တစ်ခုပေါ်တွင် နိုင်ငံရေးသမားတစ်ဦးက အရေး ယူဆောင်ရွက်/မဆောင်ရွက်ပါက မည်သည်တို့ ဖြစ်လာမည် (သို့) မည်သူက ရွေး ကောက်ပွဲတွင် အနိုင်ရမည် အဘယ်ကြောင့် ဖြစ်ရမည်တို့ ဖြစ်ပါသည်။ ယေဘုယျ အားဖြင့်

- ထင်မြင်ယူဆချက် အာဘော်တစ်ခုသည် အဓိကစိတ်ကူး/ထင်မြင်ချက်/ သီအိုရီတစ်ခုရှိရမည်။ ဤစာကြောင်းသည် သင့်အနေနှင့် ငြင်းခုံ ဆွေးနွေးစရာ ဆိုလိုရင်း တစ်ခုရှိ မရှိကို ဆိုလိုသည်။ သိပြီးဖြစ်သော အကြောင်းအရာတစ်ခုကို ငြင်းခုံဆွေးနွေးခြင်း မပြုရ။

- စံအရ ထင်မြင်ယူဆချက်/အယ်ဒီတာ့ အာဘော်တစ်ခုသည် အလွန် မရှည်လျားရပါ။ ထို့ကြောင့် သင်၏ ဆိုလိုရင်းကို ထိရောက် ကျစ်လစ် အောင်ပြုလုပ်ရမည်။
- လတ်တလော ဖြစ်ပေါ်နေသော ကိစ္စရပ်များကိုသာ ရေးသားပါ။ အချိန်ကိုက် ဖြစ်မှုသည် အရေးကြီးသည်။
- တိုတုတ်၍ တွန်းအားပေးနိုင်သော မိတ်ဆက်စာကြောင်းကို တည် ဆောက်ရန် ကြိုးစားပါ။ ၎င်းစာကြောင်းသည် တစ်ပုဒ်လုံး၏ စိတ်ကူး စိတ်သန်းကို ခြုံငုံတောက်ပစေပြီး ဖတ်ရှုသူအား လှုံ့ဆော် အား ပေးနိုင်ရမည်။
- သင်၏ ထင်မြင်ချက်ကို ထောက်ပံ့အားကောင်းစေရန် သက်သေ အထောက်အထားများပေးပါ။ ဖြစ်နိုင်ပါက သင့်တော်သလို လူသိနည်း နေသော အချက်အလက်များကို ဆက်စပ်ဖြည့်တင်းပေးပါ။
- ခိုင်မာအားကောင်းသော ထင်မြင်ယူဆချက်ဖြစ်ရန် စိုးရိမ်ခြင်းမရှိပါနှင့် တစ်ပိုဒ်လုံးအလိုက် သင်၏ ကိုယ်ရည် ကိုယ်သွေး အစွမ်းအစကို ပြသပါ။
- ခိုင်မာသော ခြုံငုံနားလည်စေသော အဆုံးသတ်စာကြောင်း (သို့) စာပိုဒ်ကို ရေးသားပါ။

**သတိပြုရန်** - ဤသည်တို့မှ စာနယ်ဇင်းပညာ တင်ဆက်ပုံအမျိုးမျိုးအတွက် အခြေခံကျ သော လမ်းညွှန်ချက်များ ဖြစ်သည်။ သင်တန်းပို့ချသူများသည် ဆွေးနွေးမှုများ ပြုလုပ်ကာ ဆိုလိုရင်း အကြောင်းများကို ရှင်းပြပြောဆိုရမည်။

## နောက်ဆက်တွဲ (၄) စာနယ်ဇင်းကျင့်ဝတ် စည်းမျဉ်းများ ကြေညာချက်

ဤစာစုသည် IFJ ၏ စာနယ်ဇင်းသမားများအတွက် သတင်းစုဆောင်းခြင်း လွှင့်ထုတ်ခြင်း ဖြန့်ဝေခြင်းနှင့် ထင်မြင်ချက်ပေးခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် သက်မွေး အဆင့် စံနှုန်းများ ချမှတ်ပေးထားသည်။ အခြားအဖွဲ့အစည်း များသည်လည်း ၎င်းတို့ ကိုယ်ပိုင်ကျင့်ဝတ်များ ချမှတ်နိုင်သည်။

အမှန်တရားကိုလေးစားပါ။ စာနယ်ဇင်းသမားများအဖို့ ပြည်သူလူထုအတွက် အမှန်တရား နှင့် ထိတွေ့ဆက်စပ်နိုင်ခြင်း အခွင့်အရေးသည် ပထမဆုံးတာဝန် ဖြစ်သည်။

ဤတာဝန်ကို ထမ်းဆောင်ရာတွင် သတင်းသမားသည် ရိုးဖြောင့်သော သတင်းစု ဆောင်းမှု၊ ဖြန့်ဝေမှုနှင့် မျှတသော ထင်မြင်ဝေဖန်ချက် အခွင့်အရေးများမှလည်းကောင်း လွတ်လပ်မှု စည်းမျဉ်းများကို ကာကွယ်ရမည်။

စာနယ်ဇင်းသမားသည် မိမိကိုယ်တိုင် သိသော သတင်းအရင်းအမြစ်မှ ရရှိလာသော သတင်းအချက်အလက်အတိုင်း ရေးသား တင်ဆက်ရမည်။ မရှိမဖြစ် သတင်းအချက် အလက်များကို ဖိနှိပ်ဖယ်ရှားခြင်း စာရွက်စာတမ်းများကို မှားယွင်း အသုံးမပြုရ။

စာနယ်ဇင်းသမားသည် သတင်းများ ဓာတ်ပုံများ စာရွက်စာတမ်းများကို မျှတသန့်ရှင်း သော နည်းလမ်းများဖြင့် ရယူ ရမည်။

စာနယ်ဇင်းသမားသည် ပုံနှိပ်ဖော်ပြပြီး သတင်းတစ်ရပ်သည် အန္တရာယ်ကျရောက်နိုင် အောင် မတိကျကြောင်း တွေ့ရှိပါက မှန်ကန်အောင် ပြင်ဆင်ရန် အပြင်းအထန် လုပ်ဆောင်ရမည်။

စာနယ်ဇင်းသမားသည် ယုံကြည်နားလည်မှုကြောင့် ရရှိလာသော သတင်းအရင်း အမြစ်နှင့် ပတ်သက်သော လျှို့ဝှက်မှုကို သက်မွေးအဆင့်နှင့် ညီမျှစွာ ထိန်းသိမ်းစောင့် ရှောက်ရမည်။

စာနယ်ဇင်းသမားသည် မီဒီယာကြောင့် ခွဲခြားဆက်ဆံရေးသား ဖော်ပြမိခြင်း၏ အန္တရာယ်ကို သတိထားရမည်။ လူမျိုး၊ လိင်၊ လိင်ဆိုင်ရာဦးတည်ခြင်း၊ ဘာသာစကား၊ ဘာသာရေး၊ နိုင်ငံရေး (သို့) အခြားထင်မြင်ယူဆချက်များနှင့် အမျိုးသားရေးနှင့် လူမှုရေးအရင်းအမြစ် စသည်တို့ကို အခြေခံကာ ခွဲခြားရေးသားဖော်ပြခြင်းကို အစွမ်းကုန် ရှောင်ကြဉ် ရမည်။

စာနယ်ဇင်းသမားသည် အောက်ပါတို့ကို သက်မွေးအဆင့်ရှိသူ တစ်ဦးက ကြီးမားသော မှားယွင်းကျူးလွန်မှုများ အဖြစ် သတ်မှတ်သည်။ ၎င်းတို့မှာ တစ်လုံးမကျန် ပုံတူကူးချခြင်း၊ အခြားတစ်ဦးကို နာကျင်ခံစားစေရန် မှားယွင်း အဓိပ္ပာယ်ဖွင့်ဆိုပေးခြင်း၊ အသရေ

ဖျက်ခြင်း၊ အခြားသူတစ်ဦး ဂုဏ်သိက္ခာကျဆင်း ပျက်စီးအောင် မှားယွင်း ပြောဆို ရေးသားခြင်း၊ အခြေအမြစ်မရှိ စွပ်စွဲခြင်း၊ ထုတ်ဝေခြင်း ဖိနှိပ်ရန် စဉ်းစားခြင်းနှင့် ဖိနှိပ်ခြင်းတို့အတွက် မည်သည့် ပုံစံမျိုး ဖြစ်စေ လာဘ်ပေးမှုကို လက်ခံခြင်းတို့ ဖြစ်သည်။

ဂုဏ်သတင်းနှင့် ထိုက်တန်သော စာနယ်ဇင်းသမားများသည် အထက်ပါဖော်ပြခဲ့သော စည်းမျဉ်းများကို သစ္စာရှိစွာ လိုက်နာရပါမည်။ နိုင်ငံတစ်ခုစီတိုင်းရှိ ယေဘုယျ ဥပဒေ ဘောင်အတွင်း၌ စာနယ်ဇင်းသမားများသည် မိမိရဲဘော် ရဲဘက် လုပ်ဖော်ကိုင်ဖက်များ၏ သက်မွေးအဆင့်ရှိ ကိစ္စရပ်များကို အသိအမှတ်ပြုရမည်။ အစိုးရများနှင့် အခြားသူများ၏ ပါဝင်စွက်ဖက်မှုများကို ဖယ်ထုတ်ပြီး အဝင်မခံရပါ။

## Additional Reference List

### Electronic

Democratic Voice of Burma: www.dvb.no

Human Rights Watch: http://www.hrw.org/burma

The Irrawaddy: www.irrawaddy.org

Mizzima: www.mizzima.com

Reporters Without Borders: http://en.rsf.org/burma.html

The World Factbook: https://www.cia.gov/library/publications/the-world-factbook/geos/bm.html

### Text


Michael W. Charney, 2009. *A History of Modern Burma*, Cambridge University Press

Chester A. Crocker, Fen Osler Hampson, Pamela Aall (Eds.), 2001. *Turbulent Peace: The Challenges of Managing International Conflict*, United States Institute of Peace

Bertil Lintner, 2000. *Burma in Revolt: Opium and Insurgency since 1948*, Silkworm Books

Hugh Miall, Oliver Ramsbotham and Tom Woodhouse, 1999. *Contemporary Conflict Resolution: The prevention, management and transformation of deadly conflicts*, Polity Publishers

Martin Smith, 1999. Burma: *Insurgency and the Politics of Ethnicity*, Zed Books

Ashley South, 2008. *Ethnic Politics in Burma: States of Conflict*, Routledge

David Steinberg, 2009. *Burma/Myanmar: What Everyone Needs to Know*, Oxford University Press